# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ်(၀၅၃)


# (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်း

## မိမိတို့၏ ဆွေးနွေးချက်များသည် အေဆမ်၏ အနာဂတ်လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုမှာဖြစ်ပြီး အပြန်အလှန်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ အီးယူနိုင်ငံများ၏ ကိုယ်စားလှယ် အက်စ်တိုးနီးယား နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာ့ဗ်မက်ဆာနှင့် စပိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုင်ဒယ်ဖွန်ဆိုကက်စထရိုတို့ (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၁**

(၁၃)ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ အစည်းအဝေးအပြီးတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ သန္တာခန်းမ၌ ပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အရေးပါသောကိစ္စများကို ဆွေးနွေးနိုင်ခဲ့ကြပါကြောင်း၊ မိမိ၏ ညာဘက်ဘေးတွင် ဘရပ်ဆဲလ်မြို့တွင် ကျင်းပမည့် (၁၂)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးကို ကိုယ်စားပြုမည့် အီးယူနိုင်ငံများ၏ ကိုယ်စားလှယ် အက်စ်တိုးနီးယား နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာ့ဗ်မက်ဆာဖြစ်ပြီး မိမိ၏ ဘယ်ဘက်တွင် စပိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုင်ဒယ်ဖွန် ဆိုကက်စထရို ဖြစ်ပါကြောင်း။


စာမျက်နှာ ၄ ကော်လံ ၁ ✤


❒ **နေရပ်စွန့်ခွာ ထွက်ပြေးသွားသူများအား ဥပဒေနှင့်အညီ ပြန်လည်လက်ခံရေးနှင့် ပတ်သက်သည့် MoU လက်မှတ်ရေးထိုးရန်ရှိ**

❒ **ရခိုင်ဒေသ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားမည်**


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by FinanceAsia 2017

မြန်မာ့အလင်း

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အေဆမ်ဆိုင်ရာ အမြင်အတွေးများ

(၁၃) ကြိမ်မြောက် အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။ မျက်မှောက်ပစ္စုပ္ပန်ကမ္ဘာကြီး၏ အခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ကမ္ဘာပေါ်တွင် ဖြစ်ပွားသည့် ပဋိပက္ခများသည် ခြိမ်းခြောက်မှုသစ်များဖြစ်ပေါ်စေခဲ့ပြီး ယင်းတို့မှာ တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှု ပျံ့နှံ့လာခြင်း၊ လူမှုရေးသဟဇာတမဖြစ်မှုနှင့် နျူကလီးယားစစ်ပွဲအန္တရာယ်များဖြစ်ပါကြောင်း၊ ပဋိပက္ခများသည် လူ့အသိုင်းအဝန်းများအတွင်း ငြိမ်းချမ်းရေးပျက်ပြားစေပြီး အကျိုးဆက်အားဖြင့် ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးမှုနောက်ကျစေမှုတို့ကို ဖြစ်ပေါ်စေသည့်အပြင် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဝေးကွာစေခဲ့ပါကြောင်း"ဟု ထောက်ပြပြောဆိုသကဲ့သို့ သဘာဝဘေးအန္တရာယ်တို့၏ စိန်ခေါ်မှုများကိုလည်း လေးလေးနက်နက် သုံးသပ်တင်ပြခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "မူဝါဒချမှတ်သူများအနေဖြင့် တစ်ဦး၏ အကျပ်အတည်း အခက်အခဲများကို တစ်ဦးက နားလည်သဘောပေါက်အောင် ဖော်ဆောင်ပေးနိုင်မည်ဆိုပါက ကမ္ဘာကြီး၏ ပြဿနာများကိုင်တွယ်ဖြေရှင်းရာတွင် ပိုမိုလွယ်ကူထိရောက်နိုင်မည်ဟု မိမိယုံကြည်ပါကြောင်း၊ အပြန်အလှန်နားလည်မှုရှိခြင်းဖြင့်သာ ခိုင်မာသည့် မိတ်ဖက်သံယောဇဉ်များ ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း" ဟု ပြောကြားလျက် ကမ္ဘာ့ပြဿနာအနန္တအားကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကိုင်စွဲသင့်သည့် အခြေခံချဉ်းကပ်ပုံကို တင်ပြခဲ့ပါသည်။ "ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် ဆောင်ရွက်ကြပါစို့"ဟူသော (၁၃) ကြိမ်မြောက် အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ဆောင်ပုဒ်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကမ္ဘာ့ပြဿနာတို့အပေါ် ချဉ်းကပ်ပုံသဘောထားအား ထင်ဟပ်နေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

အတူတကွ ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်လေးစားရေးဟူသော မူဝါဒတို့အပေါ် အခြေခံသည် အစိုးရအချင်းချင်းကြား ဆက်ဆံရေးအပါအဝင် ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းနှင့် ပြည်သူအချင်းချင်းကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြှင့်တင်ရမည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခံယူချက်သည် ကမ္ဘာ့လူ့အဖွဲ့အစည်းတို့အကြား ပြီးပြည့်စုံသော စာနာ နားလည်မှုဖြစ်မြောက်ရေးကို တွန်းအားပေးမြှင့်တင်ပေးနေသည်ဟု ခံယူပါသည်။ အထက်တွင် တင်ပြထားသည့် အခြေခံသဘောထားတို့ကို ထင်ဟပ်လျက် (၁၃) ကြိမ်မြောက် အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးမည့် မျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကို ကျင်းပမည်ဖြစ်သကဲ့သို့ တတိယမြောက် ဆယ်စုနှစ်အတွက် အေဆမ်၏ စွမ်းဆောင်ရည်နှင့်ချိတ်ဆက်မှုတို့အား မြှင့်တင်နိုင်မည့် နည်းလမ်းများ ရှာဖွေမည့် မျက်နှာစုံညီအစည်းအဝေးကိုလည်း ကျင်းပမည်ဖြစ်ပါသည်။ နိုင်ငံတကာနှင့် ဒေသတွင်းအရေးကိစ္စတို့အပေါ် အလွတ်သဘော လွတ်လွတ်လပ်လပ် ဆွေးနွေးကြသည့် အေဆမ်၏ ယန္တရားက အာရှနှင့်ဥရောပရှိ မူဝါဒရေးဆွဲသူတို့အတွက် အထူးအခွင့်အလမ်းတစ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးသည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထောက်ပြချက်သည် အေဆမ်၏ အနှစ်သာရကို လှစ်ဟဖော်ပြခြင်းဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ဆင်းရဲနွမ်းပါးသည့် အဘိုး၊ အဘွားများကို ရှာဖွေ၍ ထောက်ပံ့

**ပေါင်းတည် နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ရွှေတည်မြေမှ ကမ်းလက်များအဖွဲ့က ဆင်းရဲနွမ်းပါးသည့် အဘိုး၊ အဘွားလေးဦးကို ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ပရဟိတအဖွဲ့ဝင်များ၏ လစဉ်ရရှိသည့် လှူဒါန်းငွေအပြင် သီးခြားအလှူရှင်များထံမှ ရရှိသည့် အလှူငွေများဖြင့် တစ်လ တစ်ကြိမ် မြို့နယ်အတွင်းနှင့် ကျေးရွာများရှိ ဆင်းရဲနွမ်းပါးသည့် အဘိုး၊ အဘွားများကို ဒေသခံတာဝန်ရှိသူများနှင့် ရှာဖွေစိစစ်၍ ရွေးချယ်ပြီး ဦးဆောင် ဆရာတော် စန္ဒရံသီနှင့် အဖွဲ့ဝင်များက ပေါင်းတည်မြို့ ၂၃ လမ်းနှင့် တာပွန်လမ်းရှိ အဘိုးနှစ်ဦး၊ အရှေ့လမ်းနှင့် စည်ပင်ဝင်းနေ အဘွားနှစ်ဦးတို့ကို နိုဝင်ဘာ ၁၉ ရက်က တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများကို အဘိုး၊ အဘွားများ နေထိုင်ရာ အိမ်များသို့ သွားရောက်ပြီး လက်ဝယ်အရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**



## ခါကာဘိုရာဇီတောင်တက်ရန် တောင်တက်သမားများလေ့ကျင့်

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာတောင်တက်သမားသုံးဦးသည် ၂၀၁၈ ခုနှစ်အတွင်း ခါကာဘိုရာဇီတောင်သို့ တက်ရောက်မည်ဖြစ်၍ အဆိုပါတောင်သို့ မတက်ရောက်မီ နီပေါနိုင်ငံရှိ အမြင့် ၆၈၁၂ မီတာရှိသော Ama Dablam တောင်တွင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိရာ Ama Dablam တောင်တက်ခရီးစဉ်၏ Camp -2 သို့ နိုဝင်ဘာ ၂၀ ရက်က ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အမြင့်ဆုံး ရေခဲတောင်ဖြစ်သော ခါကာဘိုရာဇီနှင့် အမြင့်ပေချင်း နီးစပ်တူညီမှုရှိသည့်အပြင် မတ်စောက်မှုအရလည်း အနီးစပ်ဆုံးတူညီသော အဆိုပါ Ama Dablam တောင်၏ BaseCamp သို့ မြန်မာတောင်တက်အဖွဲ့သည် နိုဝင်ဘာ ၁၉ ရက်တွင် Camp-1 သို့ တက်ရောက်ခဲ့သည်။

၎င်းတို့သည် နိုဝင်ဘာ ၂၁ ရက်တွင် Camp-2 မှတစ်ဆင့် တောင်ထိပ်သို့ တက်ရောက်မည်ဖြစ်ပြီး ယင်းနေ့တွင်ပင် တောင်ထိပ်မှ Camp-2 အထိ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။ နိုဝင်ဘာ ၂၂ ရက်တွင် Camp-2 မှ Base Camp သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

ခါကာဘိုရာဇီတောင်အား တက်ရောက်ကြမည့် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှ တောင်တက်သမားသုံးဦး ဖြစ်သော ကိုပြည့်ဖြိုးအောင်၊ ကိုအောင်ခိုင်မြင့်နှင့် ကိုဇော်ဇင်ခိုင်တို့သည် နီပေါနိုင်ငံရှိ အမြင့် ၆၈၁၂ မီတာရှိသော Ama Da-blam တောင်တက်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ အောက်တိုဘာ ၂၃ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ တောင်တက်သမား ကိုပြည့်ဖြိုးအောင်၊ ကိုအောင်ခိုင်မြင့်နှင့် ကိုဇော်ဇင်ခိုင်တို့ သုံးဦးသည် ၂၀၁၈ ခုနှစ် သြဂုတ်လ ပထမပတ်အတွင်း ခါကာဘိုရာဇီတောင်ကို တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - Htoo Foundation**

**ထင်သာမြင်သာ ပြုပြင်စရာ**

## မလှိုင်မြို့ မြို့လယ်ကောင် ပြည်သူ့ဆေးရုံအရှေ့ဘက်ရှိ ကားလမ်းကို ပြုပြင်ပေးစေလို



မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ရှိ နယ်မြေ (၃) ရပ်ကွက်သို့သွားရာ ကားလမ်းမှာ လမ်းဧရိယာကျဉ်းမြောင်းခြင်း၊ လမ်းများမြင်မကောင်းအောင် ချိုင့်များဖြင့် ပေါက်ပြဲနေခြင်းကြောင့် ယင်းလမ်းကို အသုံးပြုနေကြသော ပြည်သူများမှာ အဆင်မပြေမှုများ ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် မလှိုင်မြို့ မြို့လယ်ကောင်လေးတိုင်စင်ဟုခေါ်သော လမ်းဆုံမှ ၃ ရပ်ကွက်သို့ သွားရာလမ်းဖြစ်ပြီး မြို့နယ်ပြည်သူ့ဆေးရုံအရှေ့ဘက်မှ ဆည်တိုရွာ၊ ကျောက်တန်းရွာ၊ မလှိုင်ဝါကြိတ်စက်ရုံ၊ အမှတ်(၇)အထည်ချုပ်စက်ရုံနှင့် နွားပွဲဈေးတို့သို့ ဆက်သွယ်သွားလာနိုင်သည့်အပြင် နိစ္စဓူဝ ကျောင်းသားကျောင်းသူများ၊ ရဟန်းရှင် လူပြည်သူများအသုံးပြုနေသော လမ်းလည်းဖြစ်သည်။

ထိုသို့ မလှိုင်မြို့၏ အဓိကကျသောလမ်းမှာ ကျဉ်းမြောင်းပျက်စီးနေသောကြောင့် ပြုပြင်ပေးရန် ဒေသခံပြည်သူများနှင့် လမ်းအသုံးပြုသူများက မျှော်လင့်နေကြကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၁-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၅၅/၇၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၀/၇၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၀၅/၈၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၀/၇၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၇ . ၀ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀ |
| တရုတ် | တစ်ယွမ် | ၂၀၆ . ၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၈ . ၅၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ - ဟန်ဂေရီ နှစ်နိုင်ငံ ဆက်ဆံရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေးဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၁**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Peter Szijjarto နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေးနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

**ဒုတိယသမ္မတ ဦးမြင့်ဆွေ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Peter Szijjarto အားတွေ့ဆုံစဉ်။** သတင်းစဉ်

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန အာရှ-ပစိဖိတ်ဌာန ညွှန်ကြားရေးမှူးအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၁**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှ-ပစိဖိတ်ဌာန ညွှန်ကြားရေးမှူး Mrs.Ina Lepel နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂နာရီတွင် အမျိုးသားလွှတ်တော် (J)ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၃)ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ



ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၃)ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စု အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ အရပ်သားကိုယ်စားလှယ်များ၊ JMC-S နှင့် JMC-L တို့မှ ကော်မတီဝင်များ၊ နည်းပညာ အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ထုံးလုပ်နည်း (SOP) များအား ဆွေးနွေးအတည်ပြုခြင်း၊ အထွေထွေဆွေးနွေးမှုများအဖြစ် JMC-L (လင်းခေး)တွင် အဖွဲ့ဝင်တစ်ဦးစီ တိုးမြှင့်ရေးတင်ပြခြင်း၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွက် ရန်ပုံငွေထောက်ပံ့သည့် အလှူရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ပြီး ယင်းအဖွဲ့တစ်ဖွဲ့ချင်းစီအတွက် အားနည်းချက်၊ အားသာချက်များတင်ပြခြင်း၊ TSC ဝန်ထမ်းများအတွက် လုပ်ငန်းခွင်စည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း၊ JMC- TSC ဌာနအလိုက် လုပ်ငန်းတာဝန်များနှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများတင်ပြခြင်း၊ ပြည်သူလူထု တွေ့ဆုံပွဲများအား JMC ရုံးစိုက်ရာ မြို့များတွင် ကျင်းပရန်တင်ပြခြင်း၊ မိုင်းရှင်းလင်းရေး ကိစ္စရပ်တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ကျင်းပလျက်ရှိပြီး ဆွေးနွေးတင်ပြရန်ကျန်ရှိသော အချက်များကို အစည်းအဝေး တတိယနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံး ဖွင့်ပွဲအခမ်းအနား ဟားခါး၌ ကျင်းပ

**ဟားခါး နိုဝင်ဘာ ၂၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရုံးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ခရိုင်စုပေါင်းရုံးဝင်းရှိ အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးတွင် ပထမဦးဆုံး ကုမ္ပဏီမှတ်ပုံတင်သည့် ပန်းဒေခွါကုမ္ပဏီလီမိတက်၊ ချင်းတို့ဌာနေ ကုမ္ပဏီလီမိတက်နှင့် ဒီအန်စီချင်းမိသားစု ကုမ္ပဏီလီမိတက်တို့အား ပြည်နယ်ဝန်ကြီးချုပ်က ကုမ္ပဏီမှတ်ပုံတင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကာ ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## အလိုအလျောက် မြေပြင်မိုးလေဝသ တိုင်းထွာရေးကိရိယာ တပ်ဆင်ခြင်း ပန္နက်တင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကိုရီးယားမိုးလေဝသဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်များအတွက် ခန့်မှန်းခြင်းနှင့် ကြိုတင်သတိပေးစနစ် ခေတ်မီဖွံ့ဖြိုးမှုအတွက် အကူအညီပေးရေးစီမံကိန်းပါ အလိုအလျောက် မြေပြင်မိုးလေဝသ တိုင်းထွာရေးကိရိယာတပ်ဆင်ခြင်း ပန္နက်တင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ပူးတွဲ) ဒေါက်တာ ကျော်မိုးဦးက အမှာစကားပြောကြားပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကိုရီးယားမိုးလေဝသဌာနတို့မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ကိရိယာတပ်ဆင်မည့်နေရာအား ပန္နက်တင်ခြင်း ဆောင်ရွက်ကြသည်။

ထို့နောက် ကိုရီးယားနိုင်ငံ NOAA SNC ကုမ္ပဏီမှ မစ္စတာ ရှင်းဆွန်းချောလ်က အလိုအလျောက် မြေပြင်မိုးလေဝသ တိုင်းထွာရေးကိရိယာအား မိတ်ဆက်သည်။

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်များအတွက်ခန့်မှန်းခြင်းနှင့် ကြိုတင်သတိပေးစနစ် ခေတ်မီဖွံ့ဖြိုးမှုအတွက် အကူအညီပေးရေး စီမံကိန်းအနေဖြင့် အဆိုပါ အလိုအလျောက် မြေပြင်မိုးလေဝသ တိုင်းထွာရေးကိရိယာ ၅၀ အား မြန်မာနိုင်ငံအတွင်းရှိ မြို့ပေါင်း ၅၀ တွင် ၂၀၁၇ ခုနှစ်မှစတင်၍ နှစ်နှစ်အတွင်း အပြီး တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## (၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲနှင့် (၁၂)ကြိမ်မြောက် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ စည်းဝေးမည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(Myantrade) သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး နိုင်ငံတကာ ကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲနှင့် (၁၂)ကြိမ်မြောက် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (Joint Border Trade Cooperating and Coordinating Committee – JBTCCC) အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့တွင် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ နေပြည်တော် ဖုန်း ၀၆၇-၄၃၀၄၄၆၊ ၄၃၀၄၄၇ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email: moctradefair @ gmail.com နှင့် မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်) ဖုန်း ၀၁-၂၅၄၀၂၄၊ E mail: itpic. moc@gmail.com တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




(၁၃)ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။ သတင်းစဉ်

✤ *ရှေ့ဖုံးမှ*

၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် (၁၄) ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကို စပိန်က အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အာရှနှင့် ဥရောပ ၅၁ နိုင်ငံမှ ကိုယ်စားလှယ် ၅၄ ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင် ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါကြောင်း၊ ဤအစည်းအဝေးကို ကျင်းပခွင့်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

**ဝက်ဘ်ဆိုက်မှတစ်ဆင့် လေ့လာနိုင်**

ယခုအစည်းအဝေးတွင် နှစ်နိုင်ငံအကြား အပြန်အလှန်ဆွေးနွေးမှု ၉၀ ကျော် လုပ်ဆောင်နိုင်ခဲ့ကြပါကြောင်း၊ (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်ထိ ကျင်းပခဲ့ပါကြောင်း၊ မိတ်ဖက် ၅၃ နိုင်ငံကြား သဘောတူညီချက်ရအောင် ညှိနှိုင်းယူရသည့်ကိစ္စသည် အလွန်ခက်ခဲပါကြောင်း၊ အပြီးသတ်ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ယမန်နေ့ညက ထုတ်ပြန်ခဲ့ပြီး ယခုအတည်ပြုခဲ့ပါကြောင်း၊ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်ကို အေဆမ်ဝက်ဘ်ဆိုက်မှတစ်ဆင့် အားလုံးလေ့လာနိုင်အောင် တင်ထားပေးမည်ဖြစ်ပါကြောင်း။

ဤအစည်းအဝေးမှ သိသာထင်ရှားသည့် တိုးတက်မှုများကို မိမိတို့ ရရှိခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့်နှစ် မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် အေဆမ်အစည်းအဝေးတွင် ချမှတ်ခဲ့သည့် မျက်မှောက် အေဆမ်ချိတ်ဆက်မှုကို မိမိတို့ ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

**မရှိမဖြစ် လိုအပ်**

အေဆမ်၏ ရည်မှန်းချက်နှင့်အညီ အေဆမ်မိတ်ဖက်နိုင်ငံများက အေဆမ်နိုင်ငံများအတွင်း ချိတ်ဆက်မှုအဓိပ္ပာယ်သတ်မှတ်ရေးဆိုင်ရာ သဘောတူညီချက်၊ လုပ်ငန်းနယ်ပယ်၊ လုပ်ငန်းသတ်မှတ်ကာလနှင့် အေဆမ်ချိတ်ဆက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ သဘောတူညီချက်ရရှိခဲ့ပါကြောင်း၊ အာရှနှင့် ဥရောပကြား ချိတ်ဆက်မှုမြှင့်တင်ပေးရန် ရည်ရွယ်ချက်အရ ချိတ်ဆက်မှု၏ အဓိပ္ပာယ်သတ်မှတ်ပေးရေးမှာ မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် ဆောင်ရွက်ကြပါစို့ဟူသည့် အစည်းအဝေး၏ဆောင်ပုဒ်နှင့်အညီ ဆွေးနွေးမှုများကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊

**အလေးထားဆွေးနွေးခဲ့**

တက်ရောက်လာသူများက ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေဆမ်၏ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုပတ်သက်သည့် ကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုနှင့် ပတ်သက်ပြီး နိုဝင်ဘာ ၂၀ ရက်က ကျင်းပသည့် မျက်နှာစုံညီ အစည်းအဝေးများတွင် အမြင်ချင်းဖလှယ်ခဲ့ကြပါကြောင်း၊ အဓိကဆွေးနွေးချက်များမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတွင်းအေးချမ်းတည်ငြိမ်မှု၊ အေဆမ်မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှု၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုများကို ကာကွယ်တိုက်ဖျက်မှု၊ မူးယစ်ဆေးဝါး၊ ရွှေ့ပြောင်းသွားလာမှု၊ တရားမဝင် ငါးခိုးဖမ်းမှု၊ လက်နက်ဖျက်သိမ်းမှု၊ နျူကလီးယားလက်နက်နှင့် လူအစုလိုက်အပြုံလိုက်သေစေသည့် လက်နက်များ မပြန့်ပွားရေး၊ ဆိုက်ဘာလုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အရည်အသွေးမြင့် အခြေခံအဆောက်အအုံများ တိုးချဲ့မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ မူဘောင်မှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း စသည့် ကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ပါကြောင်း။

ယနေ့ကျင်းပသည့် သီးသန့်ဆွေးနွေးပွဲတွင် ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များကို လက်တွေ့ကျကျနှင့် ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါကြောင်း။




(၁၃)ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။ သတင်းစဉ်

**အပြန်အလှန်အကျိုးကျေးဇူးများရရှိ**

မိမိတို့၏ ဆွေးနွေးချက်များသည် အေဆမ်၏ အနာဂတ်လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုမှာဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပြင် မိမိတို့၏ ပြည်သူများအတွက် အပြန်အလှန်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါကြောင်း။

**ကူညီပံ့ပိုးလိုသည့် ဆန္ဒရှိ**

ဘရပ်ဆဲလ်တွင် ကျင်းပမည့် အေဆမ်ထိပ်သီးအစည်းအဝေးနှင့် စပိန်တွင် ကျင်းပမည့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ထိုအစည်းအဝေးနှစ်ရပ်စလုံး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံက ကူညီပံ့ပိုးလိုသည့် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

**အောင်မြင်သည့်အစည်းအဝေးတစ်ခု**

ဥရောပသမဂ္ဂ၏ အထူးကိုယ်စားလှယ် အက်စ်တိုးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Sven Mikser က ဥရောပအဖွဲ့ကိုယ်စား ဤအစည်းအဝေးကို ကျင်းပသည့် မြန်မာနိုင်ငံကို အထူးကျေးဇူးတင်ရှိပါသည်ဟု ဦးစွာ ပြောကြားလိုပါကြောင်း၊ ဤအစည်းအဝေး၏ ရည်ရွယ်ချက်မှာ အာရှနှင့် ဥရောပနိုင်ငံများအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ဖြစ်ပါကြောင်း၊ အေဆမ်အဖွဲ့အစည်းသည် ကမ္ဘာ့ဂျီဒီပီ၏ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားရှိပြီး ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို လွှမ်းခြုံထားပါကြောင်း၊ ထိုပမာဏသည် ကမ္ဘာ့ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်းနှင့် ညီမျှပါကြောင်း၊ ယခု အစည်းအဝေးတွင် ကမ္ဘာလုံး ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့ အမြင်ချင်းဖလှယ်ခဲ့ကြပါကြောင်း၊ နှစ်ရက်အတွင်း လုံခြုံရေး၊ ကုန်သွယ်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအပြင် လုံခြုံရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကိုလည်း မိမိတို့ ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့အပြင် ကိုးရီးယားကျွန်းဆွယ်နှင့် ယူကရိန်း အကျပ်အတည်းကဲ့သို့သော ကိစ္စရပ်များနှင့် နျူကလီးယားလက်နက်များ မပြန့်ပွားရေးကိုလည်း ဆွေးနွေးခဲ့ကြပါကြောင်း၊ ရခိုင်ပြည်နယ်အရေး ကိုင်တွယ်ဖြေရှင်းရာတွင် မြန်မာအစိုးရအနေဖြင့် သင့်တော်လျောက်ပတ်သည့် နည်းလမ်းကို မိမိတို့ တိုက်တွန်းလိုပါကြောင်း၊ ယခုအစည်းအဝေးမှာ အလွန်အောင်မြင်သည့် အစည်းအဝေးတစ်ခုဟု ပြောကြားလိုပါကြောင်း ပြောကြားသည်။

**အခြေအနေကောင်းကို ရရှိလိုကြ**

(၁၄)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေး လက်ခံကျင်းပမည့် စပိန်နိုင်ငံမှ Secretary of State H.E. Mr.Ildefonso Castro က အေဆမ်အစည်းအဝေးများကို အာရှနှင့် ဥရောပအကြား ချိတ်ဆက်မှုမြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပါကြောင်း၊ အာရှနှင့် ဥရောပတိုက်နေ ပြည်သူများအကြား အချင်းချင်း ပိုမိုချိတ်ဆက်မှုရှိလာမည်ဟု ယုံကြည်ပါကြောင်း၊ ဘုံစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အမြင်ချင်းဖလှယ်ရန် မြန်မာနိုင်ငံ၌ ယခုအစည်းအဝေးကျင်းပရခြင်းဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကို မိမိတို့ လုပ်ဆောင်ရန်လိုပါကြောင်း၊ ပြည်သူများအနေဖြင့် ကောင်းမွန်သည့် အနာဂတ်နှင့် ပိုမိုလုံခြုံသည့် အခြေအနေကောင်းကို ရရှိလိုကြပါကြောင်း၊ လာမည့် ၂၀၁၉ ခုနှစ်မှာ အေဆမ်နိုင်ငံခြားရေး ဝန်ကြီးအစည်းအဝေးကို စပိန်နိုင်ငံက ကျင်းပမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း စပိန်နိုင်ငံသို့ ကမ္ဘာတစ်ဝန်းမှ ကမ္ဘာလှည့်ခရီးသွား ၇၆ သန်းကျော် လာရောက်လည်ပတ်ခဲ့ကြပါကြောင်း၊ ယခုနှစ်အတွင်း ၁၀ ရာခိုင်နှုန်း တိုးတက်လာမည်ဟု မျှော်မှန်းရပါကြောင်း၊ စပိန်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့ ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည့်အတွက် စပိန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားပါကြောင်း ပြောကြားသည်။

**နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုလို**

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယမန်နေ့က ကျင်းပသည့် အလွတ်သဘောအစည်းအဝေးတွင် ဥရောပနှင့် အာရှနိုင်ငံများမှ ကိုယ်စားလှယ်များက လက်ရှိ ရခိုင်ပြည်နယ်နှင့် ပတ်သက်သည့် ပြဿနာများကို ဆွေးနွေးခဲ့ကြပါကြောင်း၊ မစ္စတာ ကိုဖီအာနန်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရေးမှာ အမြင်ရှုထောင့်အမျိုးမျိုးရှိပြီး ရေရှည်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများစွာ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသွားသူများအား ဥပဒေနှင့်အညီ ပြန်လည်လက်ခံရေးနှင့် ပတ်သက်သည့် MoU လက်မှတ်ရေးထိုးရန် ရှိပါကြောင်း၊ ရခိုင်ဒေသ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီနှင့် ပတ်သက်သည့် ကိစ္စရပ်များမှာ ချက်ချင်းလုပ်ဆောင်၍ မရနိုင်သည့်အတွက် အချိန်အတိအကျကို မိမိတို့ မသိနိုင်ပါကြောင်း၊ သို့သော် တစ်ဆင့်ချင်းသွားပြီး အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ပြီး ထိုသို့ လုပ်ဆောင်နိုင်ရန်မှာ နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုလိုအပ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပြန်လည်ဖြေကြား**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သတင်းထောက်၏ မေးမြန်းချက်ကို ဆက်လက်ဖြေကြားရာတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများက မည်မျှအထိ နီးစပ်လာသည်ဆိုသည်ကို ဖြေရန်မှာ အလွန်ခက်ခဲပါကြောင်း၊ ထိုကိစ္စကို ဆွေးနွေးနေသည်မှာ တစ်လကျော် နှစ်လခန့်ရှိပြီ ဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး လက်ရှိအချိန်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသောကြောင့် ထိုကိစ္စကို တာဝန်ရှိသူများနှင့် မနက်ဖြန်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ရာ အမြန်ဆုံးသဘောတူညီမှုရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသူများ ပြန်လည်လက်ခံရာတွင် ယခင်က မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်အစိုးရတို့အကြား ရယူထားသည့် သဘောတူညီချက်များနှင့်အညီ စနစ်တကျ ပြန်လည်လက်ခံသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် လစ်သူယေးနီးယား၊ ဟန်ဂေရီ၊ ကမ္ဘောဒီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၂၁

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး(ASEM)သို့ တက်ရောက်လာသည့် ဟန်ဂေရီ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Peter Szijjarto အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ညှိုခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စ၊ ရခိုင်ပြည်နယ် အခြေအနေနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့် အလားအလာတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဟန်ဂေရီ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီး H.E. Mr. Peter Szijjarto တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ညနေ ၄ နာရီတွင် လစ်သူယေးနီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Darius Skusevicius အား လက်ခံတွေ့ဆုံပြီး မြန်မာ-လစ်သူယေးနီးယား နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စ၊ ရခိုင်ပြည်နယ် အခြေအနေနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့် အလားအလာတို့ကို ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

တွေ့ဆုံမှုအပြီးတွင် မြန်မာ-လစ်သူယေးနီးယား နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲ ကျင်းပပြုလုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် လစ်သူယေးနီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Darius Skusevicius တို့က လက်မှတ်ရေးထိုးကြသည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn အား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံမှုအပြီးတွင် Between the Ministry of Foreign Affairs of the Republic of the Union of Myanmar and the Ministry of Foreign Affairs and International Cooperation of the Kingdom of Cambodia on Political Consultations နားလည်မှု စာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Prak Sokhonn တို့က လက်မှတ်ရေးထိုးကြသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် လစ်သူယေးနီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **H.E. Mr. Darius Skusevicius** တို့ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး **H.E. Mr. Prak Sokhonn** တို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဟန်ဂေရီ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Peter Szijjarto** တို့ နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အေဆမ် မိတ်ဖက်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသည့် အေဆမ်မိတ်ဖက်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ လက်ခံတွေ့ဆုံသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Margot Elisabeth WallstrAm နှင့်အဖွဲ့အား နံနက် ၈ နာရီခွဲတွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံ Affairs Ministry of External Affairs မှ Minister of State for Foreign H.E. Mr. Vijay Kumar Singh နှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ လူဇင်ဘတ်နိုင်ငံ Ministry of Foreign and European Affairs မှ ဝန်ကြီး H.E. Mr. Jean Asselborn နှင့် အဖွဲ့အား မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း လက်ခံတွေ့ဆုံသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Ine Marie Eriksen Soreide နှင့် အဖွဲ့အား မွန်းလွဲ ၃ နာရီခွဲတွင် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ Federal Department of Foreign Affairs မှ State Secretary H.E. Mrs. Pascale Christine Baeriswy နှင့်အဖွဲ့အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Undersecretary of State, H.E. Mr. Marek Magierowski နှင့်အဖွဲ့အား ညနေ ၅ နာရီတွင် လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စ၊ ရခိုင်ပြည်နယ်အခြေအနေနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့် အလားအလာတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံ Affairs Ministry of External Affairs မှ Minister of State for Foreign H.E. Mr. Vijay Kumar Singh တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Margot Elisabeth WallstrAm တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အမေရိကန် အထက်လွှတ်တော်အမတ်နှင့်အဖွဲ့အားတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အမေရိကန်ပြည်ထောင်စုဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် Senator Jeff Merkley ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌တွေ့ဆုံ၍ ရခိုင်ပြည်နယ်အရေးကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ UEHRD ကော်မတီမှ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel၊ အမေရိကန်ကွန်ဂရက်နှင့် အမေရိကန်သံရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အမေရိကန်ပြည်ထောင်စုဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် Senator Jeff Merkley ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံစဉ်။** သတင်းစဉ်



# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် အေဆမ် မိတ်ဖက်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသည့် အေဆမ်မိတ်ဖက်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ သီးခြားစီ တွေ့ဆုံသည်။

ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ State Secretary for Foreign Policy, H.E. Mr. Jonas Bering Liisberg ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ လက်ဗီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန State Secretary, H.E. Mr. Andrejs PildegoviAs ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Lim Sung-nam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Igor V. Morgulov (ဓါတ်ပုံ) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဌာနဝန်ကြီး H.E. Mr. Peter Szijjarto အား မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သီးခြားစီတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် နယူးဇီလန်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်ဆွေးနွေးပွဲ ထူထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် နယူးဇီလန်နိုင်ငံ ပါလီမန်ဆိုင်ရာ နိုင်ငံခြားရေးဒုတိယဝန်ကြီး Mr. Fletcher Tabuteau အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(၁) ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နယူးဇီလန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန် သံအမတ်ကြီး မစ္စတာ စတီဗင်မာရှယ်တို့သည် မြန်မာနိုင်ငံနှင့် နယူးဇီလန်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်ဆွေးနွေးပွဲ ထူထောင်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)**

**သတင်းစဉ်**



# အာရှ-ဥရောပ ဖောင်ဒေးရှင်း ပညာရေးအစီအစဉ်များတွင် မြန်မာနိုင်ငံမှလူငယ်များ ပါဝင်လျှောက်ထားနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၁**

အာရှ-ဥရောပဖောင်ဒေးရှင်း(ASEF)၏ ပညာရေးအစီအစဉ်များတွင် မြန်မာနိုင်ငံမှ လူငယ်များ ပါဝင်လျှောက်ထားနိုင်ကြောင်း အာရှ-ဥရောပဖောင်ဒေးရှင်း ပညာရေးဌာနမှသိရပြီး အဆိုပါအစီအစဉ်များအတွက် မြန်မာနိုင်ငံမှ ကိုယ်စားပြုတစ်ဦးစီ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံက လူငယ်တွေအနေနဲ့ အာရှ-ဥရောပဖောင်ဒေးရှင်း ပညာရေးအစီအစဉ်တွေမှာ ပါဝင်လျှောက်ထားလို့ရပါတယ်၊ မိတ်ဖက်နိုင်ငံ ၅၁ နိုင်ငံကနေ ကိုယ်စားပြုတစ်ဦးစီ ရွေးချယ်လျက်ရှိပါတယ်၊ နေထိုင်သွားလာ စားသောက်ရေးအတွက် စီစဉ်ပေးမှာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံကနေလည်း ကိုယ်စားပြုတစ်ဦးကို ရွေးချယ်သွားမှာဖြစ်တဲ့အတွက် လျှောက်ထားနိုင်ပါတယ်၊ ဖောင်ဒေးရှင်းရဲ့ Facebook Page ဖြစ်တဲ့ ASEFEdu မှာ လျှောက်ထားနိုင်တဲ့ အစီအစဉ်တွေကို ဖော်ပြပေးလျက်ရှိပါတယ်”

“အာရှ-ဥရောပ ဖောင်ဒေးရှင်းနဲ့ မြန်မာနိုင်ငံက ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး လူငယ်အစီအစဉ်တစ်ခုအဖြစ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်ခင်မှာ 8th Model ASEM အစည်းအဝေးကို ပြုလုပ်ခဲ့ပါတယ်၊ ဒီအစည်းအဝေးကို အခြေခံပြီး အေဆမ်မိတ်ဖက်နိုင်ငံတွေရဲ့ ကိုယ်စားပြု လူငယ်ကျောင်းသားတွေ အေဆမ်လုပ်ငန်းစဉ်မှာ တစ်နည်းအားဖြင့် ပါဝင်စေခြင်းလည်း ဖြစ်ပါတယ်”ဟု အာရှ-ဥရောပဖောင်ဒေးရှင်း ပညာရေးဌာနမှ Ms.Nathalie Sajda က ပြောကြားသည်။



အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးတစ်ခုအဖြစ် အေဆမ်အဖွဲ့ဝင် ၅၁ နိုင်ငံမှ ကိုယ်စားပြု လူငယ် ၁၅၀ ကျော် ပါဝင်သည့် 8th Model ASEM ကို ပြီးခဲ့သည့်အပတ်အတွင်း ကျင်းပခဲ့ပြီး အဆိုပါလူငယ်များ၏ သဘောထားအမြင်များကို ကိုယ်စားပြုလူငယ်နှစ်ဦးက အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင်လည်း တင်ပြဆွေးနွေးခဲ့သည်။

**ရှင်မင်း၊ ဓာတ်ပုံ- ASEFEdu**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့်တွန်းဇံမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၄၇ လက်မ၊ မြိတ်မြို့တွင် ၀ ဒသမ ၄၃ လက်မနှင့် ဟိုင်းကြီးကျွန်းမြို့တွင် ၀ ဒသမ ၃၉လက်မတို့ ဖြစ်ကြသည်။**(မိုး/ဇလ)**

# အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးမူဘောင် သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့်စာရင်းအင်းဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှင်းလင်းတင်ပြရာတွင် မူဘောင်သဘောတူစာချုပ်၏ ရည်ရွယ်ချက်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မော်တော်ယာဉ်များဖြင့် နယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှု လွယ်ကူစေရန်နှင့် သဘောတူစာချုပ်တွင် ဖော်ပြထားသည့် မော်တော်ယာဉ်များဖြင့် ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးတို့အတွက် ပို့ဆောင်ရေးကဏ္ဍ၊ အခွန်ကဏ္ဍ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ရောဂါထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကဏ္ဍ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန်တို့ ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံမျှော်မှန်းချက် ရှိပါကြောင်း၊ ဟန်းနိုင်းလုပ်ငန်းစီမံကိန်း၊ ဗီယန်ရှင်း လုပ်ငန်းစီမံကိန်း၊ ဘရူနိုင်း

> “သတ်မှတ်ကာလအလိုက် လုပ်ငန်းများ လျာထားချက်နှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်မှ ဘတ်ဂျက် အတည်ပြုပြီးသည့်နောက် လိုအပ်သည့် ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ ကိစ္စရပ်များကို ဘဏ္ဍာငွေခွင့်ပြုချက်နှင့်အညီ ခန့်ထားဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရေး လုပ်ငန်းများကို တည်ဆဲညွှန်ကြားချက်များနှင့်အညီ ဘဏ္ဍာရေးနှစ်၏ ပထမ သုံးလပတ်အတွင်း ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက် ”



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

လုပ်ငန်းစီမံကိန်းတို့ ရှိပါကြောင်း၊ မူဘောင်သဘောတူစာချုပ်ကို ၂၀၁၉ တွင် အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း။

ထိုသို့ အကောင်အထည်ဖော်ရာတွင် အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ အာမခံ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသော ဌာနများပါဝင်ပါကြောင်း၊ အဆိုပါဌာနများ အဆင်သင့်ဖြစ်ပါက လက်ခံအတည်ပြုခြင်းကို ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ အကျိုးကျေးဇူးအနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အလွယ်တကူကူးသန်းသွားလာနိုင်ခြင်း၊ ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် အာဆီယံနိုင်ငံများ၏ ဒေသန္တရ ဗဟုသုတများ ရရှိခြင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒ ကော်မရှင်၏ ဒုတိယ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာ (၂၀၁၇ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလထိ) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဒုတိယ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာ (၂၀၁၇ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလထိ) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ သက်ဆိုင်ရာကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၆ - ၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေကို ဖြည့်ဆည်းနိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှငွေကျပ် ၅၅၃ ဒသမ ၅၄၃ ဘီလီယံကျော်လွှန် ချေးယူခဲ့ရမှုနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပြင်ဆင်သတ်မှတ်ခြင်းကို တင်ပြပြီး လွှတ်တော်၏ သဘောတူညီချက် ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၃/၂၀၁၇) အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ကျန်းမာရေးကဏ္ဍတွင် ဆရာဝန်၊ သူနာပြု ဦးရေ တိုးတက်ခန့်ထားမှုကို ကြိုဆိုသော်လည်း ပညာရေးကဏ္ဍတွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာတွင် ဆရာ၊ ဆရာမဦးရေ လျော့နည်းသွားသည်ကို တွေ့ရသည့်အတွက် မဖြစ်သင့်သည်ဟု ယူဆမိပါကြောင်း၊ သား၊ ငါးကဏ္ဍတွင် ရေထွက်ပစ္စည်းများ ပြည်ပသို့ မတင်ပို့မီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ စစ်ဆေးပေးလျက်ရှိခြင်းဟု ဖော်ပြထားသည်နှင့် ပတ်သက်၍ ပင်လယ်ငါးဖမ်း၊ တင်ပို့လုပ်ငန်းတွင် နိုင်ငံတကာနှင့် အာဆီယံဒေသတွင်းတွင် မလုပ်ရ၊ မဖောက်ဖျက်ရ၊ လိုက်နာရသည့် စည်းမျဉ်းများတွင် IUU ဆိုသည့် Illegal, Unreported and Unregulated ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေလုပ်ငန်းတွင် IUU နှင့် မညီညွတ်ခြင်းများစွာ ရှိနေသည်ကို အထူးသတိပြုစေချင်ပြီး ဂရုမပြုဘဲနေပါက တစ်ချိန်တွင် အိမ်နီးချင်း ထိုင်းနိုင်ငံကဲ့သို့ EU ၏ အရေးယူအပြစ်ပေးမှု ရောက်လာပါက ရေလုပ်ငန်းနှင့် ရေလုပ်သားများကို ကယ်ရာမရောက်ဘဲ အသူရာချောက်ထဲ ထိုးချသလိုဖြစ်နေမည်ကို ကြိုတင်သတိပေးခြင်း ဖြစ်ပါကြောင်း၊ မြန်မာ့ပင်လယ်ရေလုပ်ငန်းမှ ငွေအထုပ်ထမ်းနိုင်မည့် ကောင်းမွန်သောအဖြေကို ထုတ်ကြစေလိုကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုပါ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအပေါ် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ဆိပ်ကြီး၊ ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ - ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၄/၂၀၁၇)အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ဖြစ်သော ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ အသုံးစရိတ်များနှင့် ပတ်သက်၍ သတ်မှတ်ကာလများအတွင်း လျာထားချက်များအတိုင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိပါက နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ နောက်ကျခြင်း၊ လိုအပ်သော ဝန်ထမ်းများ ခန့်ထားနိုင်မှုမရှိပါက ဌာနတွင်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာနိုင်ခြင်း၊ နိုင်ငံတွင်း ငွေကြေးစီးဆင်းမှု ထိခိုက်နိုင်ခြင်း၊ ငွေလဲနှုန်းထားများ ပြောင်းလဲခြင်းကြောင့် မလိုလားအပ်သော အပိုကုန်ကျငွေများ ဖြစ်ပေါ်၍ နောက်ထပ်ဘဏ္ဍာရန်ပုံငွေများ ဖြည့်စွက်တောင်းခံရခြင်း၊ ဘဏ္ဍာရေး နှစ်ကုန်ကာလတွင် လုပ်ငန်းများ အဆောတလျင် တွန်းအားပေးဆောင်ရွက်ရခြင်းကြောင့် လုပ်ငန်းအရည်အသွေး ကျဆင်းစေခြင်း၊ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေများအား ဗဟိုဘဏ်မှ စုစည်းဖြည့်ဆည်းရခြင်းများကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူမှုသည် မူလခွင့်ပြုငွေထက် ကျော်လွန်မှုများ ဖြစ်ပေါ်စေနိုင်ခြင်းတို့ကြောင့် သတ်မှတ်ကာလအလိုက် လုပ်ငန်းများ လျာထားချက်နှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်မှ ဘတ်ဂျက်အတည်ပြုပြီးသည့်နောက် လိုအပ်သည့် ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ ကိစ္စရပ်များကို ဘဏ္ဍာငွေခွင့်ပြုချက်နှင့်အညီ ခန့်ထားဆောင်ရွက်ခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများအတွက် တင်ဒါခေါ်ယူရေး လုပ်ငန်းများကို တည်ဆဲညွှန်ကြားချက်များနှင့်အညီ ဘဏ္ဍာရေးနှစ်၏ ပထမ သုံးလပတ်အတွင်း ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပေါ် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း (ခေါ်) ဦးမောင်စိုး၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်းနှင့် မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

## ဒဂုံမြို့သစ်မြောက်ပိုင်း အမှတ် ၃၅ ရပ်ကွက် အုပ်ချုပ်ရေးမှူးရွေးချယ်ရေး ကြီးကြပ်ရေးအဖွဲ့ငါးဦး အများဆန္ဒဖြင့်ရွေးချယ်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ဒဂုံမြို့သစ်မြောက်ပိုင်း အမှတ် ၃၅ စံပြရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးကြီးကြပ်ရေးအဖွဲ့ ငါးဦး အများသဘောဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက သမိန်ဗရမ်းလမ်း ညီမူရာဓမ္မာရုံတွင် ကျင်းပရာ ရပ်ကွက်အိမ်ထောင်စုဖြင့် နေထိုင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် အခြေခံအဓိကျသည်ဖြစ်၍ လူတော်လူကောင်း ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ ငါးဦးကို အများသဘောကျ ပြည်သူ့ဆန္ဒနှင့်အညီရွေးချယ် တင်မြှောက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မိမိတို့ သဘောကျသူ တင်မြှောက်ကြရာ ငါးဦးထက် ခုနစ်ဦးရှိသဖြင့် အများဆန္ဒ လျှို့ဝှက်မဲပေးရွေးချယ်ရာ ဒေါ်ခိုင်ခိုင်မြင့်က ၈၉ မဲ၊ ဦးသန်းအောင်က ၃၉ မဲ၊ ဦးတင်ရှိန်က ၂၇ မဲ၊ ဦးကျော်လင်းက ၁၂ မဲ၊ ဦးညွန့်လှိုင်က ရှစ်မဲရရှိပြီး ကြီးကြပ်ရေးအဖွဲ့အဖြစ် ရွေးချယ်လိုက်သည်။

လာမည့် ဒီဇင်ဘာလတွင် တစ်ပြည်လုံး ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ရန် ပါလီမန်သက်တမ်းတစ်ခုတာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။

**စိန်ရွှေလှိုင်**

## ဝဲကြီးဆည်ရေသောက်စနစ် စိုက်ကေပြည့်မီစွာ ရေအမြန်ပေးဝေနိုင်ရေး လုပ်ငန်းခွင် ကွင်းဆင်းဆောင်ရွက်စစ်ဆေး

**ပေါင်းတည် နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် JICA ODALOAN စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ရေအမြန်ဆုံး ပေးဝေနိုင်ရေး ဆည်ရေသောက်ဧက ၄၀၄၂၉ ဧက ပြည့်မီစွာ ရေပေးဝေနိုင်ရေးအတွက် ယနေ့ နံနက် ၁၀ နာရီက ဝဲကြီးဆည် လက်ယာမြောင်းလုပ်ငန်းခွင်သို့ ဆည်/ရေ ရုံးချုပ်စစ်ဆေးရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်၊ ဒေါ်တိုးတိုးမော်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ယင်းသို့စစ်ဆေးရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့် ဆောင်ရွက်နေမှု၊ သက်ဆိုင်ရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းအဆင့်ဆင့်များနှင့် တွေ့ဆုံ၍ လုပ်ငန်းခွင် ကြီးကြပ်ဆောင်ရွက်နေမှု အရည်အသွေးထိန်းချုပ်ရေးအဖွဲ့၏ အရည်အသွေး စစ်ဆေးနေမှုများနှင့် လက်ရှိအချိန်ထိဆောင်ရွက်ပြီးစီးမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ မှတ်တမ်းတင်ခြင်း၊ ဖြည့်စွက်မှာကြားခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါ ဝဲကြီးဆည်လက်ဝဲမြောင်းမှ နွေစပါးစိုက်ပျိုးရန်အတွက် ဧက ၁၄၀၀၀ ကျော်အား ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# တရုတ်နိုင်ငံ ဟူပေပြည်နယ်ရှိ Three Gorges Dam တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၂၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် Gen. Li Zuocheng ၏ဖိတ်ကြားချက်အရ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ၊ ယိချန်းမြို့ရှိ Sanxia လေဆိပ်သို့ရောက်ရှိကြရာ ဟူပေပြည်နယ် စစ်ဒေသ၊ စစ်ဒေသမှူး Maj. Gen. Ma Tao နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် တင့်ဆန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဟူပေပြည်နယ် Sandouping မြို့ရှိ Three Gorges Dam သို့သွားရောက်ကြည့်ရှုလေ့လာသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Three Gorges Left Bank Power Station သို့ ရောက်ရှိကြပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု အခြေအနေများအား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဟူပေပြည်နယ် စစ်ဒေသ၊ စစ်ဒေသမှူး Maj. Gen. Ma Tao ကတည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဟူပေပြည်နယ် Sandouping မြို့ရှိ Three Gorges Dam သို့သွားရောက်ကြည့်ရှုလေ့လာစဉ်။**

သတင်းစဉ်

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းပေးမည့်အစီအစဉ်များ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် နယူးဇီလန်နိုင်ငံလွှတ်တော်မှ Undersecretary for Foreign Affairs , H.E.Mr. Fletcher Tabuteau နှင့် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E.Mr. Steve Marshall နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် နယူးဇီလန်နိုင်ငံမှ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများ၊ သုတေသနလုပ်ငန်းများ၊ မူဝါဒပိုင်းဆိုင်ရာ အကြံပေးခြင်းများ၊ ပြည်သူ့ရေးရာ အုပ်ချုပ်မှုနှင့် ပြည်သူ့ရေးရာမူဝါဒများအပေါ် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် သင်တန်းဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ ပညာသင်ဆု ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ရေးအတွက် သင်တန်းများပို့ချပေးမည့် အစီအစဉ်များ၊ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဖြစ်ပါတယ်၊ တရုတ်နဲ့ထိုင်းတို့ကတော့ ဒီအစည်းအဝေးကြီးကိုတစ်လှည့်စီပြုလုပ်နေရာမှ မြန်မာနိုင်ငံက ပထမဆုံးအကြိမ်အိမ်ရှင်အဖြစ်လက်ခံကျင်းပပေးခြင်းဖြစ်ပါတယ်၊ မဲခေါင်ဒေသတွင်း နိုင်ငံတွေအနေနဲ့ တိုင်းရင်းဆေးကို ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ကြမလဲဆိုတာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးကြပါတယ်၊ ပြပွဲမှာလည်းပြည်တွင်းက တိုင်းရင်းဆေးဝါးထုတ်လုပ်တဲ့ပြခန်းတွေအပြင် မဲခေါင်နိုင်ငံတွေ ဖြစ်တဲ့တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ တိုင်းရင်းဆေးပြခန်းတွေ ပြသထားပါတယ်၊ မြန်မာနိုင်ငံအတွင်းမှာ ပြည်ပက တင်သွင်းနေတဲ့ တိုင်းရင်းဆေးတွေနှင့်ပတ်သက်ပြီးလည်း ဥပဒေတစ်ရပ် ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်၊ ၂၀၁၈ ခုနှစ် အတွင်းမှာ မဲခေါင်နိုင်ငံတွေနဲ့ တိုင်းရင်းဆေးနဲ့ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လုပ်ဆောင်သွားနိုင်ဖို့ လက်မှတ်ရေးထိုးဖို့လည်းရှိပါတယ်'' ဟု အဆိုပါပြပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာဒေါ်ရီရီမြင့်က ပြောသည်။

ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းရင်းဆေးရုံ ၂၇ ခုရှိပြီး ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးများအဖြစ် ဖွင့်လှစ်ထားကြောင်း သိရသည်။

''ကျွန်တော်က မိဘတွေ လက်ထက်ကတည်းက တိုင်းရင်းဆေးထုတ်လုပ်ပါတယ်၊ ယနေ့အထိပါပဲ၊ အဓိကအားဖြင့်တော့ မန်းဆေးထုတ်လုပ်ပါတယ်၊ အခုလိုပြပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပနိုင်တဲ့အတွက် အိမ်နီးချင်းမဲခေါင်နိုင်ငံတွေက တိုင်းရင်းဆေးတွေကို ပြည်တွင်းတိုင်းရင်းဆေးထုတ်လုပ်သူတွေအနေနဲ့ လေ့လာခွင့်ရရှိပါတယ်၊ သူတို့နိုင်ငံတွေမှာ တိုင်းရင်းဆေးနဲ့ပတ်သက်ပြီး တကူးတက သွားရောက်လေ့လာဖို့ဆိုတာ မလွယ်ပါဘူး၊ တချို့နိုင်ငံတွေက ဒီပြပွဲမှာ ကုန်ချောတွေအပြင် ကုန်ကြမ်းပစ္စည်းတွေဖြစ်တဲ့ သစ်ဥ၊ သစ်ဖု၊ သစ်မြစ်တွေကိုပါ ယူလာပြ တာတွေ့ရပါတယ်၊ တိုင်းရင်းဆေးထုတ်လုပ် သူတွေအနေနဲ့ ဒီပြပွဲက အများကြီးဗဟုသုတရရှိပါတယ်'' ဟု ဒေဝယက္ခ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ ဒေါက်တာဦးဖြေက ပြောသည်။

အဆိုပါပြပွဲတွင် တိမ်မြုပ်ကွယ်ပျောက်လုနီးပါးဖြစ်သော မြန်မာ့တိုင်းရင်းဆေးကုထုံးများကိုလည်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြခန်းဖွင့်လှစ်ပြသထားသည်။ မိုးကြိုးသွားဖြင့်တိုင်းရင်းဆေးကုသခြင်း၊ ဆရာ ကြီးခေါ်ဘသိန်း၏ တိုင်းရင်းဆေးကုသခြင်း၊ ကချင်ရိုးရာကြက်ဥဗေဒင်ဖြင့်ကျန်းမာရေး ဟောပြောပေးခြင်းတို့မှာပြပွဲလာပြည်သူများ အထူးစိတ်ဝင်စားသော ပြခန်းများဖြစ်ပြီး ပြပွဲကို နိုဝင်ဘာ ၂၄ ရက်အထိ ဖွင့်လှစ်ကာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အေပီသတင်းဌာနက လွဲမှားစွာ ဖော်ပြခဲ့သော သတင်းကြောင့် နိုင်ငံ့ပုံရိပ်ကို ညစ်ထေးစေခဲ့

**(နိုင်ငံအတွက်အရေးကြီးသည့် သတင်းတစ်ပုဒ်ကို အေပီသတင်းဌာနက လွဲမှားစွာ ဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် အမေးအဖြေ)**

**ယမန်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် ASEM နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းပါအရေးကြီးသည့်အချက်အလက်တစ်ခုကို နိုင်ငံတကာသတင်းဌာနကြီးတစ်ခုဖြစ်သည့် အေပီသတင်းဌာနက လွဲမှားစွာရေးသားဖော်ပြခဲ့ပါသည်။**

**ယင်းကိစ္စနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့သတင်းစဉ် သတင်းထောက်က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းကို ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ပါသည်။**

**မေး -** နေပြည်တော်မှာ မနေ့က ပြုလုပ်ခဲ့တဲ့ ASEM နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့တဲ့ မိန့်ခွန်းပါ အရေးကြီးတဲ့ အချက်အလက် တစ်ခုကို အေပီသတင်းဌာနက လွဲမှားစွာရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။ အဲ့ဒါနဲ့ပတ်သက်လို့ နည်းနည်းရှင်းပြပါဆရာ။

**ဖြေ -** ဟုတ်ကဲ့၊ အားလုံးရှင်းအောင် အလွယ်တကူပြောရရင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့ မိန့်ခွန်းအပြည့်အစုံကို ဒီနေ့ထုတ် The Global New Light of Myanmar အင်္ဂလိပ်သတင်းစာရဲ့ စာမျက်နှာ (၁၁) မှာ အပြည့်အစုံဖော်ပြထားပါတယ်။ အဲဒီမိန့်ခွန်းရဲ့တတိယအပိုဒ် စာကြောင်းရေ (၄) မှာ "Conflicts around the world are giving rise to new threats and emergencies; illegal migration, spread of terrorism and violent extremism, social disharmony and even the threat of nuclear war." လို့ဖော်ပြထားတာကို တွေ့ရပါမယ်။

ဆိုလိုတာကတော့ ''ကမ္ဘာအနှံ့မှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေဟာ တရားမဝင်လူများရွှေ့ပြောင်းနေထိုင်ခြင်း၊ အကြမ်းဖက်ဝါဒပြန့်ပွားခြင်း၊ အကြမ်းဖက်အစွန်းရောက်ဝါဒ၊ လူမှုရေးသဟဇာတကင်းမဲ့ခြင်းနဲ့ နျူကလီးယားစစ်ပွဲ ခြိမ်းခြောက်မှု အန္တရာယ်အထိ ကြီးမားတဲ့ ခြိမ်းခြောက်မှုအသစ်တွေနဲ့ အရေးပေါ်အခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်''လို့ အဓိပ္ပာယ်ရပါတယ်။

အဲဒါကို အေပီသတင်းက "illegal migration spreads terrorism…" ''လူများတရားမဝင်ရွှေ့ပြောင်းနေထိုင်ခြင်းက အကြမ်းဖက်မှုအမျိုးမျိုးကို ပြန့်ပွားစေတယ်''လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောတယ်ဆိုပြီး လုံးဝလွဲမှားစွာ ဖော်ပြခဲ့ပါတယ်။

ပြီးတော့ အဲဒီလွဲမှားတဲ့အချက်အပေါ် အခြေခံပြီး ဆိုးရွားတဲ့ ကောက်ချက်တွေ၊ သုံးသပ်ချက်တွေ ချခဲ့တယ်၊ အထူးသဖြင့် ဒီနေ့ နိုင်ငံတကာမှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ်ကို ညစ်ထေးစေတဲ့ ဘင်္ဂါလီကိစ္စနဲ့ပတ်သက်လို့ မမှန်မကန် သုံးသပ်ချက်တွေ အကြိမ်ကြိမ်လုပ်ခဲ့တယ်။ ဥပမာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဘင်္ဂါလီတွေ တရားမဝင်နေထိုင်ခြင်းဟာ ဆိုးရွားတဲ့ ပြဿနာအားလုံးရဲ့အခြေခံပဲလို့ ပြောခဲ့သလိုမျိုး အဓိပ္ပာယ်ကောက်ခဲ့တယ်။

**မေး -** ဒီလိုလွဲမှားစွာ ရေးသားဖော်ပြချက်ဟာ ဘယ်လို အကျိုးဆက်များ ဖြစ်လာစေနိုင်ပါသလဲ။

**ဖြေ -** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့အပေါ်မှာရော၊ ကျွန်တော်တို့ တစ်မျိုးသားလုံးအပေါ်မှာပါ အင်မတန်ကြီးမားတဲ့ ဆိုးကျိုးကြီးတွေ ဖြစ်လာစေနိုင်ပါတယ်။ ဖြစ်လည်းဖြစ်နေပါပြီ။ အေပီဟာ အမေရိကန်မှာအခြေစိုက်တဲ့ ကမ္ဘာ့သြဇာအကြီးမားဆုံးသတင်းဌာနတွေထဲက တစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝန်းတွေဟာ သူတို့ရဲ့ မူဝါဒတွေချမှတ်တဲ့အခါ နိုင်ငံတကာ သတင်းဌာနကြီးတွေရဲ့ရေးသားဖော်ပြထားတာတွေကို အားကိုးတကြီး ကိုးကားအခြေခံတတ်ကြပါတယ်။

အဲဒီလို ကာလရှည်လျားစွာ နိုင်ငံတကာသတင်းဌာနကြီးတွေက အလွဲလွဲအမှားမှား ရေးသားဖြန့်ချိခဲ့တဲ့ သတင်းအချက်တွေအပေါ်မှာ အခြေခံချမှတ်လိုက်တဲ့ မူဝါဒတွေကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ဟာ လုံးဝပျက်စီးခဲ့ရပြီး၊ ဖိအားပေးမှုအမျိုးမျိုး၊ အကျပ်ကိုင်ခြိမ်းခြောက်မှု အမျိုးမျိုးကို ဒီနေ့ကြုံတွေ့နေရတာ ဖြစ်ပါတယ်။

အခု အေပီရေးခဲ့တဲ့ သတင်းမှားကို အခုဆိုရင် ကမ္ဘာအနှံ့က သတင်းဌာနဒါဇင်ပေါင်းများစွာက လက်ဆင့်ကမ်းဖြန့်ဝေခဲ့ပြီး၊ အဲဒီအပေါ်မှာ အခြေခံလို့ ပြင်းပြင်းထန်ထန် ဝေဖန်အပုပ်ချတာတွေ လုပ်နေကြပါပြီ။

**မေး -** အခုလို သတင်းလွဲမှားစွာ ဖော်ပြတာကို ဘယ်လို အရေးယူသင့်ပါသလဲ ဆရာ။

**ဖြေ -** ပထမဆုံးအမှန်ကို အမြန်ဆုံးရေးသားဖော်ပြရပါမယ်။ ပြီးတော့ သက်ဆိုင်ရာ နစ်နာသူတွေ၊ ဒီကိစ္စမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ မြန်မာတစ်မျိုးသားလုံးကို လူသိရှင်ကြား တရားဝင်ဝန်ချတောင်းပန်ရမယ်။ အဲဒီအမှားပြင်ဆင်ချက်နဲ့ တောင်းပန်စာကို သူတို့ဆီက သတင်းကို ဝယ်ယူ ခဲ့တဲ့ ကမ္ဘာအနှံ့က သတင်းဌာနအားလုံးမှာ ထည့်သွင်းဖော်ပြပေးဖို့လိုပါတယ်။

ကျေးဇူးတင်ပါတယ်။

# စာရင်းဇယားများ မှန်ကန်မှုသည် အနာဂတ် စီမံကိန်းလုပ်ငန်းများအတွက် အထူးအရေးကြီး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ခေတ်မီ စိုက်ပျိုးနည်းစနစ် ပြောင်းလဲကျင့်သုံးရန်၊ မျိုးကောင်းမျိုးသန့် ရွေးချယ်အသုံးပြုရန်၊ စက်မှုလယ်ယာစနစ် ပီပြင်စွာ ဖွံ့ဖြိုးလာစေရန်၊ စိုက်စရိတ် အရင်းအနှီးနှင့် ဈေးကွက်သေချာစေရေးအတွက် အကျိုးတူ ကန်ထရိုက် လယ်ယာစနစ် ထွန်းကားလာရန်စသည့် ဆောင်ရွက်ပေးနေမှုများကို သိရှိနားလည်ပြီး



အမှုထမ်း၊ အရာထမ်းများ အနေဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍများက တစ်တပ်တစ်အား ပါဝင်အားဖြည့် ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းကြရန်၊ စာရင်းဇယားများ မှန်ကန်မှုသည် အနာဂတ် စီမံကိန်းလုပ်ငန်းများအတွက် အထူးအရေးကြီးသည်ကို ဂရုပြုရန်နှင့် တောင်သူများအနေဖြင့်လည်း စည်းလုံးညီညွတ်မှုဖြင့် မိသားစုစိတ်ဓာတ်များ ရှင်သန်ရေး ဆောင်ရွက်သွားရန် ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားၜ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ဆွေးနွေးမှာကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ အမြဲတမ်းအတွင်းဝန်များ ဖြစ်ကြသော ဒေါက်တာ ခင်ဇော်နှင့် ဦးကျော်ဌေး၊ ညွှန်ကြားရေးမှူးချုပ်များ၊ FAO ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသနေတောင်သူများ တက်ရောက်ကြသည်။

ယင်းနောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး က လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန နှင့် FAO တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းအချက်အလက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူး ဦးသန်းထွန်းက နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း ၂၀၁၇-၂၀၁၈ မိုးသီးနှံစိုက်ပျိုး ဆောင်ရွက်မှုလုပ်ငန်းများနှင့် လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိုးစပါး စံပြကွက် ရိတ်သိမ်းနေမှုများကို လည်းကောင်း၊ မြေတိုင်းကိရိယာအမျိုးမျိုး၊ မောင်းသူမဲ့ယာဥ်ငယ်ဖြင့် ကောင်းကင်မြေပုံလုပ်ငန်း ဆောင်ရွက်မှုနှင့် ဂြိုဟ်တုစနစ် ကောင်းကင်မြေပုံလုပ်ငန်း ဆောင်ရွက်မှု ပြကွက်များကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **သတင်းစဉ်**

---

## အေပီ သတင်းဌာနမှ မှားယွင်းသတင်းရေးသားမှုနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်ဇေယျ က စိတ်မကောင်းကြောင်းနှင့် အမြန်ဆုံးပြန်လည်ပြင်ဆင်ပြီး သတင်းဌာန၏ သိက္ခာကို အဖတ်ဆယ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၁

**(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲကို နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။**

ယင်းသတင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) , MITV တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပြီး The Global New Light of Myanmar သတင်းစာတွင် အပြည့်အစုံ ဖော်ပြခြင်း၊ မြန်မာသတင်းစာများတွင် ဘာသာပြန်ဆို ဖော်ပြခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ မိန့်ခွန်းနှင့် ပတ်သက်၍ အေပီသတင်းဌာနက သတင်းရေးသားရာၜ The Latest : Suu Kyi Blames Conflicts on Illegal Immigration ခေါင်းစဉ်ဖြင့် Myanmar leader Aung San Suu Kyi says the world is facing instability and conflict in part because illegal immigration spreads terrorism in a speech that comes as her country is accused of violently pushing out hundreds of thousands of unwanted Rohingya Muslims. ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။



**သံအမတ်ကြီး ဦးကျော်ဇေယျ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

ထိုမှားယွင်းဖော်ပြမှုကို TIME , The New York Times , The Washington Post , Sun Francisco Chronicle အစရှိသည့် နိုင်ငံတကာ သတင်းဌာနများကလည်း ပြန်လည်ကိုးကား ရေးသားခဲ့သည့်အတွက် သတင်းမှားပါ အချက်အလက်များမှာ ပိုမိုပျံ့နှံ့သွားခဲ့ကြောင်း သိရှိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအား ဆက်သွယ်မေးမြန်းရာၜ သံအမတ်ကြီး ဦးကျော်ဇေယျက "(၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အာရှ - ဥရောပ မိတ်ဖက်ဆက်ဆံရေးဟာ အခုကျင်းပတဲ့ ခေါင်းစဉ်ဖြစ်တဲ့ ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိန်းသိမ်းမြှင့်တင်နိုင်ဖို့အတွက် အရေးကြီးတယ်။ ဒါကိုလည်း ပေါင်းစည်းကြိုးပမ်းမှုနဲ့ ရရှိနိုင်မယ်လို့ အပြုသဘော ပြောကြားခဲ့ပါတယ်။ ဒီလိုပြောကြားရာမှာ ကမ္ဘာပေါ်မှာ ဖြစ်ပွားတဲ့ ပဋိပက္ခတွေဟာ ခြိမ်းခြောက်မှုအသစ်တွေ ဖြစ်ပေါ်စေခဲ့ပြီး အဲဒါတွေက တရားမဝင် ရွှေ့ပြောင်းသွားလာခြင်း၊ အကြမ်းဖက်မှုနဲ့ အစွန်းရောက်မှု ပျံ့နှံ့လာခြင်း၊ လူမှုရေးဆိုင်ရာ သဟဇာတဖြစ်မှုနဲ့ နျူကလီးယားစစ်ပွဲ အန္တရာယ်တွေ ဖြစ်တယ်လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။

"ဒါပေမယ့် အေပီ သတင်းဌာနက ရေးသားရာမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘာတစ်ဝန်း မတည်ငြိမ်မှုများ၊ ပဋိပက္ခများနဲ့ ရင်ဆိုင်နေရခြင်းမှာ တရားမဝင် ရွှေ့ပြောင်းသွားလာမှုက အကြမ်းဖက်မှုများကို ပျံ့နှံ့စေခြင်းကြောင့် ဖြစ်ကြောင်းလို့ လွဲမှားစွာ ရေးသား ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

"အဓိကအားဖြင့် ဒီဖွင့်ပွဲအခမ်းအနားဟာ နိုင်ငံ ၅၁ နိုင်ငံ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနဲ့ ဥရောပကော်မရှင် စတဲ့ မိတ်ဖက်တွေပါဝင်တဲ့ အေဆမ်အဖွဲ့ရဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနား ဖြစ်ပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ အာရှ-ဥရောပတစ်လွှားက နိုင်ငံခြားရေးဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ အဆင့်မြင့်အရာရှိကြီးတွေ တက်ရောက်ကြပါတယ်။ ဒါ့အပြင် ပြည်တွင်း၊ ပြည်ပမှ မီဒီယာတွေကိုလည်း တိုက်ရိုက်သတင်းရယူခွင့် ပြုထားခဲ့ပါတယ်။

"ပြောကြားချက်တွေကို နိုင်ငံပိုင်မီဒီယာများက ထုတ်လွှင့်ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒီလို ထုတ်ပြန်ပေးတဲ့ သတင်းကို အခုလို သတင်းဌာနကြီးတစ်ခုက မှားယွင်းဖော်ပြထားတာကို တွေ့ရှိရတဲ့အတွက် အလွန် စိတ်မကောင်းဖြစ်မိပါတယ်။ ဒီသတင်းအပေါ်မှာ အခြားသတင်းဌာနတွေက ကိုးကားရေးသားခဲ့လို့ သတင်းမှားတွေ ပျံ့နှံ့ခဲ့တာကြောင့် စိတ်ပျက်စရာဖြစ်ပါတယ်။

"အမှုမဲ့ အမှတ်မဲ့ပဲ မှားမှား၊ ရည်ရွယ်ချက်နဲ့ပဲ မှားမှား၊ မှားသွားပြီ။ မှားသွားပြီဆိုရင် သတင်းဌာနကြီး တစ်ခုအနေနဲ့ ဒါက သိက္ခာကျစရာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့မှားသွားတဲ့ဟာကို အမြန်ဆုံး အမှန်အတိုင်း ပြန်လည်ပြင်ဆင်ပြီး သူတို့ရဲ့ သိက္ခာကို အဖတ်ဆယ်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အဖွင့်မိန့်ခွန်းကို အင်္ဂလိပ်ဘာသာဖြင့် ပြောကြားခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပမီဒီယာများအား တိုက်ရိုက်သတင်းရယူခွင့် ပြုခဲ့သည်။ **သတင်းစဉ်**




**အေပီသတင်းကို ကိုးကားဖော်ပြ ရေးသားခဲ့သည့် သတင်းဌာန အချို့နှင့် သတင်းရေးသားထားမှုကို တွေ့ရစဉ်။**
ဓာတ်ပုံ-ရောဝတီ

---

## သတင်းထုတ်ပြန်ကြေညာချက်

## AP သတင်းဌာန၏ သတင်းဖော်ပြချက်အား ပြင်းထန်စွာ ရှုတ်ချခြင်း

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် နိုဝင်ဘာလ ၂၀ ရက်နေ့က ကျင်းပသော အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကမ္ဘာတစ်လွှား ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကြောင့် တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုကနေ ပြန့်ပွားလာတဲ့ အကြမ်းဖက်မှုမှ လူမှုဆိုင်ရာ အဆင်မပြေမှုတွေ ပေါ်ပေါက်နေရုံမက နျူကလီးယားစစ်ပွဲခြိမ်းခြောက်မှု စတဲ့ ခြိမ်းခြောက်မှု အသစ်တွေ အရေးပေါ် အခြေအနေတွေ ပေါ်ပေါက်နေပါတယ်"ဟု ပြောကြားသွားခဲ့ပါသည်။

သို့သော် AP သတင်းတွင် ယင်းမိန့်ခွန်းအား "မြန်မာခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ကမ္ဘာပေါ်တွင် မတည်ငြိမ်မှုနှင့် ပဋိပက္ခတွေဟာ တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုကြောင့် ပြန့်ပွားလာတဲ့ အကြမ်းဖက်မှုတွေကြောင့်ဖြစ်တယ်"ဟု ဖော်ပြသွားခဲ့ပါသည်။

ယခုကဲ့သို့ တလွဲသတင်းရေးသားမှုသည် ကြီးမားသော ဆိုးကျိုးနှင့်တိုင်းပြည်၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး ထိလွယ်ရှလွယ် အခြေအနေတစ်ရပ်တွင် နိုင်ငံတကာ အသိုင်းအဝိုင်းကြား မြန်မာနိုင်ငံအပေါ် ပိုမို၍ နားလည်မှု လွဲမှားစေနိုင်ပါသည်။

ကမ္ဘာကျော် သတင်းဌာနတစ်ခုဖြစ်သည့် AP အနေဖြင့် တစ်ရက်ကြာပြီးမှ သတင်းမှားပြင်ဆင်ချက်လုပ်သော်လည်း ကမ္ဘာကြီး၏အမြင်တွင် မြန်မာနိုင်ငံသားများ၏ နစ်နာမှုအတွက် တောင်းပန်သင့်ပါသည်။

မြန်မာစာနယ်ဇင်းသမဂ္ဂအနေဖြင့် AP သတင်းဌာန၏ တာဝန်မဲ့သော ဤသတင်းဖော်ပြမှုကို ပြင်းထန်စွာရှုတ်ချလိုက်ပါသည်။

**မြန်မာစာနယ်ဇင်းသမဂ္ဂ**

# အာဆီယံ + ၃ အရန်ဆန်ရိက္ခာအဖွဲ့(APTERR)မှ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့သို့ ဆန်အိတ်များ သွားရောက်ထောက်ပံ့လှူဒါန်း

မောင်တော နိုဝင်ဘာ ၂၁

**ရခိုင်ပြည်နယ်အဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အာဆီယံ + ၃ အရန်ဆန်ရိက္ခာအဖွဲ့(APTERR) မှ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့သို့ သွားရောက်ကာ အာဆီယံ+၃ အရန်ဆန်ရိက္ခာအဖွဲ့(APTERR)မှ ထောက်ပံ့လှူဒါန်းသည့် ဆန်အိတ်များကို ဒေသခံပြည်သူများအား ထောက်ပံ့ပေးအပ်သည်။** (အောက်ပုံ)

ရှေးဦးစွာ လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဆီယံ + ၃ အရန် ဆန်ရိက္ခာအဖွဲ့ (APTERR)မှ တာဝန်ရှိသူများသည် တိုင်းရင်းသားများ နေထိုင်သည့် ဘူးသီးတောင်မြို့နယ် အင်းကြင်းမြိုင် စံပြကျေးရွာ၊ ဒုံသိမ်ကျေးရွာ၊ လေးမြို့နှင့် ကြာညိုပြင်ကျေးရွာများသို့ သွားရောက်ကာ အာဆီယံ + ၃ အရန်ဆန်ရိက္ခာ အဖွဲ့ (APTERR)မှ ထောက်ပံ့ လှူဒါန်းသည့် ဆန်အိတ်များကို ထောက်ပံ့ပေးအပ်ကြသည်။

ဘူးသီးတောင်နှင့် မောင်တောဒေသသို့ အရန်ဆန်ရိက္ခာအဖွဲ့ (APTERR) မှ ဆန်လာရောက် လှူဒါန်းရခြင်းနှင့် စပ်လျဉ်းပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက "အရန်ဆန်ရိက္ခာအဖွဲ့ (APTERR) ကနေတစ်ဆင့် ဂျပန်ဆန်နဲ့ ကိုရီးယားဆန်တွေကို ရခိုင်ပြည်သူတွေ အတွက် လာရောက် လှူဒါန်းတာ ဖြစ်ပါတယ်၊ ကိုရီးယားကနေ ပထမရောက်လာတဲ့ ဆန်တန်ချိန် ၅၀၀ ထဲက ဆန်တန်ချိန် ၂၆၇ တန်ကို ဒီနေ့ မောင်တောနဲ့ ဘူးသီးတောင် ဒေသအတွက် လှူဒါန်းတာပါ၊ ဂျပန်က နောက်ထပ် ရောက်လာမယ့် ဆန်တန်ချိန် ၅၀၀ ထဲကလည်း ဆက်လက် လှူဒါန်းသွားမှာပါ"ဟု ပြောသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် လူမှုရေး ဝန်ကြီး ဒေါက်တာချမ်းသာ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဆီယံ + ၃ အရန် ဆန်ရိက္ခာအဖွဲ့(APTERR)မှ တာဝန်ရှိ သူများသည် တိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များ နေထိုင်သည့် မောင်တောမြို့ (၄)မိုင်ရပ်ကွက် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာပြီး မောင်တောမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသည့် ဟိန္ဒူဘာသာဝင်များနှင့် မောင်တောမြို့ မြို့မ ဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသည့် တောင်ပြိုလက်ဝဲမြို့ နံ့သာတောင် ပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူများအား အာဆီယံ + ၃ အရန်ဆန်ရိက္ခာအဖွဲ့ (APTERR) မှ ထောက်ပံ့လှူဒါန်းသည့် ဆန်အိတ်များကို ထောက်ပံ့ပေးအပ်ကြသည်။

"အာဆီယံဆယ်နိုင်ငံနဲ့ အပေါင်း ၃ ဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့က အရန်ဆန်ရိက္ခာအဖွဲ့(APTERR)မှာ အရန်ဆန်ထားတယ်၊ အရန်ဆန်တွေကို မြန်မာနိုင်ငံအတွက် ကူညီတဲ့အနေနဲ့ လာရောက်လှူဒါန်းတာပါ၊ ဆန်တွေက အရည်အသွေးကောင်းတဲ့ ဆန်တွေပါ၊ ရခိုင်ပြည်သူတွေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးတဲ့အတွက် အရန် ဆန်ရိက္ခာအဖွဲ့ (APTERR) ကို ကျေးဇူးတင်ပါတယ်" ဟု လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက ပြောသည်။

အာဆီယံ+၃သည် ၁၉၇၉ ခုနှစ် ကတည်းက အာဆီယံနိုင်ငံများထဲတွင် စတင် ပေါက်ဖွားလာပြီး အရန်ဆန်ရိက္ခာ အဖွဲ့ (APTERR)ကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကာ အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့ ဆန်ရိက္ခာပြတ်တောက်ပါက တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆန်ရောင်းချရန်၊ အရေးပေါ်ဖြစ်လာပါက ကူညီရန်နှင့် အခမဲ့ကူညီရန် သဘောတူစာချုပ် ချုပ်ဆိုထားကြောင်း သိရသည်။

**သတင်းအဖွဲ့၊ဓာတ်ပုံ-နေလင်း**




# ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့် လိုက်လျောညီထွေစွာဆောင်ရွက်နိုင်ရန် UEHRD ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းအဖွဲ့များ တွေ့ဆုံညှိနှိုင်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာ ထောက်ထားမှု အကူအညီ အထောက် အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းအဖွဲ့ ကိုးဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် အစိုးရ ရေးဆွဲထားသည့် "ရခိုင်ပြည်နယ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်" နှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရန် နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ကုန်သည် / စက်မှု အသင်းချုပ်၌ တွေ့ဆုံ ဆွေးနွေးကြသည်။ **(ယာပုံ)**

လုပ်ငန်းအဖွဲ့များအနေဖြင့် စီမံချက်တွင် ရေးဆွဲဖော်ပြထားသည့် အခြေခံ အဆောက်အအုံနှင့် လူမှုစီးပွားလိုအပ်ချက်များကို အသေးစိတ် လေ့လာပြီး အရေးပေါ်နှင့် အရေးကြီးလုပ်ငန်းများဟူ၍ ခွဲခြားကာ ဖြည့်ဆည်း ဆောင်ရွက်ကြရန် ဆွေးနွေးကြသည်။

အထူးသဖြင့် ပြည်မမှ သူစိမ်းများက လာရောက်ဆောင်ရွက်သည့် ပုံစံမဟုတ်ဘဲ ပြည်နယ်အစိုးရ၊ ဒေသခံလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သည့် ပုံစံနှင့် လုပ်ဆောင်ကြရန် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ အသီးသီးက ၎င်းတို့၏ လုပ်ငန်းတိုးတက်မှု အခြေအနေများကို တင်ပြခဲ့ကြသည်။

ဆောက်လုပ်ရေး လုပ်ငန်းအဖွဲ့ တည်ဆောက်နေသည့် တောင်ပြိုလက်ဝဲအရပ်ရှိ ပြန်လည်လက်ခံရေး စခန်းသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်တွင် ပြီးစီးမည်ဖြစ်ပြီး ငါးခူရအရပ်တွင်လည်း ထပ်မံဆောက်လုပ်ရန် ဆွေးနွေးကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေး စခန်း ဆောက်လုပ်ခြင်း ပြီးစီးသည်နှင့် ကျန်းမာရေးဝန်ဆောင်မှုကို အဆင်သင့် ပေးစွမ်းနိုင်အောင် ပြင်ဆင်နေကြောင်း ဆွေးနွေးသည်။

ကုန်သည်/စက်မှု အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က လက်ရှိနယ်စပ်ရေးရာ ဝန်ကြီးဌာန စီစဉ်နေသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို အားဖြည့်ပြီး ရန်ကုန်အခြေစိုက် သင်တန်းများထံမှ အရင်းအမြစ်များနှင့် ပေါင်းစပ်ကာ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်နေပါကြောင်း၊ သင်တန်းများကို စက်မှုဇုန် လုပ်ငန်းအဖွဲ့ တည်ထောင်မည့် စက်မှု လုပ်ငန်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ဖွင့်လှစ်ပေးနိုင်ရန် ပြင်ဆင်နေပါကြောင်း ဆွေးနွေးသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ အနေဖြင့် ရသေ့တောင်၊ မောင်တော၊ ဘူးသီးတောင် ဒေသများရှိ ရင့်မှည့်စပါးများအား ရိတ်သိမ်းနိုင်ရေး ရိတ်သိမ်းခြွေလှေ့စက်နှင့် စပါးအခြောက်ခံစက်များ ပို့ဆောင်နိုင်ရေးနှင့် ဆန်စက် တစ်လုံး တည်ထောင်နိုင်ရေး ဆွေးနွေးသည်။



Crow Funding လုပ်ငန်းအဖွဲ့ အနေဖြင့်လည်း ထောက်ပံ့ငွေကောက်ခံရေးအတွက် Online Payment, Mobile Payment အစရှိသည့် Platform များကို တည်ထောင်ထားပြီး စမ်းသပ်ဆောင်ရွက်နေသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည့် အကြောင်း အစည်းအဝေးတွင် တင်ပြခဲ့ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ သိရှိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်တွင် မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မောင်တောမြို့နယ် သက္ကပြင်အနောက်ကျေးရွာနှင့် လုဖိုးခေါင်ကျေးရွာအကြား၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သမားအဖြစ် မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ပြင်ဖြူကျေးရွာ၊ ဇင်ပိုင်ညာကျေးရွာအုပ်စု (ခ) ရိတုလာကျေးရွာ၊ သက္ကပြင်ကျေးရွာ၊ လုဖိုးခေါင်ကျေးရွာများအား နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းမှစ၍ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများဆောင်ရွက်စဉ် သက္ကပြင်အနောက်ကျေးရွာနှင့် လုဖိုးခေါင်ကျေးရွာအကြား၌ အကြမ်းဖက်သမားအဖြစ် မသင်္ကာသူ ရွာသစ်ရပ်ကွက်နေ ရောဖီး (၃၀ နှစ်)အား ဖမ်းဆီးရမိခဲ့ပြီး ပြင်ဖြူနယ်မြေစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မောင်တော နိုဝင်ဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၃ နာရီခန့်က ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ဘူးသီးတောင် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ဘူးသီးတောင်မြို့ မြို့မစေတီတောင် အုပ်ချုပ်ရေးမှူးနှင့်အတူ မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးတရားခံ စိုးပိုင် (၄၂ နှစ်)အား စစ်ကြောဖော်ထုတ်ချက်အရ အမှုမှ ထွက်ပြေးတိမ်းရှောင်နေသော ဘသိန်းမောင် (၄၃ နှစ်)သည် ဘူးသီးတောင်မြို့နယ် အိုးသည်ရွာအနီးရှိ တောင်ကြောလမ်းအတိုင်း သယ်ဆောင် သိုဝှက်တတ်ကြောင်း သတင်းအရ သွားရောက်ရှာဖွေခဲ့သည်။

ယင်းသို့ရှာဖွေရာတွင် ယင်းတောင်ကြောပေါ်ရှိ ချုံကြားအတွင်းမှ ဆာလာအိတ် ငါးအိတ်အတွင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်ထုပ်လျှင် ၉၇၅၀ စီပါ အထုပ်ပေါင်း ၉၉ ထုပ် စုစုပေါင်း ဆေးပြား ၉၆၅၂၀၀၊ တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၁၉၃၀၄၀၀၀၀၀ ခန့် ရှာဖွေ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မောင်တောမြို့နယ်၌ လည်ပင်းပြတ်ရှဒဏ်ရာဖြင့် အလောင်းသုံးလောင်း တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအုပ်စု သောင်ပညာကျေးရွာ ချောင်းစပ်၌ လက်ပြန်ကြိုးတုပ်လျက် လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေသော အလောင်းသုံးလောင်း တွေ့ရှိရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက သောင်ပညာကျေးရွာ ချောင်းစပ်၌ လူတစ်ဦး သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဝေသာလီဂေါက်ကွင်း အနောက်ဘက် သောင်ပညာ ချောင်းစပ်၌ လက်ပြန်ကြိုးတုပ်လျက် လည်ပင်းပြတ်ရှဒဏ်ရာ တစ်ချက်စီဖြင့် အလောင်းသုံးလောင်းအား တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

စုံစမ်းချက်အရ သေဆုံးသူများမှာ မြို့မ ကညင်တန်းရပ်ကွက်နေ မူဟာမတ်အီဒရစ် (၂၅ နှစ်)၊ အဘူဟိုက် (၁၈ နှစ်)နှင့် ဟာမိတ်တူဆောင်း (၂၂ နှစ်) တို့ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာကြည့်တိုက်ပညာရပ်သည် နက်နဲပြီး နေရာတိုင်းတွင် အသုံးဝင်သော ပညာရပ်တစ်ခုဖြစ်လာ

**နေပြည်တော် နိုဝင်ဘာ ၂၁**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာဒီပလိုမာ သင်တန်းအမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို အမျိုးသား စာကြည့်တိုက် (နေပြည်တော်) သင်တန်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**





**သက်သေအထောက်အထား**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စာကြည့် တိုက်သည် လွတ်လပ်စွာ ပညာရှာနိုင်သော ပညာဘဏ်တိုက် တစ်ခုဖြစ်ကြောင်း၊ ရှေးမြန်မာတို့က စာကြည့်တိုက်ကို "ပိဋကတ် တိုက်"ဟု ခေါ်လေ့ရှိပြီး၊ စာကြည့်တိုက်မှူးကို "ပိဋကတ် တိုက်စိုး"ဟု ခေါ်ခဲ့ကြကြောင်း၊ "မြန်မာစာကြည့်တိုက်အစ အနော်ရထာ ပိဋကတ်တိုက်က"ဟု အဆိုရှိသည့်အတိုင်း ခရစ်နှစ် ၁၀၅၈ ခုနှစ်က အနော်ရထာမင်း တည်ဆောက်ခဲ့ သည့် ပိဋကတ်တိုက်တော်ကြီးကို ပုဂံမြို့ဟောင်းတွင် ယနေ့ တိုင် မြင်တွေ့နိုင်သည်မှာ မြန်မာတို့၏ ခိုင်မာသော ယဉ်ကျေးမှု အမွေအနှစ်သာမက စာကြည့်တိုက်သမိုင်း၏ ရှည်လျားသည့် သက်သေအထောက်အထားတစ်ခုလည်းဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုး တိုးတက်ရေးသည် အလွန်အရေးပါပြီး နိုင်ငံ၏ ရည်မှန်းချက် များကို အကောင်အထည် ဖော်နိုင်ရန်အတွက် စာများများ ဖတ်ကြရန် လိုအပ်ကြောင်း၊ စာဖတ်ခြင်းအလေ့အထ တိုးပွား လာရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် စာကြည့်တိုက် မှူးများ၏ ကဏ္ဍကလည်း အရေးပါလာကြောင်း၊ စာကြည့် တိုက်မှူးများသည် စာဖတ်သူများလိုအပ်သည့် အချက်အလက် အထောက်အထားများကို ရှာဖွေဆောင်ရွက်ပေးရသော အရေးပါသည့် ပုဂ္ဂိုလ်များဖြစ်ပြီး၊ ထို့သို့ ရှာဖွေပေးနိုင်ရန် လည်း စာကြည့်တိုက်ပညာရပ်နှင့် စနစ်တကျ စီစဉ်ဆောင်ရွက် ထားရသည်ဖြစ်၍ စာကြည့်တိုက်ပညာရပ်သည် နက်နဲပြီး နေရာတိုင်းတွင် အသုံးဝင်သော ပညာရပ်တစ်ခုဖြစ်လာ ကြောင်း။

**စနစ်တကျသိမ်းဆည်းထား**

ထို့ကြောင့် ဝန်ကြီးဌာနအသီးသီးတွင် စာရွက်စာတမ်း အထောက်အထားများကို ကိုင်တွယ်အသုံးပြုနေသူများ၊ သတင်းအချက်အလက်စင်တာတွင် တာဝန်ယူရသူများနှင့် တာဝန်ယူရမည့်သူများသည် ဌာနက လိုအပ်သည့် အချက် အလက်အထောက်အထားများကို စနစ်တကျ သိမ်းဆည်း ထားနိုင်မှသာ လိုအပ်သည့်အချိန်တွင် လိုအပ်သည့်သူထံ အရောက်ပို့ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာကြည့် တိုက်ပညာရပ်ကို အသုံးပြုပြီး စနစ်တကျ သိမ်းဆည်းထား နိုင်ရန်၊ ဖြန့်ဝေပေးပို့နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူ များအနေဖြင့်လည်း မိမိတို့ သက်ဆိုင်ရာဌာန စာကြည့်တိုက် များတွင် "ပညာရှာသူတို့ ဝိုင်းကူ"ဟူသော စာကြည့်တိုက်၏ ဆောင်ပုဒ်နှင့်အညီ စာဖတ်သူ၊ ပညာရှာသူ၊ သုတေသနပြု လိုသူ၊ စာကြည့်တိုက်အသုံးပြုသူများအတွက် မိမိတို့ သင်ကြား ရသည့် ပညာရပ်များဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့် တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်း သား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူလည်းကြိုက်၊ တကယ်အနှစ်သာရလည်းရှိ၊ စာပေတန်ဖိုးလည်းမြင့် စာအုပ်တွေ မှန်းဆသလို ရွေးချယ်ရခဲ့

ရန်ကုန် နိုဝင်ဘာ ၂၁

**၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပခဲ့သည်။**

အဆိုပါအခမ်းအနား၌ ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ် ရွေးချယ်ရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ် များအား အမျိုးသားစာပေဆုရွေးချယ် မှုနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ရာ -

**စည်သူဒေါက်တာသော်ကောင်း**

**ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ် ရေးကော်မတီ**

ဒီနှစ်မှာ ကျွန်တော်တို့အဖွဲ့ကို ပြန်ဖွဲ့ ပါတယ်။ ပြန်ဖွဲ့ပြီးတော့ အစိုးရဝန်ထမ်း တွေ၊ ပြန်ကြားရေးဝန်ကြီးဌာနက အရာရှိ တွေ၊ စာပေဗိမာန်ကဝန်ထမ်းတွေ၊ သူတို့ က လုံးဝမပါတော့ပါဘူး။ သူတို့အားလုံး ထွက်ပေးပြီးတော့ စာရေးဆရာတွေပဲ လွတ်လွတ်လပ်လပ် ရွေးကြပါပေ့လေ။ စာပေသမားတွေပဲ။ ထုတ်ဝေသူတို့၊ စာအုပ်ရောင်းသူတို့၊ ဖြန့်ချိသူတို့အားလုံး အပါအဝင် ဝါရင့်စာရေးဆရာတွေ အများ စုပါ။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ရွေးရပါတယ်။ အားလုံးက ဒီနှစ်မှ လုပ်ရ ကိုင်ရတာလည်းကောင်းပါတယ်။ စာပေ ဗိမာန်မှာပဲ အစည်းအဝေးတွေလုပ်တယ်။ ကျွန်တော်တို့ ၇၇ ယောက်ကို အဖွဲ့တွေ ခွဲလိုက်ပါတယ်။ အဖွဲ့ခွဲပြီးတော့ အစု အလိုက်ရွေးကြပါတယ်။ ဘာမှအဟန့် အတားမရှိပါဘူး။ စာပေစိစစ်ရေးလည်း မရှိတော့ဘူးဆိုတော့ အရင်တုန်း ကလို မတင်ရတော့ဘူး။ အရင်တုန်းက တော့ ဦးစားပေးနဲ့ အရန်ဆိုပြီးတော့ အစု တစ်ခုမှာဆိုရင် နှစ်ယောက်ရွေးရတယ်။ ဒီနှစ်ကတော့ အဲဒီလိုလည်း မလိုတော့ပါ ဘူး။ အရန်လည်း မတောင်းပါဘူး။ ပြီးတော့ ဝန်ကြီးဌာနက ညွှန်ကြားတာတို့၊ ဝင်ရောက်စွက်ဖက်တာတို့ မရှိပါဘူး။ နောက်တစ်သက်တာစာပေဆုကလည်း မဲစနစ်နဲ့ရွေးတာပါ။ လုပ်ရကိုင်ရတာ အင်မတန်ကောင်းပါတယ်။ ပွင့်လင်းမြင် သာပါတယ်။ အများစုရဲ့ ဆန္ဒအတိုင်းပဲ အားလုံးလက်ခံပြီး ကျွန်တော်တို့အဖွဲ့ အတွင်းမှာပဲ တိုင်ပင်ညှိနှိုင်းပြီး ပဏ္ဏာမ အဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြု အဆင့် ကျွန်တော်တို့အချင်းချင်းပဲလုပ် ကြပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ကျေနပ်တယ်၊ အားရတယ်။ ရသင့် ရထိုက်တဲ့ စာအုပ်တွေပဲ၊ စာရေးဆရာ တွေပဲလို့ ဆရာ့စိတ်ထဲမှာတော့ အဲဒီလိုရှိ ပါတယ်။ နောက်လည်း အဲဒီအစဉ်အလာ ကို ဆရာတို့ ဆက်ထိန်းပြီးလုပ်ချင်ပါ တယ်။

**မောင်ခင်မင်(ဓနုဖြူ)**

**ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ**

ဒီနှစ်က ပြန်ဖွဲ့တဲ့အဖွဲ့သစ်မှာ ဆရာကြီး ဦးသော်ကောင်းက ဥက္ကဋ္ဌ တာဝန်ယူရပါတယ်။ ကျွန်တော်နဲ့ ဆရာ မောင်ပေါ်ထွန်းက ဒုတိယဥက္ကဋ္ဌ တာဝန် ယူပါတယ်။ ကျနော်တဲ့အဖွဲ့ဝင်တွေ အများ ကြီးပါ။ စာပေလောက စာရေးဆရာတွေ အများစုပါတာပါ။ အဲဒီ အဖွဲ့ကနေ အမျိုးသားစာပေဆုရွေးချယ်တာကတော့ ခါတိုင်းမူအတိုင်းပါပဲ။ အဖွဲ့အသီးသီး ဖွဲ့ပြီးတော့ အဲဒီအဖွဲ့အသီးသီးက စာအုပ် တွေကို ပဏ္ဏာမအဆင့်၊ ဆန်ခါတင်အဆင့် အစည်းအဝေးအကြိမ်ကြိမ်ထိုင်ပြီးတော့ မှ ရွေးချယ်ခဲ့တာပါ။



စည်သူဒေါက်တာသော်ကောင်း



မောင်ခင်မင်(ဓနုဖြူ)



မောင်ဇေယျာ



ဟိန်းလတ်

**မောင်ဇေယျာ**

**အတွင်းရေးမှူး၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ**

ဆုရွေးချယ်ရေး အဖွဲ့အနေနဲ့က ပထမဆုံး ၇၇ ယောက်အဖွဲ့မှာပါတယ်။ အဲဒီကနေ ပညာရပ်အလိုက် ၁၃ ဖွဲ့ဖွဲ့ထား ပါတယ်။ ဆုက ၁၆ ဆုရှိတယ်။ အဖွဲ့က ၁၃ ဖွဲ့ရှိပါတယ်။ အဲဒီထဲကမှ ၁၀ ဆု ကိုတော့ ဆုပေးနိုင်တယ်။ ခြောက်ဆုက တော့ ဒီနှစ် ဆုမချီးမြှင့်နိုင်ပါဘူး။ အဖွဲ့ တစ်ဖွဲ့မှာက အဖွဲ့ဝင် ခုနစ်ယောက် ဒါမှ မဟုတ် ရှစ်ယောက်ပါပါတယ်။ ၂၀၁၆ခုနှစ် မှာ ထွက်သမျှ စာအုပ်အားလုံးပါပါတယ်။ ကျွန်တော်တို့က ဆုရွေးချယ်ဖို့ အတွက် စည်းမျဉ်းစည်းကမ်းနဲ့ ညီညွတ်တဲ့ စာအုပ်တွေ၊ ဆုရွေးချယ်ရေးနဲ့ ညီတဲ့ စာအုပ်တွေကို အဖွဲ့တွေကိုဖြန့်ပေးတယ်။ ဖြန့်ပေးပြီးတဲ့အခါကျတော့ တစ်ဖွဲ့ချင်း စီကနေ ပဏ္ဏာမအဆင့်ရှိမယ်၊ ပြီးရင် ဆန်ခါတင်အဆင့်ရှိမယ်။ ပုံမှန်အားဖြင့် အစည်းအဝေးငါးကြိမ်၊ သို့သော်လည်း တချို့အဖွဲ့တွေက အစည်းအဝေး ထပ်လိုအပ်တဲ့အတွက် ခြောက်ကြိမ်၊ ခုနစ် ကြိမ်ထိအောင် လုပ်ပြီးတော့ ကျွန်တော် တို့ ရွေးချယ်ထားပါတယ်။ ဆန်ခါတင် ရွေးချယ်ပြီးမှ မျက်နှာစုံညီအဖွဲ့ကြီး အစည်းအဝေးမှာ တစ်ဖွဲ့ချင်း တစ်ဖွဲ့ချင်း က တင်ပါတယ်။ အဲဒီမှာ အားလုံးဟာ သဘောတူပြီး ရွေးချယ်တာပါ။

အထူးသဖြင့် စာရေးတဲ့လုပ်ငန်းကို ဘဝတစ်လျှောက်လုံး တစိုက်မတ်မတ် လုပ်ခဲ့တဲ့ စာရေးဆရာတွေကို ဦးစားပေး တယ်။ နောက်အသက်အရွယ်ကိုလည်း ခါတိုင်းလိုပဲ အသက် ၇၀ ကျော်အရွယ် သတ်မှတ်တယ်။ ဒီနှစ်ရွေးချယ်ခံရတာက သုံးယောက်ရှိတယ်။ အားလုံးက ဆရာကြီး ညိုဝင်းဆိုရင် ၉၄ နှစ် ၊ ဆရာသိန်းသန်း ထွန်းဆိုရင် ၈၂ နှစ်၊ ဆရာမောင်သာနိုး ဆိုရင် ၈၄ နှစ်ပါ။ အဲဒီလို အသက်အရွယ် အားဖြင့်လည်းကြီးတယ်။ စာရေးသားတဲ့ လုပ်ငန်းအားဖြင့်လည်း တစ်သက်မတ် တည်းလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်သုံးယောက်ဖြစ် ပါတယ်။ အဲဒီသုံးယောက်ကို အဖွဲ့တစ်ဖွဲ့ ချင်းကနေပြီးတော့ သုံးယောက်စီ ရွေးချယ်ရပါတယ်။ အဲဒီလိုရွေးပြီးတော့ တချို့အဖွဲ့တွေက နာမည်ထပ်တဲ့အခါရှိ တယ်။ ထပ်တဲ့အခါ မှာ ၁၈ ယောက်စာရင်း တက်လာတယ်။ အဲဒီ ၁၈ ယောက်မှာ ဥက္ကဋ္ဌသုံးယောက်ရယ်၊ ကျွန်တော်တို့ အတွင်းရေးမှူးအဖွဲ့ကသုံးယောက်ရယ်၊ နောက်အဖွဲ့ ၁၃ ဖွဲ့က ပ-ခေါင်းဆောင်၊ ဒု-ခေါင်းဆောင် အဲဒီကနေ ကျွန်တော်တို့ ဒီ ၁၈ ယောက်ထဲကနေ ငါးယောက်ကိုမဲနဲ့ ထပ်ရွေးတယ်။ အားလုံးမဲနဲ့ရွေးပြီးတော့ မှာ နောက်ဆုံးပိတ် စုံညီအစည်းအဝေးမှာ မဲနဲ့ရွေးပြီး ဒီနှစ်သုံးဦးရပါတယ်။

**ဟိန်းလတ်**

**အဖွဲ့ဝင်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ**

ကျွန်တော့်အနေနဲ့ ဆုရွေးချယ်ရေး အဖွဲ့ဝင်ဖြစ်တာ ၁၀ နှစ် ကျော်ပါပြီ။ ဒါပေမယ့် အမှန်အတိုင်းပြောရရင် ဒီနှစ် လောက်မှန်ကန်တဲ့ ပြည်သူလည်းကြိုက်၊ တကယ်အနှစ်သာရလည်းရှိ စာပေတန်ဖိုး လည်းမြင့်တဲ့ စာအုပ်တွေ ကျွန်တော်တို့ မှန်းသလိုရသွားတဲ့ ဒီနှစ်က အပြည့်စုံဆုံး ပါပဲ။ တစ်ခါတလေ သူ့အကြိုက် ကိုယ့် အကြိုက်ရှိတယ်။ အမျိုးသားစာပေဆုပေး လိုက်တဲ့စာအုပ်ကို စာဖတ်ပရိသတ်အများ စုက မကြိုက်ဘူး။ စာဖတ်ပရိသတ် အများ စု ကြိုက်တဲ့စာအုပ်ကို အနုပညာမြောက် တဲ့စာအုပ်ကို အမျိုးသားစာပေဆုမရတာ ရှိခဲ့တယ်။ ဒီနှစ်ကတော့ ဝတ္ထုရှည်ဆု၊ လူငယ်စာပေဆု၊ သုတဆု စသည်ဖြင့် ဆုတွေအားလုံးဟာ ထိုက်ထိုက်တန်တန် ရတာချည်းပဲ။

ကျွန်တော်စိတ်မကောင်းတာတစ်ခု က ဘာသာပြန်ဆု၊ ဘာသာပြန် သုတနဲ့ ဘာသာပြန်ရသစာပေဆု ဒီနှစ် ပါမလာ တာပဲ စိတ်မကောင်းဖြစ်တယ်။ ကျန်တာ တွေကတော့ ဆုရွေးချယ်ရေး အဖွဲ့သစ် ပါ။ ဒီနှစ်အစိုးရသစ်လက်ထက်မှာ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင် အသစ်တွေ ၇၇ ယောက် နဲ့ ရွေးချယ်လိုက် ကြတယ်။

အဲဒါ အမှန်ကန်ဆုံးနဲ့ အသင့်လျော် ဆုံးရလဒ်ကို ရတယ်လို့ ကျွန်တော်ယူဆ ပါတယ်။

**တွေ့ဆုံမေးမြန်း- ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

## တိုက်ပွဲရှောင် မိသားစုများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**ပလက်ဝ နိုဝင်ဘာ ၂၁**

ချင်းပြည်နယ် ပလက်ဝမြို့တွင် တိုက်ပွဲရှောင်ပြည်သူများအတွက် စားသောက်ကုန်များကူညီထောက်ပံ့ခြင်းအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပရာ ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ ဝေဠုကျော်ဖောင်ဒေးရှင်းမှ သရုပ်ဆောင် ဝေဠုကျော်နှင့်အဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုက်ပွဲရှောင်ပြည်သူများ တက်ရောက်ကြ ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တိုက်ပွဲရှောင်ပြည်သူမိသားစု ၆၇ စု၊ လူဦးရေ ၃၃၄ ဦးတို့အတွက် နိုင်ငံတော်အစိုးရမှ ဆန်အိတ် ၁၀၄ အိတ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များပူးပေါင်းကာ ဆန်အိတ် ၂၀၀၊ ဆီ ၆၇ ပိဿာ၊ ဆား ၆၇ ပိဿာ၊ ပဲ ၆၇ ပိဿာနှင့် မြန်မာ့တပ်မတော်မှ ဆန်အိတ် ၁၀ အိတ် စုစုပေါင်းတန်ဖိုးငွေကျပ် ၇၆၉၇၇၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# မိုင်းပန်မြို့နယ်၌ ဘိန်းခင်းများကို ဌာနဆိုင်ရာများ ပူးပေါင်း၍ သွားရောက်ဖျက်ဆီး



**မိုင်းပန် နိုဝင်ဘာ ၂၁**
ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ် နားမွန်ကျေးရွာအုပ်စုအတွင်းတွင် စိုက်ပျိုးထားသော ဘိန်းခင်းများအား နယ်မြေခံတပ်ရင်း တပ်ဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့က နိုဝင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ ၁၀ ရက်ကြာ ကွင်းဆင်းသွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ ဗိုလ်မှူးတင်လင်းနိုင် ဦးစီးသော တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးဇော်မင်းဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပန်တဝိပြည်သူ့စစ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဘိန်းစိုက်ခင်းများကို သွားရောက်ဖျက်ဆီးခဲ့ကြောင်း(**ယာပုံ**) နှင့် စုစုပေါင်း ဘိန်းခင်း ၁၅၄ ဒသမ ၅ ဧကကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဘားအံမြို့နယ်၌ လက်နက်ကိုင်ဆောင် မူးယစ်ဆေးရောင်းချသူအား ကိုးလုံးကျည် သေနတ်အတိုတစ်လက်၊ ကျည် ၁၂ တောင့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ



**ဘားအံ နိုဝင်ဘာ ၂၁**
ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့စိန်ဘန်းကျေးရွာအုပ်စု၌ လက်နက်ကိုင်ဆောင်ပြီး မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းအရ နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက အိန္ဒုနယ်မြေရဲစခန်းမှူး ဦးစီးသည့် ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်ဖမ်းဆီးရှာဖွေရာ အမျိုးသားတစ်ဦးအား ကိုးလုံးကျည်သေနတ် အတိုတစ်လက်၊ ၎င်းကျည် ၁၂ တောင့်နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ပြား အပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။(**အပေါ်ပုံ**)

နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲက အိန္ဒုနယ်မြေရဲစခန်းမှူး ရဲအုပ်ရဲထွဋ်မင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် လက်နက်ကိုင်ဆောင် မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းအရ ဘားအံမြို့နယ် ကော့သာခေါင်ကျေးရွာနေ ဦးလာဖိုးသိ (၅၀နှစ်) ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ပြား၊ မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ခေါင်းအုံးအောက်မှ သေနတ်အိတ်ဖြင့်ထည့်ပြီး ကျည်အသင့်ထိုးထားသော အရှည်ခြောက်လက်မခန့်ရှိ နံပါတ်မပါ ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသည့် သေနတ်အတို တစ်လက်၊ ကိုးလုံးကျည် ၁၂ တောင့်၊ ပြောက်ကျားယူနီဖောင်းတစ်စုံတို့ကို ရှာဖွေ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

လက်နက်ကိုင်ဆောင်၍ မူးယစ်ဆေးဝါးရောင်းချသူ ဦးလာဖိုးသိအား အိန္ဒုနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



**ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်နယ်မြေရဲစခန်းအပိုင် တော်ဝိကျေးရွာအနီး မိုင်တိုင် အမှတ် ၁၀၅/၄ တွင် နိုဝင်ဘာ ၂၁ ရက်က ယာဉ်မောင်းကျန်နေ မောင်းနှင်သည့် ဘိလပ်မြေတင် 6L/ ---- အီဆူဇူးကုန်တင်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျနေသည်ကို တွေ့ရစဉ်။**

ခင်အောင်လှိုင်(ညောင်လေးပင်)

## သန်လျင် အုတ်ဖိုစု-သနပ္ပင်လမ်း၌ ရထားနှင့်ကား တိုက်မှုဖြစ်ပွား

**သန်လျင် နိုဝင်ဘာ ၂၁**
သန်လျင်မြို့နယ် အုတ်ဖိုစု-သနပ္ပင်လမ်းမ၌ နိုဝင်ဘာ ၂၀ ရက် ည ၇ နာရီ ၃၅ မိနစ်က မီးရထားနှင့် ကားတိုက်မှု ဖြစ်ပွားခဲ့သည်။



သန်လျင်မြို့နယ် အုတ်ဖိုစုဘူတာမှ ရန်ကုန်ဘက်သို့ ည ၇ နာရီ မိနစ် ၃၀ က ထွက်ခွာလာသော ရထားမောင်း ဦးမျိုးဝင်းကို မောင်းနှင်လာသည့် မီးရထားစက်ခေါင်းအမှတ် RBE/---- ဟသ်ာ ၁၀ ကုန်တင်မီးရထားသည် သန်လျင်မြို့နယ် အုတ်ဖိုစု-သနပ္ပင် ဖြတ်လမ်းအရောက် တောင်ဒဂုံဘက်မှ သန်လျင်ဘက် အရှေ့မှ အနောက်သို့ ယာဉ်မောင်း စည်သူဌေး အသက် (၂၉နှစ်) အမှတ် ၂ အောင်မာဃလမ်း အောင်မင်္ဂလာရပ်ကွက် သန်လျင်မြို့နယ် နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 4F/----- ဟိုက်ဂျက်ကိုယ်ပိုင်ယာဉ်နှင့် ဝင်ရောက်တိုက်မိခဲ့သည်။

ထိုသို့ ဝင်ရောက်တိုက်မိ သဖြင့် ဟိုက်ဂျက်မော်တော်ယာဉ် အနည်းငယ်ပျက်စီးခဲ့ပြီး လူနှင့် ခရီးသည် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ရထားမှာ ည ၇ နာရီ မိနစ် ၅၀ တွင် ရန်ကုန်ဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း၊ ယာဉ်မောင်း စည်သူဌေးအား တပ်ခွဲ(၁၂)သဃ်န်းကျွန်းမြို့နယ် ရထားရဲတပ်ဖွဲ့စခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## မိုးကောင်းမြို့နယ်၌ ပွဲညက်ရှာရန်သွားရာမှ တိုက်မိုင်းပေါက်ကွဲ၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**မိုးကောင်း နိုဝင်ဘာ ၂၁**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ထိုပူးကျေးရွာအုပ်စု ဒေသအခေါ် (တိုက်ကျောင်းကျေးရွာ)အနီး၌ နိုဝင်ဘာ ၂၀ ရက် ညနေ ၆ နာရီက ဒေသခံတစ်ဦး ပွဲညက်ရှာရန် သွားရာမှ တိုက်မိုင်းပေါက်ကွဲမှုဖြစ်သဖြင့် ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့ ရွာသစ်ရပ်ကွက် အုပ်စု(၆)နေ ဦးဘီမာတူးအောင်(၃၅နှစ်)သည် မိုးကောင်းမြို့နယ် ထိုပူးကျေးရွာအုပ်စု၏ အရှေ့ဘက် ဒေသအခေါ် (တိုက်ကျောင်းကျေးရွာ)အနီးသို့ ပွဲညက်ရှာရန်သွားစဉ် တိုက်မိုင်းပေါက်ကွဲသဖြင့် ဝဲ၊ ယာ ခြေသလုံးနှင့်ပေါင်တို့တွင် လည်းကောင်း၊ ယာဘက်လက်ဖျံတို့တွင် လည်းကောင်း မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူလူနာအား ည ၈ နာရီတွင် လောကတ္ထစရိယ လူမှုကူညီရေးအသင်း (မိုးကောင်း) မော်တော်ယာဉ်ဖြင့် မိုးကောင်းဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူ(**ယာပုံ**)လျက်ရှိကြောင်း သိရသည်။



**ဝင်းနိုင်(ကချင်မြေ)**

## ဘားအံမြို့နယ်တွင် အနီထောင် လောင်းကစားပြုလုပ်သူ ၂၃ ဦးအား လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိ

**ဘားအံ နိုဝင်ဘာ ၂၁**
ကရင်ပြည်နယ် ဘားအံမြို့နယ်၌ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးပူးပေါင်းအဖွဲ့ဖြင့် လောင်းကစား သတင်းအရ ဝင်ရောက်ဖမ်းဆီးရာမှ လောင်းကစားပြုလုပ်သူ ၂၃ ဦးအား လောင်းကြေးငွေကျပ် ၁၆ သိန်းကျော်၊ လောင်းကစားပစ္စည်း ၆၆ မျိုး၊ ယာဉ်နှစ်စီး၊ ဆိုင်ကယ်ရှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ရဲအုပ်သက်စိုးဦး ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ဘားအံမြို့ ၅ ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်သန်း၊ ၂ ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်ထွန်းအောင်တို့နှင့်အတူ ဘားအံမြို့နယ် ပန်းကုံးကျေးရွာအုပ်စု မြဝတီကုန်းကျေးရွာ ရွာအပြင်လမ်းဝဲဘက်၌ အနီထောင် လောင်းကစားပြုလုပ်သည့် နေရာအား သွားရောက်ဖမ်းဆီးခဲ့ရာမှ လောင်းကစားပြုလုပ်သူ ၂၃ ဦးအား အနီထောင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လောင်းကစားပစ္စည်း ၆၆ မျိုး၊ လောင်းကြေးငွေကျပ် ၁၆၅၀၅၀၀၊ မော်တော်ယာဉ်နှစ်စီး၊ ဆိုင်ကယ်ရှစ်စီး၊ ဒိုင်နမိုနှင့်တွဲလျက် တရုတ်နီ အင်ဂျင်စက် တစ်လုံးနှင့် မီးချောင်း ၁၃ ချောင်း တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး အများသူငါ သွားလာသော နေရာတွင် အနီထောင် လောင်းကစားပြုလုပ်သူ ၂၃ ဦးကို ဘားအံမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**

## ယာဉ်ပေါ်တွင် အံဝှက်ပြုလုပ် သယ်ဆောင်လာသည့် ကျောက်စိမ်း အပိုင်းအစများဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၉၂၀၊ သွင်းကုန် ၉၅၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်၌ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၁၆၀ သန်းခန့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၄၂၀ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၅၈၀ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၀ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် Toyota Crown ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏ အောက်ကြမ်းခင်းနှင့် နောက်ထိုင်ခုံအောက်တို့တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်အပိုင်းအစ ဆိုဒ်စုံ ၁၅၇ တုံး (ကီလိုဂရမ် ၄၀၀) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အကြမ်းဖက်မှုများကို ကူညီထောက်ပံ့နေသည့် နိုင်ငံများစာရင်းတွင် မြောက်ကိုရီးယားကို အမေရိကန် ထပ်မံထည့်သွင်း




**ဝါရှင်တန် နိုဝင်ဘာ ၂၁**
မြောက်ကိုရီးယားနိုင်ငံကို အကြမ်းဖက်မှုများအား နိုင်ငံအတွင်း ကူညီပံ့ပိုးပေးနေသည့် နိုင်ငံအဖြစ် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြန်လည်သတ်မှတ်လိုက်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာမှ ပြစ်တင်ဝေဖန်မှုများမြင့်တက်လာနေချိန်အတွင်း ထရန့်က မြောက်ကိုရီးယားနိုင်ငံအား ထိုသို့စာရင်းထည့်သွင်းလိုက်ကြောင်း တနင်္လာနေ့တွင် ကြေညာခဲ့ကြောင်း သိရသည်။

နျူကလီးယားအဖျက်လက်နက်ဖြင့် ကမ္ဘာကိုခြိမ်းခြောက်နေမှုအပြင် မြောက်ကိုရီးယားသည် နိုင်ငံတကာ အကြမ်းဖက်လှုပ်ရှားမှုများကိုပါ ထောက်ခံအားပေးသည့် အပြုအမူများကို အကြိမ်ကြိမ်အခါခါ လုပ်ဆောင်ခဲ့သည့်အတွက် အကြမ်းဖက်မှုကူညီပံ့ပိုးပေးသည့် နိုင်ငံများစာရင်းတွင် ပြန်လည်ထည့်သွင်းသတ်မှတ်လိုက်ခြင်း ဖြစ်ကြောင်း ထရန့်က ပြောကြားခဲ့သည်။

ဝါရှင်တန်သည် ၁၉၈၈ ခုနှစ်က မြောက်ကိုရီးယားကို အကြမ်းဖက်မှုများအား ကူညီပံ့ပိုးပေးသည့်နိုင်ငံစာရင်းတွင် တစ်ကြိမ်ထည့်သွင်းထားခဲ့ပြီးဖြစ်သည်။ သို့သော် ၂၀၀၈ခုနှစ်တွင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က မြောက်ကိုရီးယားနိုင်ငံအားစာရင်းမှ ပယ်ဖျက်ခဲ့သည်။

သမ္မတထရန့်က ပြန်လည်စာရင်းသွင်းလိုက်ခြင်းကြောင့် မြောက်ကိုရီးယားအနေဖြင့် ဒေါသတကြီးတုံ့ပြန်လာနိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၅၀ ထက်မနည်း သေဆုံး

**ရိုလာ နိုဝင်ဘာ ၂၁**
နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းရှိ ဘာသာရေးအဆောက်အအုံတစ်ခုတွင် အင်္ဂါနေ့က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားကာ လူ ၅၀ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းတိုက်ခိုက်မှုသည် အစ္စလာမ္မစ် စစ်သွေးကြွအုပ်စုဖြစ်သည့် ဘိုကိုဟာရမ်တို့၏ ဆူပူသောင်းကျန်းမှုများကို ရင်ဆိုင်နေရသည့်ဒေသတွင် ယခုနှစ်အတွင်း လူအသေအပျောက် အများဆုံးတိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းမီဒီယာက ဖော်ပြခဲ့သည်။

အဒမ်မာဝါဒေသရှိ ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အဘူဘာကာအော့တမန်က မူဘီမြို့အတွင်းဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုတွင် သေဆုံးသူအရေအတွက်မှာ အယောက် ၅၀ ဖြစ်ကြောင်း၊ သို့သော်လည်း ဒဏ်ရာပြင်းထန်စွာ ရရှိထားသူများ ရှိနေသည့်အတွက် သေဆုံးသူအရေအတွက် ယခုထက်ပိုမိုမြင့်တက်လာနိုင်သေးကြောင်း ပြောကြားခဲ့သည်။

မူဘီမြို့သည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ဘိုကိုဟာရမ်စစ်သွေးကြွများ နယ်မြေလုယူထိန်းချုပ်ထားခဲ့ရာ အဒမ်မာဝါဒေသအတွင်း၌ရှိသည့် မြို့ဖြစ်သည်။

၂၀၁၅ ခုနှစ်အစောပိုင်းတွင် အဆိုပါဒေသရှိ စစ်သွေးကြွများအား အစိုးရတပ်ဖွဲ့ဝင်များက ဖယ်ထုတ်ခဲ့သည်။ ဘိုကိုဟာရမ်စစ်သွေးကြွများသည် အသေခံဗုံးခွဲမှုများကို လူစည်ကားရာနေရာများဖြစ်သည့် ဘာသာရေးအဆောက်အအုံများနှင့် ဈေးများတွင် ပြုလုပ်လေ့ရှိသည်။




အင်္ဂါနေ့တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုသည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက အလားတူ ဒေသအတွင်း၌ ဖြစ်ပွားသော တိုက်ခိုက်မှုကြောင့် လူ ၅၆ဦး သေဆုံးခဲ့ပြီးနောက်တွင် လူသေဆုံးမှုအမြင့်ဆုံး တိုက်ခိုက်မှု ဖြစ်သည်။ ကျောင်းနေ အရွယ်မိန်းကလေးငယ် နှစ်ဦးက အသေခံဗုံးခွဲမှု လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လူ ၅၆ ဦးသေဆုံးကာ အများအပြား ထိခိုက်ဒဏ်ရာရရှိစေခဲ့သည့် ဈေးအတွင်း တိုက်ခိုက်ခံရမှုဖြစ်သည်။

**ရိုက်တာ**

# ဗီယက်နမ်နိုင်ငံ၌ ဧည့်လမ်းညွှန်ရှားပါးမှု ရင်ဆိုင်နေရ

**ဟနွိုင်း နိုဝင်ဘာ ၂၁**
ဗီယက်နမ်နိုင်ငံသည် လတ်တလောတွင် ခရီးသွားဧည့်လမ်းညွှန် အယောက်နှစ်သောင်း ကျော်ရှိပြီး ၁၉၀၀၀ မှာ အလုပ်သင်ဧည့်လမ်းညွှန်များ ဖြစ်ကြသည်။ ထိုအရေအတွက်သည် အမှန်တကယ်လိုအပ်သည့် ဧည့်လမ်းညွှန်အရေအတွက်၏ သုံးပုံပုံ တစ်ပုံသာရှိကြောင်း အင်္ဂါနေ့တွင် ဒေသဆိုင်ရာမီဒီယာက ဖော်ပြခဲ့သည်။

စီမံလျာထားချက်အရ ယခုနှစ်တွင် နိုင်ငံခြားသားဧည့်သည် ၁၃သန်းနှင့် ပြည်တွင်း ခရီးသည် သန်း ၇၀ ကို လက်ခံသွားနိုင်ရန်အတွက် ဗီယက်နမ်၌ နိုင်ငံခြားသားခရီး သွားဧည့်သည်များကို ဝန်ဆောင်မှုပေးရန် ဧည့်လမ်းညွှန် ၂၅၀၀၀ခန့်လိုအပ်လျက်ရှိပြီး ဗီယက်နမ်ပြည်သူများအားဝန်ဆောင်မှုပေးရန်အတွက် ဧည့်လမ်းညွှန်ပေါင်း ၅၀၀၀၀ လိုအပ်လျက်ရှိကြောင်း ဗီယက်နမ်နေ့စဉ်သတင်းစာ Tanh Nien ကဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကျွမ်းကျင်သူတစ်ဦး၏ ဖော်ပြချက်ကို ကိုးကားဖော်ပြခဲ့သည်။

လာမည့်ဇန်နဝါရီလမှစတင်အကျုံးဝင်မည့် ဗီယက်နမ်၏ခရီးသွားဥပဒေအရ ဧည့်လမ်းညွှန်အဖြစ် ဆောင်ရွက်ရန်အတွက် ဧည့်လမ်းညွှန်ကတ်အပြင် ခရီးသွားအေဂျင်စီ သို့မဟုတ် ခရီးသွားအဖွဲ့အစည်းများနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုထားသည့် အလုပ်သမားကတ်ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်၏ ပထမ၁၀လအတွင်း ဗီယက်နမ်သည် နိုင်ငံတကာမှ ခရီးသွားဧည့်သည် ဝင်ရောက်မှု ၁၀ ဒသမ ၅ သန်းနီးပါးရှိပြီး နှစ်တစ်နှစ်၏ ၂၈ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကာ တောင်ကိုရီးယားနိုင်ငံမှ ခရီးသည်များဝင်ရောက်မှုမှာ ၅၃ ဒသမ ၉ ရာခိုင်နှုန်းအထိ အမြင့်ဆုံးတိုးတက်လာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကလေးသူငယ် စစ်မှုထမ်းခြင်းကို ကာကွယ်သည့် ဥပဒေကို ရက်စ်တေလာဆန် ချိုးဖောက်ခဲ့ဟုဆို

**ဝါရှင်တန် နိုဝင်ဘာ ၂၁**
အမေရိကန် ပြည်တွင်းဦးစီးဌာနရှိ အာဏာပိုင်များသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်သည် ပြည်ပစစ်ဘက်ဆိုင်ရာများက ကလေးသူငယ်များစစ်မှုထမ်းခြင်းကို ရပ်တန့်စေရန် ပုံစံရေးဆွဲထားသည့် ဖက်ဒရယ်ဥပဒေကို ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲချက်ဖြင့် အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း အစိုးရဆိုင်ရာသတင်းရင်းမြစ်များအရ သိရသည်။



တေလာဆန်သည် ပြီးခဲ့သည့်ဇွန်လအတွင်းက အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကို ကလေးစစ်သားများအသုံးပြုသည့်နိုင်ငံများအဖြစ် အမေရိကန်က ထည့်သွင်းထားသည့်စာရင်းမှ ပယ်ဖျက်ရန် ဆုံးဖြတ်လိုက်ချိန်မှ စတင်ကာ ကလေးသူငယ်စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း အက်ဥပဒေကို ချိုးဖောက်ခဲ့သည်ဟု အမေရိကန်ပြည်တွင်းဦးစီးဌာနသတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

ဖော်ပြပါနိုင်ငံများတွင် ကလေးသူငယ်များသည် စစ်မှုထမ်းရန်သွတ်သွင်းခြင်းခံခဲ့ရကြောင်းကို ပြည်တွင်းဦးစီးဌာနက လူသိရှင်ကြားအသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။ တေလာဆန်၏ ဆုံးဖြတ်ချက်သည် ပြည်တွင်းဦးစီးဌာန၏ ဒေသဆိုင်ရာဗျူရိုများမှ အကြီးအကဲများ၏ တစ်ခဲနက် ညွှန်ကြားချက်ဖြင့် ရှောင်တခင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာမှ ဖော်ပြသည့် စာရွက်စာတမ်းအထောက်အထားများအရ သိရသည်။

**ရိုက်တာ**

# တိုက်ခိုက်ရန်ကြံစည်ခဲ့သည့် ဆီးရီးယားနိုင်ငံသား ခြောက်ဦးကို ဂျာမနီက ဖမ်းဆီးထိန်းသိမ်း

**ဘာလင် နိုဝင်ဘာ ၂၁**
ဂျာမန်ရဲတပ်ဖွဲ့သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကိုယ်စား ပေါက်ကွဲပစ္စည်းနှင့် လက်နက်များကိုအသုံးပြုလျက် တိုက်ခိုက်မှုလုပ်ဆောင်ရန်ကြံစည်ခဲ့သည်ဟု သံသယရှိသည့် ဆီးရီးယားနိုင်ငံသားခြောက်ဦးကို အင်္ဂါနေ့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း တရားဥပဒေဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့သည် ကာဆယ်လ်၊ ဟာနိုဗာ၊ အက်ဆန်နှင့် လိုက်ပ်ဇစ်မြို့များ၌ ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့စဉ်အတွင်း အသက် ၂၀ နှင့် ၂၈နှစ်အတွင်းရှိ မသင်္ကာဖွယ်လူများအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဖရန့်ဖွတ်ရှိ အထွေထွေ ရှေ့နေရုံးက ဖော်ပြခဲ့သည်။ နေအိမ်တိုက်ခန်း ရှစ်လုံးကို ရှာဖွေသည့် ဝင်ရောက်စီးနင်းမှုများအတွင်း ရဲအရာရှိ ၅၀၀ ခန့် ပါဝင်လှုပ်ရှားခဲ့ကြကြောင်း သိရသည်။

သံသယရှိသူများအနက်လေးဦးသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ဂျာမနီသို့ ရောက်ရှိခဲ့ပြီးနှစ်ဦးမှာ နောက်တစ်နှစ်တွင် ထပ်မံရောက်ရှိလာခဲ့ခြင်းဖြစ်သည်ဟု ပြောသည်။

ခြောက်ဦးစလုံးသည် ခိုလှုံသူများအနေဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ခိုလှုံသူများအဖြစ်ရောက်ရှိလာသည့် ၎င်းတို့၏စာရွက်စာတမ်း အထောက်အထားများကို အတည်ပြုရခြင်းရှိမရှိကို ရှေ့နေရုံးက ပြောကြားခဲ့ခြင်းမရှိပေ။

ယခုဖမ်းဆီးမှုသည် အကြမ်းဖက်တိုက်ခိုက်မှုကျူးလွန်ရန် ကြံစည်သည်ဟု သံသယရှိမှုဖြင့် ဆီးရီးယားနိုင်ငံသားများအား ယခုလအတွင်း ဒုတိယအကြိမ် ဖမ်းဆီးမှုဖြစ်သည်။

**ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အီရန်-အီရတ်နယ်စပ်၌ ငလျင်လှုပ်ခတ်ပြီးနောက် မြေပြင် ၉၀ စင်တီမီတာခန့် မြင့်တက်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၁

ပြီးခဲ့သည့်ရက်သတ္တပတ်က အီရန်နှင့် အီရတ်နယ်စပ်၌ ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိသည့်မြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက်တွင် ထိုသို့လှုပ်ခတ်ခဲ့မှုက မြေပြင်ကို ၉၀ စင်တီမီတာခန့် မြင့်တက်သွားစေခဲ့ကြောင်း ဘူမိကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံရှိ ဘူမိဗေဒ သတင်းအချက်အလက် ထုတ်ပြန်ရေး အာဏာပိုင်အဖွဲ့သည် မြေငလျင်ကြောင့် မြေပြင်ပြောင်းလဲမှု အခြေအနေကို သိရှိနိုင်ရန် မြေပြင်လေ့လာရေးဂြိုဟ်တု ဒိုင်ချီ-၂ ကို အသုံးပြုကာ အချက်အလက်များ ရယူခဲ့သည်။

အာဏာပိုင်များက ၎င်းတို့၏ အသေးစိတ်လေ့လာမှု အချက်အလက်များအရ ငလျင်ဗဟိုချက်အနီးရှိ မြေပြင်မှာ ၃၀စင်တီမီတာခန့် ကျွံဆင်းသွားခဲ့သည်ဟု ဆိုသည်။ ငလျင်ဗဟိုချက်မ၏ တောင်ပိုင်းမှ ၈၀ ကီလိုမီတာအကွာ မြေပြင်တစ်လျှောက်မှာ ၁၀စင်တီမီတာခန့် မြင့်တက်သွားသည်ဟု ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

### ပါတိုရီကို ကို ကူညီထောက်ပံ့ပေးရန် ပြည်သူများ ဆန္ဒပြတောင်းဆို

ဝါရှင်တန် နိုဝင်ဘာ ၂၁

ဟာရီကိန်းမုန်တိုင်းဒဏ်ကို ထိခိုက်ခံစားခဲ့သည့် ပါတိုရီကို ကျွန်းကိုဝန်းရံသည့် အနေဖြင့် ရာနှင့်ချီသော ဆန္ဒပြပြည်သူများသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ လမ်းများပေါ်သို့ စုဝေးချီတက်ခဲ့ကြသည်။

ဟာရီကိန်းမုန်တိုင်း မာရီယာသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပါတိုရီကိုကျွန်းကို မွှေနှောက်ဖျက်ဆီးခဲ့ရာ ကျွန်းပေါ်ရှိ အခြေခံအဆောက်အအုံများအကြီးအကျယ် ထိခိုက်ပျက်စီးခဲ့ရသည်။ ကျွန်းပေါ်ရှိ ပြည်သူ ၃ ဒသမ ၄ သန်းတို့တွင် ထက်ဝက်ခန့်မှာ ယခုအချိန်အထိ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို ရင်ဆိုင်နေရဆဲဖြစ်သည်။

အမေရိကန်ပြည်ထောင်စု မြို့တော် ဝါရှင်တန်ဒီစီ၌ ဆန္ဒပြသူများစွာတို့သည် ပါတိုရီကိုအလံများကိုကိုင်ဆောင်ထားကြပြီး ပါတိုရီကိုအတွက် တိုက်ပွဲဝင်မည်ဟုရေးသားထားသော ဆောင်ပုဒ်များကို စွဲကိုင်လျက် လင်ကွန်းအထိမ်းအမှတ် ကျောက်တိုင်ဆီသို့ စုဝေးချီတက်ခဲ့ကြသည်။

အိမ်ဖြူတော်သည် ပြီးခဲ့သည့် သောကြာနေ့က ပါတိုရီကို အပါအဝင် နိုင်ငံတစ်ဝန်းရှိ သဘာဝဘေးဒဏ် ခံစားခဲ့ရသည့် ဒေသများသို့ ကူညီထောက်ပံ့ပေးရန် တောင်းဆိုထားသည့် အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံကို ကွန်ဂရက်လွှတ်တော်သို့ ပေးပို့ခဲ့သည်။ သို့သော် ဥပဒေအမတ်များက ယင်းတောင်းခံမှုပမာဏသည် ဒေသဆိုင်ရာ အာဏာပိုင်များက အမှန်တကယ် လိုအပ်လျက်ရှိသည့် ငွေကြေးအကူအညီလိုအပ်မှုပမာဏနှင့်များစွာကွာဟနေကြောင်းပြောကြားခဲ့သည်။ **ဆင်ဟွာ**

# တစ်ထောင့်တစ်ညဆွေးနွေးမှုများနဲ့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်

**တင်လင်းအောင်**

ဂျာမန်ညွန့်ပေါင်း အစိုးရတစ်ရပ်ဖွဲ့စည်းဖို့ ဆွေးနွေးညှိနှိုင်းမှုတွေဟာ အလုပ်ဖြစ်နိုင်တယ်လို့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က သူမရဲ့ ၁၂ နှစ်တာ အာဏာမြဲနေခြင်း နိဂုံးချုပ်တော့မယ့် ဘေးအန္တရာယ်များ သို့မဟုတ် နည်းလမ်းသုံးသွယ် မဟာမိတ်ဖွဲ့ရေး တစ်ထောင့်တစ်ညဆွေးနွေးမှုမတိုင်မီ မကြာသေးမီက ပြောကြားခဲ့ပါတယ်။

အသက် ၆၃ နှစ်ရှိပြီဖြစ်တဲ့ အိန်ဂျလာမာကယ်ဟာ သူရဲ့ကွန်ဆာဗေးတစ်တွေ၊ စီးပွားရေး ထောက်ခံလိုလားတဲ့ လွတ်လပ်သော ဒီမိုကရက်တွေ၊ ဂေဟဗေဒချစ်ခင်သူ ဂရင်းစ်အဖွဲ့တွေနဲ့ မဖြစ်နိုင်တဲ့ မဟာမိတ်တစ်ရပ်ဖွဲ့ဖို့ ကြိုးစားနေပါတယ်။

အဲဒီလို ပေါင်းစပ်ဖွဲ့စည်းမှုတွေဟာ ဝန်ကြီးချုပ်တစ်ဦးအနေနဲ့ ၎င်းရဲ့ စတုတ္ထသက်တမ်းကို ထပ်မံအုပ်ချုပ်ဖို့ အမျိုးသားအဆင့်မှာတော့ မှတ်ကျောက်တင်ခံနိုင်မလား၊ မခံနိုင်ဘူးလားဆိုတာကတော့ လေ့လာစောင့်ကြည့်ရမှာပါ။

အဲဒီလို ကိစ္စတွေအဆုံးသတ်ဖို့ သူဟာ မဟာမိတ်ဖွဲ့ဖို့ ဆွေးနွေးမှုတွေ အလျင်အမြန် လုပ်ချင်နေပါတယ်။ ဒါမှသာ မဟာမိတ်အဖွဲ့ဝင်ဖြစ်လာမယ့်သူတွေ၊ ပုံမှန်ဆွေးနွေးညှိနှိုင်းမှုတွေ ဆက်လက်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

သို့သော်လည်း လူဝင်မှုကြီးကြပ်ရေး၊ ဘဏ္ဍာရေး၊ ရာသီဥတုကာကွယ်ရေးစတဲ့ တချို့အရေးကြီးတဲ့ ကိစ္စတွေမှာတော့ အချို့ပါတီတွေဟာ အလှမ်းကွာဝေးနေဆဲ ရှိပါသေးတယ်။

"ကျွန်မတို့မှာ မတူညီတဲ့ ရာထူးတွေနဲ့ ကျွမ်းကျင်မှုတွေရှိတယ်၊ အဲဒါတွေသာ တကယ်လုပ်မယ်ဆိုရင် အလုပ်ဖြစ်လာမယ်လို့ ကျွန်မယုံကြည်ပါတယ်၊ ဆွေးနွေးမှုအဆုံးမှာ အပြုသဘောဆောင်တဲ့ အကျိုးရလဒ်တွေ ထွက်ပေါ်လာမှာပဲဖြစ်ပါတယ်၊ သို့သော်လည်း အဲဒါဟာ ခက်ခဲတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်" ဟု အိန်ဂျလာမာကယ်က သတင်းထောက်များကို ပြောခဲ့ပါတယ်။

"ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှုဟာ အချိန်အတော်လေးကြာမှာဖြစ်ပေမယ့် ကျွန်မအနေနဲ့ကတော့ ပါဝင်ဆွေးနွေးဖို့ အဆင်သင့်ဖြစ်နေပါပြီ" ဟု ၎င်းက ဆက်လက်ပြောခဲ့ပါတယ်။

အိန်ဂျလာမာကယ်ဟာ လတ်တလောမှာ သူရဲ့ ကွန်ဆာဗေးတစ်အုပ်စုရဲ့ ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် သူရဲ့ ဘာဗားရီးယန်းမဟာမိတ်အုပ်စုဖြစ်တဲ့ ခရစ်ယာန်လူမှုရေးသမဂ္ဂ (စီအက်စ်ယူ)ဟာ အထူးသဖြင့် လူဝင်မှုကြီးကြပ်ရေးနဲ့ ပတ်သက်ပြီး မဟာမိတ်ဖွဲ့မယ့် သဘောတူညီမှုအပေါ် လိုက်လျောညှိနှိုင်းမှု သိပ်မရှိတာကို တွေ့ရပါတယ်။

ဂေဟဗေဒချစ်ခင်သူ ဂရင်းစ်အဖွဲ့က လက်မခံချင်တဲ့၊ ပမာဏဖြစ်တဲ့ ဒုက္ခသည် နှစ်သိန်းကို လူသားချင်းစာနာနားလည်မှုအနေနဲ့ ဂျာမနီက နှစ်တိုင်းလက်ခံခဲ့ပါတယ်။



ဒုက္ခသည် နှစ်သိန်းကို လူသားချင်းစာနာနားလည်မှုအနေနဲ့ ဂျာမနီက နှစ်တိုင်းလက်ခံတဲ့အပေါ် "ကျွန်တော်တို့ သဘောမတူမှုတွေနဲ့ ခြားနားကွာဟချက်အားလုံးကို ဖြေရှင်းနိုင်မလားဆိုတာ ကျွန်တော်မသိပါဘူး" ဟု မာကယ် ခရစ်ယာန် ဒီမိုကရက်တစ်ပါတီ (စီဒီယူ) ရဲ့ညီအစ်မပါတီဖြစ်တဲ့ ခရစ်ယာန်လူမှုရေးသမဂ္ဂ (စီအက်စ်ယူ)ပါတီရဲ့ အကြီးတန်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျော်ချင်က ဆိုပါတယ်။

"ဘယ်နည်းနဲ့မဆို ညွန့်ပေါင်းအဖွဲ့တစ်ဖွဲ့မရှိသင့်ပါဘူး" ဟု မာကယ် ခရစ်ယာန် ဒီမိုကရက်တစ်ပါတီ (စီဒီယူ) ရဲ့အကြီးတန်း အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျန်စပန်က the Passauer Neue Presse သတင်းစာကို ပြောကြားခဲ့ပါတယ်။

**" အိန်ဂျလာမာကယ်ဟာ အရည်အချင်းရှိတဲ့ ဆွေးနွေးညှိနှိုင်းသူတစ်ဦး ဖြစ်တယ်လို့ ဥရောပသမဂ္ဂအစည်းအဝေးမှာ လူသိများခဲ့ပါတယ်၊ ဒီစွမ်းရည်တွေကို အသုံးပြုပြီး နည်းလမ်းသုံးသွယ် မဟာမိတ် သို့မဟုတ် ဂျမေကာ ညွန့်ပေါင်းအဖွဲ့ကို စိတ်ချရတဲ့ အခြေအနေတစ်ရပ်ရောက်အောင် ဖန်တီးနိုင်ဖို့ ကြိုးစားနေ"**

ဂျာမန်မီဒီယာတွေ ခေါ်လေ့ရှိတဲ့ "ဓားရှည်များရဲ့ည"စည်းဝေးမှု သို့တည်းမဟုတ် တစ်ထောင့်တစ်ညဆွေးနွေးမှု မတိုင်ခင်မှာ ညှိနှိုင်းဆွေးနွေးသူတွေဟာ မတူညီတဲ့ ပုံစံတွေနဲ့ ဆွေးနွေးမှု အတော်များများကို လုပ်ဆောင်လျက်ရှိပါတယ်။

အိန်ဂျလာမာကယ်ဟာ အရည်အချင်းရှိတဲ့ ဆွေးနွေးညှိနှိုင်းသူ တစ်ဦးဖြစ်တယ်လို့ ဥရောပသမဂ္ဂအစည်းအဝေးမှာ လူသိများခဲ့ပါတယ်။ ဒီစွမ်းရည်တွေကို အသုံးပြုပြီး နည်းလမ်းသုံးသွယ် မဟာမိတ် သို့မဟုတ် ဂျမေကာ ညွန့်ပေါင်းအဖွဲ့ကို စိတ်ချရတဲ့အခြေအနေတစ်ရပ်ရောက်အောင် ဖန်တီးနိုင်ဖို့ ကြိုးစားနေပါတယ်။ ဂျမေကာလို့ ဘာလို့ခေါ်လဲဆိုရင် ပါတီတွေရဲ့အရောင်တွေဟာ ကာရစ်ဘီယန်နိုင်ငံအလံနဲ့တူလို့ အဲဒီလို ခေါ်လိုက်တာပဲ ဖြစ်ပါတယ်။

"ဂျမေကာ ကျရှုံးရင် သူမလည်း ကျရှုံးမှာပါပဲ"လို့ စောင်ရေအများဆုံး ထုတ်ဝေနေတဲ့ ဘိုင်းဒ်နေ့စဉ်သတင်းစာမှာ ရေးသားဖော်ပြခဲ့ပါတယ်။

အောက်လွှတ်တော် (Bundestag) မှာ ကွန်ဆာဗေးတစ်အုပ်စုပြီးရင် ဒုတိယအင်အားအကြီးဆုံး ပါတီဖြစ်တဲ့ လက်ဝဲနည်းနည်းရောက် အလယ်အလတ်ပါတီဖြစ်တဲ့ ဆိုရှယ်ဒီမိုကရက်ပါတီ (အက်စ်ပီဒီ) က ၁၉၃၃ ခုနှစ် ရွေးကောက်ပွဲအခြေအနေဆိုးရွားသွားပြီး ကတည်းက သူတို့ကိုယ် သူတို့ ပြန်လည်တည်ဆောက်မှုတွေလုပ်ဆောင်နေတယ်လို့ ပြောခဲ့ပါတယ်။

ညွန့်ပေါင်းဖွဲ့ဖို့ မအောင်မြင်ဘူးဆိုရင်တော့ ရွေးကောက်ပွဲသစ်ကျင်းပပြုလုပ်ရမှာ ဖြစ်ပါတယ်။ လက်ယာစွန်းအတော်ယိမ်းတဲ့ အော်တာနေးတစ်ဖော်ဂျာမနီ (အေအက်ဖ်ဒီ) အသာစီးရသွားမှာကိုလည်း ညှိနှိုင်းဆွေးနွေးမှုလုပ်နေတဲ့ ပါတီအားလုံးက မလိုချင်ပါဘူး။

လက်ယာစွန်း အတော်ယိမ်းတဲ့ အော်တာနေးတစ်ဖော် ဂျာမနီ (အေအက်ဖ်ဒီ) ပါတီ တွဲဖက်ခေါင်းဆောင် အလိုက်စ်ဝေဒယ်က နည်းလမ်းသုံးသွယ် မဟာမိတ် သို့မဟုတ် ဂျမေကာ ညွန့်ပေါင်းအဖွဲ့ရဲ့ ဆွေးနွေးမှုတွေက အကျိုးရလဒ်တွေ မဖော်ဆောင်နိုင်ခဲ့ပါဘူးလို့ ဝေဖန်ခဲ့ပါတယ်။

"ကွန်ဆာဗေးတစ်သမဂ္ဂ၊ အက်ဖ်ဒီပီနဲ့ ဂရင်းစ်အဖွဲ့တွေဟာ သဘောတူညီမှု မရခဲ့ဘူးဆိုရင် ရွေးကောက်ပွဲသစ်ကို ကျင်းပရမှာပဲဖြစ်ပါတယ်" လို့ လက်ယာစွန်းအတော်ယိမ်းတဲ့ အော်တာနေးတစ်ဖော်ဂျာမနီ (အေအက်ဖ်ဒီ) ပါတီ တွဲဖက်ခေါင်းဆောင် အလိုက်စ်ဝေဒယ်က Die Welt နေ့စဉ်သတင်းစာကို ပြောခဲ့ပါတယ်။

မာကယ်ရဲ့ မိတ်ဆွေလည်းဖြစ်၊ ဥရောပသမဂ္ဂ ဘတ်ဂျက်ကော်မရှင်နာလည်းဖြစ်တဲ့ ဂူအန်သာအော်တင်ဂါက ဘာလင်မှာကျင်းပတဲ့ စီးပွားရေးဆွေးနွေးပွဲမှာ တကယ်လို့ ကွန်ဆာဗေးတစ်သမဂ္ဂ၊ အက်ဖ်ဒီပီနဲ့ ဂရင်းစ်အဖွဲ့တွေဟာ သဘောတူညီမှုမရခဲ့ဘူးဆိုရင် လက်ယာစွန်းအတော်ယိမ်းတဲ့ အော်တာနေးတစ်ဖော်ဂျာမနီ (အေအက်ဖ်ဒီ) ပါတီကို လူကြိုက်များလာမှာဖြစ်ပါတယ်။ "ဒါဟာ ဥရောပမှာ ကျွန်တော်တို့ကို ထိခိုက်စေနိုင်ပါတယ်" ဟု သူက ပြောပါတယ်။

ညှိနှိုင်းဆွေးနွေးတဲ့ သူတွေသဘောတူတယ်ဆိုရင်တောင်မှ နောက်ထပ် ဖြတ်ကျော်မှုတွေ အတော်လေး လုပ်ရဦးမှာ ဖြစ်ပါတယ်။

တကယ့် စမ်းသပ်မှုကတော့ နိုဝင်ဘာ ၂၅ ရက်မှာလုပ်မယ့်ဆွေးနွေးပွဲပဲ ဖြစ်ပါတယ်။ အဲဒီမှာ ညွန့်ပေါင်းပါတီတွေရဲ့ ကတိကဝတ်တွေကို မှတ်ကျောက်တင်ရမှာပဲ ဖြစ်ပါတယ်။

ဆွေးနွေးညှိနှိုင်း သူတွေအနေနဲ့ အခက်အခဲတွေကို ရင်ဆိုင်ရမယ်ဆိုရင်တောင် တချို့ကတော့ သဘောတရား မြင်သာအောင် ဆွေးနွေးမှုတွေကို တစ်ညတည်းနဲ့ ပြီးဆုံးမသွားမယ့် ဆွေးနွေးပွဲမှာ ချဲ့ထွင်ဆွေးနွေးမှုတွေ မလုပ်ချင်တော့ပါဘူး။ ဆွေးနွေးမှု အချို့လုပ်ဆောင်ပြီးပေမယ့်လည်း တည်ငြိမ်တဲ့ညွန့်ပေါင်းအဖွဲ့အတွက် အတိအကျ ဘာမှမပြောနိုင်သေးပါဘူး။

ဒီဖြစ်စဉ်အပေါ် တကယ်တမ်းလေ့လာကြည့်မယ်ဆိုရင် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ကလည်း သူရဲ့ စတုတ္ထသက်တမ်းကို ထပ်မံလိုချင်နေတယ်ဆိုတာ အထင်အရှားတွေ့မြင်နိုင်ပါတယ်။

ဒါကြောင့် ၎င်းဟာ ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ဖို့ အရေးအစွမ်းကုန် ကြိုးစားဆောင်ရွက်နေတာပဲဖြစ်ပါတယ်။ တစ်ဖက်ကလည်း အကယ်၍ အိန်ဂျလာမာကယ်အနေနဲ့ ညွန့်ပေါင်းအစိုးရ မဖွဲ့နိုင်ဘူးဆိုရင် ရွေးကောက်ပွဲ ထပ်မံကျင်းပရမှာဖြစ်ပြီးတော့ အဲဒီရွေးကောက်ပွဲမှာ ပါဝင်ဖို့ အခွင့်အရေးကို မျှော်လင့်စောင့်စားလျက်ရှိပါတယ်။

အိန်ဂျလာမာကယ့်အတွက်တော့ ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့နိုင်ဖို့အရေး တစ်ထောင့်တစ်ည ဆွေးနွေးမှုတွေကို မြန်မြန်ဆန်ဆန် အဆုံးသတ်ရမှာဖြစ်ပြီးတော့ သဘောတူညီချက်ရရှိအောင် အလျင်အမြန် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ဒါမှသာ သူရဲ့ စတုတ္ထသက်တမ်း ခြိမ်းခြောက်ခံနေရမှု အန္တရာယ်မှ လွတ်မြောက်နိုင်မှာ ဖြစ်ပါတယ်။ သို့မဟုတ်ပါက ...။ ။

# သာသနဓဇ ဓမ္မာစရိယဘွဲ့ရ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကျင်းပ



**ကျောက်ကြီး နိုဝင်ဘာ ၂၁**

သာသနဓဇ ဓမ္မာစရိယ(BA-MA-Ph.D)ဘွဲ့များ ရရှိတော်မူသော ကျောက်ကြီးမြို့နယ်မှ သက်တော်အငယ်ဆုံး သာသနာ့အာဇာနည် ဒေါက်တာအရှင်ဝိဝေကာနန္ဒအား ဂုဏ်ပြုပူဇော်ပွဲ ဂုဏဝိသိဋ္ဌ မင်္ဂလာအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ရှိ ကုန်းကျောင်းပရိယတ္တိစာသင်တိုက်၌ နိုဝင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပူဇော်ပွဲတွင် ဧည့်ပရိသတ်များက ရမည်းသင်းမြို့ ကူတိုကျောင်းတိုက်ဆရာတော်ထံမှ သီလခံယူကြပြီး ပူဇော်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင် ဦးအောင်သင်းက ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားပြီး ဂုဏ်ပြုပူဇော်ခံ ဘွဲ့ရ သာသနာ့အာဇာနည် အရှင်သူမြတ်၏ ထေရုပ္ပတ္တိအကျဉ်းကို ဒါယကာတစ်ဦးက ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံကျော်အဆိုတော် ရွှေတံဆိပ်ဆုရှင် မခင်ပိုးပန်းချီက ရန်ကုန်မြို့ မြစည်းခုံကျောင်းတိုက်ဆရာတော် ရေးသားချီးမြှင့်အပ်သော အချီအချ ပဒပိုဒ်စုံရတု၊ ထပ်တွန့်တေးထပ်နှင့် ထူးမခြားနားသီချင်း၊ အောင်စေပိုင်စေ တေးသီချင်းများဖြင့် သီဆိုပူဇော်ခဲ့ပြီး ရန်ကုန်မြို့ မြစည်းခုံကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဒေါက်တာဝိဝေကာနန္ဒသည် ၁၃၅၈ ခုနှစ်မှ ၁၃၆၇ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း ဓမ္မာစရိယဘွဲ့ရရှိပြီး ၁၃၆၁ ခုနှစ်တွင် အစိုးရ ပထမပြန်စာမေးပွဲ ပထမငယ်တန်းကို ကျောက်ကြီးမြို့ ကုန်းကျောင်း ပရိယတ္တိစာသင်တိုက်မှ ဝင်ရောက်ဖြေဆိုကာ တစ်နိုင်ငံလုံးဒုတိယ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၃၇၅ ခုနှစ်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ စာဝါပို့ချ၍ ၁၃၇၆-၁၃၇၇ ကာလတွင် စာမျက်နှာ ၃၀၀ ခန့်ရှိသော Ph.D ကျမ်းကြီးကို ရေးသားပြီးစီးကာ Ph.D အင်တာဗျူးဖြေပြီး ဒေါက်တာဘွဲ့ကို ဆွတ်ခူးရရှိခဲ့သည်။ ယခုအခါ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ သက်တော်အငယ်ဆုံး ဒေါက်တာ ဘွဲ့ရသာသနာ့အာဇာနည်တစ်ပါးအနေဖြင့် တရား ဟောခြင်း၊ ပရိယတ္တိစာပေများပို့ချခြင်းတို့ဖြင့် သာသနာ့ တာဝန်တို့ကို ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၁**

ကလေးသူငယ်များသည် မိမိတို့နှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များတွင် ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်း နည်းလမ်းဖြင့် ကလေးသူငယ်များ၏ ပါဝင်ဆောင်ရွက်ခြင်းကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်ကြစေရန်၊ ကလေးများအချင်းချင်း ပိုမိုချစ်ခင်ရင်းနှီးမှု ရရှိလာစေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကို မြှင့်တင်ပေးရန်၊ ကလေးသူငယ်များသည် ကမ္ဘာ့ကုလသမဂ္ဂ သဘောတူစာချုပ်ပါ ကလေးသူငယ်အခွင့်အရေးများကို သိရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် အနာဂတ်အလင်းရောင် ဘဝတူကူညီပံ့ပိုးရေးအဖွဲ့က ဦးစီးကျင်းပသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်သော (၂၈)နှစ်မြောက် ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အကြိုအထိမ်းအမှတ်အဖြစ် ကျင်းပသည့် အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ခင်စန်းရီက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကလေးများရန်ပုံငွေအဖွဲ့မှ ပေးပို့သော သဝဏ်လွှာကို အနာဂတ်အလင်းရောင် ဘဝတူကူညီပံ့ပိုးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ထွန်းက ဖတ်ကြားသည်။

ထို့နောက် ထွန်းတောက်ကြယ် ကလေးသူငယ်အဖွဲ့နှင့် စူပါဟီးရိုးကလေးသူငယ်အဖွဲ့တို့က အဆိုအကများဖြင့် ဖျော်ဖြေကြသည်။ **ခရိုင် (ပြန်/ဆက်)**

# တိုက်ပွဲရှောင်မိသားစုများအား တန်ဖိုးနည်းအိမ်ရာသို့ ရွှေ့ပြောင်းနေရာချထား

**ဖန်းမော် နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်းရှိ စစ်ရှောင်မိသားစုများအား ရိခူးမံခံကျေးရွာရှိ တန်ဖိုးနည်းအိမ်ရာသို့ ပြောင်းရွှေ့နေရာ ချထားပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းတို့ကို နိုဝင်ဘာ ၁၉ ရက်က ဆောင်ရွက်ခဲ့ပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သွားရောက်ထောက်ပံ့ နေရာချထားပေးခဲ့ကြကြောင်း သိရသည်။

တန်ဖိုးနည်းအိမ်ရာများသို့ စတင်ရွှေ့ပြောင်းနေထိုင်မည့် စစ်ရှောင်မိသားစုများအား နေရာချထားပေးခြင်းနှင့် ပြန်လည်ထူထောင်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ စစ်ရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်သူများအား ၎င်းတို့၏ဆန္ဒနှင့်အညီ နေရပ်သော်လည်းကောင်း၊ ပြန်လည်ထူထောင်ရေးစခန်းများတွင်လည်းကောင်း ပြန်လည်အခြေချ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်းတို့အပြင် အခြေချနေထိုင်မည့် မိသားစုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေ့ပြောင်းနေထိုင်မည့် မိသားစု ၁၇ စုတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့်ဆန်အိတ် ၂၀၊ အနွေးထည် ၆၁ စုံကို ပြည်နယ်ဝန်ကြီးက ပေးအပ်ပြီး ပြည်နယ်ပညာရေးမှူးက ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးအိတ်နှင့် စာရေးကိရိယာ ၆၁ စုံ၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူးက မိသားစုသုံး ပစ္စည်း ကိုးမျိုးပါ ပုံး ၁၇ပုံးနှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၁၇၆၄၀၀၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့က အိမ်ထောင်စု ၁၇ စုအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများနှင့် အမျိုးသမီးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ စစ်ရှောင်မိသားစုများအတွက် ရွှေ့ပြောင်းနေရာချထားပေးသည့် တန်ဖိုးနည်းအိမ်ရာစခန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး အိမ်အလုံးရေ ၈၇ လုံးနှင့် စက်ရေတွင်းများ ပါဝင်ကာ မီး ရရှိရေးအတွက် လျှပ်စစ်မှ 11KVA ဓာတ်အားလိုင်းနှင့် 50KVA ထရန်စဖော်မာတစ်လုံးကို တပ်ဆင်၍ ၄၀၀ ဗို့လိုင်း တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးသည် ဗန်းမော်မြို့ဖန်းခါးကုန်းနှစ်ခြင်းဘုရားကျောင်းဝင်းအတွင်းရှိ စစ်ရှောင်စခန်းမှ မိသားစုများအား တွေ့ဆုံအားပေးပြီး ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ အိမ်ထောင်စုများအတွက် ပထမအရစ် ထောက်ပံ့ငွေအဖြစ် အိမ်ထောင်စု ၆၄ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၉၀၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# တရားရုံးအသုံးပြုသူများ ဝန်ဆောင်မှုသင်တန်းဖွင့်



**ကလေး နိုဝင်ဘာ ၂၁**

ကလေးခရိုင် ကလေးမြို့၌ တရားရုံးအသုံးပြုသူများ ဝန်ဆောင်မှုသင်တန်းကို နိုဝင်ဘာလဒုတိယပတ်က မြို့နယ်တရားရုံး၌ ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ချယ်ရီကြည်က အမှာစကားပြောကြားပြီး သင်တန်းသို့ ကလေးခရိုင် တရားရုံး၊ တမူးခရိုင် တရားရုံး၊ မော်လိုက်ခရိုင် တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ၌ တာဝန်ထမ်းဆောင်လျက်ရှိသော တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ချယ်ရီကြည်နှင့် အဖွဲ့က ရာဇဂြိုလ် (၁)၊ (၂)ရှိ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ မော်လိုက်၊ ကလေး အကျဉ်းထောင်၊ ကလေးမြို့မရဲစခန်း၊ အချုပ်ခန်းနှင့် ချက်ပြုတ်ခန်းတို့ကို ကြည့်ရှု စစ်ဆေးပြီး အကျဉ်းသား အကျဉ်းသူများ၊ အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

**စေတုတ္တရာ နိုဝင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော်လျက်ရှိရာ စေတုတ္တရာမြို့နယ်အတွင်းတွင် ကျေးရွာပေါင်း ၁၄ ရွာ ယူနစ်အားဖြင့် ၁၄ ယူနစ် ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် ငလဲကျေးရွာအား ဇန်နဝါရီ ၂၃ ရက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် ချေးငွေကျပ် သိန်း ၃၀၀ အား စတင်ထုတ်ချေးခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၉ ဦးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆ ဦးတို့၏ လုပ်ငန်းအကောင်အထည်ဖော်မှုအား စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မေသူလွင် (မကွေးကိုယ်ပွား)**

# တပ်မတော်၏ အမျိုးသားရေးဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံပွဲကျင်းပ

**မြဝတီ နိုဝင်ဘာ ၂၁**

ကရင်ပြည်နယ် မြဝတီမြို့ မြစန္ဒီပန်းခြံ၌ တပ်မတော်၏ လက်ရှိရခိုင်ပြည်နယ်အတွင်း အမျိုးသားရေးဆောင်ရွက်ချက်များအပေါ် မြို့နေပြည်သူများက ကြိုဆိုထောက်ခံပွဲတစ်ရပ်ကို နိုဝင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

ထောက်ခံပွဲတွင် မြစန္ဒီပန်းခြံ စင်မြင့်၌ ဇွဲကပင်ဆရာတော် ဦးကဝိဇနှင့် ပြည်နယ်သံဃနာယက အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ ပညာနန္ဒာတို့က သြဝါဒမိန့်ကြားပြီး လူပုဂ္ဂိုလ် ခေါင်းဆောင်ဦးတို့က လက်ရှိ တပ်မတော်၏ ရခိုင်ပြည်နယ်အတွင်း အမျိုးသားရေးဆောင်ရွက်ချက်များအပေါ် ကြိုဆိုထောက်ခံကြောင်း ဟောပြောကြသည်။ ထို့နောက် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်းနှင့် ဆင်ဖြူရှင် စစ်ကြောင်းဟူ၍ စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် ချီတက်ပြီး ချစ်ကြည်ရေးတံတားကြီးကို ချဉ်းကပ်လမ်းအတိုင်းပတ်ကာ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း ပြန်လည်ချီတက်လျက် မြစန္ဒီပန်းခြံအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

အဆိုပါ တပ်မတော်ထောက်ခံပွဲကို ဦးဆောင်သူမှာ ဦးမြင့်သိန်းဝင်းဖြစ်ပြီး ပြည်သူအင်အား ၂၀၀၀ ခန့် စုပေါင်းပါဝင်ချီတက်လှည့်လည်ခဲ့ကြကာ ထောက်ခံပွဲကျင်းပရန် နိုဝင်ဘာ ၉ ရက်က သက်ဆိုင်ရာသို့ တင်ပြပြီး စနစ်တကျ ကျင်းပခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**





ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရေပေးဝေရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေနှင့် ဦးအုန်းသွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ ခရိုင် (ပြန်/ဆက်)

## စဉ့်ကူးမြို့တွင် အဘိဓမ္မာသင်တန်း ပို့ချနိုင်ရေးစည်းဝေး

**စဉ့်ကူး နိုဝင်ဘာ ၂၁**

စဉ့်ကူးမြို့၌ ရခဲလှသောလူ့ဘဝတွင် ကြုံရခဲလှသော ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးနှင့် ကြုံတွေ့ရခိုက် သင်ယူနာကြားခွင့်ရရန် ခဲယဉ်းလှသော မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်များကို သင်ယူနားကြားခွင့်ရ၍ လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာတို့ကို ရရှိကြစေခြင်းအလို့ငှာ အဘိဓမ္မာသင်တန်းများကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဘိဓမ္မာသင်တန်းဖွင့်လှစ်ပို့ချနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ရွှေရပ်တော် မြတ်စွာဘုရားဓမ္မာရုံတွင် ကျင်းပပြုလုပ်ရာ ဘဒ္ဒန္တသြဘာသအမှူးပြုသော သြဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အဘိဓမ္မာသင်တန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အုန်းနှင့် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသြဘာသအရှင်မြတ်က သြဝါဒမြွက်ကြားရာ သင်ကြားမှုစနစ်မှန်ကန်ရေး၊ သင်ကြားမည့်ဆရာ ဆရာမများရရှိရေး၊ သင်တန်းသားများ တက်ရောက်နိုင်ရေးနှင့် သင်တန်းနေရာသတ်မှတ်ရေး၊ သင်တန်းအထောက်အကူပြုပစ္စည်းများ စုဆောင်းရရှိရေးတို့ကို ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် သင်တန်းဖြစ်မြောက်ရေးဒုတိယဥက္ကဋ္ဌ ဦးတင်အုန်းက သင်တန်းနည်းပြဆရာ ဆရာမများ ဆက်သွယ်ခေါ်ယူရရှိမှု အခြေအနေများ၊ သင်တန်းသားများခေါ်ယူနိုင်မည့်အစီအစဉ်များ၊ သင်ထောက်ကူပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများ၊ သင်တန်းရန်ပုံငွေရှာဖွေနိုင်မှုအခြေအနေများ၊ သင်တန်းဖွင့်လှစ်မည့်နေရာနှင့် သင်တန်းစတင်ဖွင့်လှစ်မည့် နေ့ရက်သတ်မှတ်ရေးအခြေအနေများနှင့် သင်တန်းအောင်မြင်စွာဖွင့်လှစ်နိုင်မှုတို့ကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများမှ လိုအပ်သည်များ အကြံပြုဆွေးနွေးဆောင်ရွက်ကြကြောင်း သိရသည်။

**ဝင်းမောင်**

## ဥယျာဉ်ရပ်ကွက် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်၌ ရွှေမေတ္တာလမ်း ကွန်ကရစ်ခင်းမှုများ ပြီးစီး၍ ဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ယင်းလမ်းသစ်ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးလှိုင်၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ထူးကုမ္ပဏီ အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ယင်းလမ်းအရှည် ၄၀၀ ပေ၊ လမ်းအကျယ် ၂၆ ပေ၊ လမ်းအမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းပြီး ၎င်းလမ်းကို ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ ကျပ်သိန်း၅၀၊ ထူးကုမ္ပဏီမှ လှူဒါန်းငွေ ကျပ် သိန်း၅၀၊ ဥယျာဉ်ရပ်ကွက်ပြည်သူများမှ လှူဒါန်းငွေ ကျပ် ၄၂ သိန်း စုစုပေါင်း ကျပ် သိန်း ၁၄၂ ဖြင့် ဥယျာဉ်ရပ်ကွက် ရွှေမေတ္တာလမ်းကွန်ကရစ်ခင်းခဲ့ကြောင်း သတင်းရရှိသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ရှေးဟောင်း ကျောက်ထွင်းခြေတော်ရာကြီးတစ်ဆူနှင့် ကျောက်ဆင်းတုတော်နှစ်ဆူ တူးဖော်တွေ့ရှိ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၏ ရှေးဟောင်းသမိုင်းဝင် မြတ်ရွှေဂူဘုရားကြီး ဝတ္တကမြေအတွင်း ဂေါပကအဖွဲ့ဝင်များနှင့် အကျိုးတော်ဆောင်လူငယ်များက သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ရာမှ မြေကြီးထဲတွင်နစ်မြုပ်နေသည့် ဂန္ဓကုဋိတိုက်ပျက်တစ်ခုအတွင်းမှ စက်လက္ခဏာများပါရှိသည့် ကျောက်တုံးပေါ်တွင် ထွင်းထုထားသော ရှေးဟောင်း ခြေတော်ရာကြီးတစ်ဆူနှင့် ကျောက်ဆင်းတုတော်နှစ်ဆူကို နိုဝင်ဘာ ၁၈ ရက်က တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။



မြတ်ရွှေဂူဘုရားကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပနိုင်ရန်အတွက် ဘုရားဝတ္တကမြေအတွင်း ပေါင်းမြက်များရှင်းလင်းခြင်း၊ သစ်ပင်ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းများကို နိုဝင်ဘာ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ကာ နိုဝင်ဘာ၁၇ ရက်တွင် ဘုရားကြီးအနောက်ဘက်ရှိ ဘုရားပျက်ကုန်းပေါ်မှ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစဉ် အုတ်ပုံဟောင်းတစ်ခုကို တွေ့ရှိ၍ တူးဖော်ရာမှ အဆိုပါ ခြေတော်ရာကို တွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ကိုယ်တိုင် စတွေ့တာပါ၊ မြေကြီးတွေရက်ထုတ်နေရင်းနဲ့ပဲ ခြေတော်ရာ ခြေသန်းတော်နေရာက ခရုရုပ်ကို စပြီးဖော်မိတာ၊ အဲဒီကနေ ဘာမှန်းမသိတာနဲ့ ဆက်ပြီးတူးဖော်ကြည့်ရင်းနဲ့ပဲ စက်လက္ခဏာပုံတွေပါတဲ့ ခြေတော်ရာတစ်ဆူလုံးကို တွေ့ရတာပဲ၊ ဆက်တူးရင်းနဲ့ ကျောက်ဆင်းတုတော်နှစ်ဆူနဲ့ ရွှေရည်သုတ်ထားတဲ့ ယွန်းဘုရားထင်တာပဲ အကျိုးအကျေတွေ တွေ့တယ်၊ ပြီးတော့ ရွှေရည်သုတ်ထားတဲ့ မြေအိုးသေးသေးလေး တစ်လုံးနဲ့ ငွေရည်သုတ်ထားတဲ့ မြေအိုးအသေးလေး တစ်လုံးရယ် တွေ့တယ်"ဟု ဘုရားကြီး သန့်ရှင်းရေးဆောင်ရွက်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ အကျိုးတော်ဆောင်အဖွဲ့ဝင် ကိုကျော်စွာလင်းက ပြောသည်။

တူးဖော်တွေ့ရှိသည့် အုတ်ပုလ္လင်ခံ ခြေတော်ရာမှာ စက်လက္ခဏာ ၁၀၈ ကွက်ပါရှိသည့် ခြေတော်ရာဖြစ်ပြီး လိပ်သဲကျောက်ပြားပေါ်တွင် ထွင်းထုထားခြင်းဖြစ်ကြောင်း သိရသည်။ ခြေတော်ရာ၏ထိပ်ပိုင်းအကျယ်မှာ ၃ပေ ၃လက်မခွဲရှိ၍ ဖနောင့်ပိုင်းအကျယ်မှာ နှစ်ပေခုနစ် လက်မရှိပြီး ခြေတော်ရာ အလျားမှာ ၄ ပေ ၉ လက်မရှိကာ ခြေတော်ရာထွင်းထုထားသည့် ကျောက်သားထုမှာ ခြောက်လက်မရှိကြောင်း သိရသည်။ အောက်ခံပုလ္လင်ခုံမှာ မူရင်းခုံသည် ခြောက်ပေခန့်ဖြစ်သော်လည်း လက်ရှိတွင် လေးပေခွဲခန့်သာရှိပြီး တစ်ပေခွဲခန့်မှာ ပျက်စီးနေကြောင်း တွေ့ရသည်။ ထူးခြားသည်မှာ ခြေတော်ရာတစ်ဆူလုံးကို ရွှေရည်သုတ်လိမ်းထားခြင်းဖြစ်ကြောင်း တွေ့ရှိရပြီး ရွှေရောင်များ တော်တော်များများ ကျန်ရှိနေသေးသည်ကို တွေ့ရသည်။

ခြေတော်ရာနှင့်အတူ တွေ့ရှိရသော ဆင်းတုတော်နှစ်ဆူမှာ တစ်ပေခွဲခန့်ရှိ ဗောဓိမုဒြာဟန် ကျောက်ဆင်းတုတော်တစ်ဆူနှင့် တစ်ပေခန့်ရှိ ဗောဓိမုဒြာကျောက်ဆင်းတုတော်တစ်ဆူတို့ဖြစ်သည်။

"ကျွန်တော်တို့ ခုထိတော့ သန့်ရှင်းရေး ဆက်လက်လုပ်ဆောင်နေတုန်းပါပဲ၊ ဒါပေမယ့် သတိထားပြီးတော့ လုပ်နေရတာပေါ့ဗျာ၊ ဘာတွေများထပ်တွေ့ဦးမလဲလို့ပေါ့၊ တွေ့ရင်လည်း အတတ်နိုင်ဆုံး မပျက်စီးအောင်ပေါ့၊ ခုတွေ့တာတွေကိုလည်း နာယကဆရာတော်တွေရဲ့ မိန့်ကြားမှုအတိုင်း ထိန်းသိမ်းတာတွေ၊ ပြုပြင်တာတွေကို ဆောင်ရွက်သွားရမှာပါ၊ ဒီဘုရား စေတီငယ်ကိုတော့ ခုထိ သက်ရှိထင်ရှားရှိတဲ့ အသက် ၈၀ ကျော်လူတွေတောင် မမြင်တွေ့ဖူးဘူးဆိုတော့ ဒီအပျက်အစီးက လွန်ခဲ့တဲ့ နှစ်တစ်ရာဝန်းကျင် လောက်ကတည်းက ပျက်စီးပြီးတော့ ဒီခြေတော်ရာက နစ်မြုပ်နေခဲ့တာဖြစ်မယ်ထင်ပါတယ်"ဟု ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်က ပြောသည်။

အဆိုပါ သမိုင်းဝင် မြတ်ရွှေဂူဘုရားကြီးကို အင်းဝဘိုးတော်မင်းတရားကြီး နန်းတက်ပြီး ငါးနှစ်အကြာတွင် ဝက်မစွတ်မင်းကြီး၏ ဆွေတော်မျိုးတော်ဖြစ်သော မူလဘုရားဒါယကာ မြို့မင်းကြီး မဟာသီရိသီဟဗိုလ်က မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ်က တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်၌ ဘုရားကြီး၏သက်တမ်းမှာ နှစ်ပေါင်း ၂၀၂ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။ ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် နတ်တော်လပြည့်နေ့မှ တပို့တွဲလပြည့်နေ့အထိ နှစ်လတာ ကျင်းပလေ့ရှိကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

## တိုင်းရင်းဆေးပညာဖြင့် ကျေးလက်နေပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသပေး




**ပျဉ်းမနား နိုဝင်ဘာ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)မှ တိုင်းရင်းဆေးပညာရှင်များအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက်က ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု မရင်းကြီးကျေးရွာမှ ဒေသခံပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးဝါးကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသရာတွင် ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး ဒေါ်မူမူချိုက တိုင်းရင်းဆေးပညာအကြောင်းနှင့် ရောဂါများအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ ခံစားရလျက်ရှိသော သွေးတိုး၊ ဆီးချို၊ အာရုံကြော၊ ထုံနာ၊ ကျင်နာ၊ လေဖြတ်၊ လေငန်း၊ အရိုးကျီးပေါင်း၊ ခါးနာ၊ ဒူးနာ စသည့် ဝေဒနာများကို တိုင်းရင်းဆေးရုံကြီးမှ ဝန်ထမ်းများအဖွဲ့က အခမဲ့ စစ်ဆေးကုသပေးခဲ့ကြသည်။ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးရာတွင် ခေတ်အေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ညွန့်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များကလည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးမှုများဆောင်ရွက်

**ဘားအံ နိုဝင်ဘာ ၂၁**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ရပ်တန့်ရေးအတွက် လှုပ်ရှားမှုအဖြစ် အသိပညာပေးအစီအစဉ်များကို အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြစ်သည့် မြန်မာအမျိုးသမီးကွန်ရက်အဖွဲ့နှင့် မိခင်များအသင်းတို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု ကူးဆိပ်ရပ်ကွက်ရှိ မေတ္တာမွန် မူလတန်းကြိုကျောင်း၌ ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြန်မာအမျိုးသမီးကွန်ရက်နှင့် မိခင်များအသင်းမှ အဖွဲ့ဝင် လူငယ်မောင်မယ်များက ပြည်တွင်းပြည်ပမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များ၊ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်စဉ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်ပွားခြင်းများကို သရုပ်ပြ၍ ထိုသို့ အကြမ်းဖက်မှုများအပေါ် ကာကွယ်ခြင်း၊ တုံ့ပြန်ခြင်း၊ တိုင်ကြားခြင်း၊ ကြိုတင်ကာကွယ်ခြင်းများနှင့် ပတ်သက်သည်များကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ပညာပေးလှုပ်ရှားမှုများ ပြုလုပ်ခြင်းနှင့် ပတ်သက်၍ မြန်မာအမျိုးသမီးကွန်ရက်မှ ဒေါ်သန္တာလင်းက "နိုဝင်ဘာ ၂၅ ရက်ဟာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ ဖြစ်တယ်၊ ဒီနေ့ပြုလုပ်တဲ့အစီအစဉ်ကလည်း အမျိုးသမီးများအပေါ် နည်းမျိုးစုံနဲ့အကြမ်းဖက်မှုများ ရပ်တန့်ဖို့အတွက် အမျိုးသားများလည်း ပါဝင်စို့ဆိုတဲ့ ဆောင်ပုဒ်နဲ့ အသိပညာပေးအစီအစဉ်တွေ ဆောင်ရွက်တာဖြစ်တယ်၊ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှု အဆုံးသတ်ဖို့ဆိုရင် ပညာရေးမြှင့်တင်ဖို့လိုပါတယ်၊ စာသင်ကျောင်းတွေရဲ့အခြေခံပညာရေးအပိုင်းမှာ အကြမ်းဖက်မှုတွေဖြစ်လာခဲ့ရင် ဘယ်လိုတုံ့ပြန်မလဲ၊ ဒီအကြမ်းဖက်မှုတွေ မဖြစ်အောင် ဘယ်လိုကာကွယ်မလဲဆိုတာတွေ သိသွားအောင် ကလေးတွေရဲ့ပညာရေးပိုင်းမှာ ထည့်သွင်းသင်ကြားသွားရင် အကြမ်းဖက်မှုတွေ အများကြီး လျော့နည်းသွားမှာဖြစ်တယ်၊ အိမ်တွင်းအကြမ်းဖက်မှုတွေကလည်း အလွှာအသီးသီးမှာ ဖြစ်ပွားနေတဲ့အပေါ် ကာကွယ်တားဆီးရေးကို ရပ်ရွာလူထုဖြစ်တဲ့ အမျိုးသားတွေ၊ အမျိုးသမီးတွေ၊ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ကလေးသူငယ်တွေကအစ အားလုံးမှာ အသိပညာတွေရသွားကြမယ်ဆိုရင် အကျိုးရှိမှာပါ" ဟု ပြောကြားသည်။




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့ (သို့) ဖဲကြိုးဖြူနေ့သည် Dominican Republic သမ္မတ Rafael Trujillo က ၎င်းအားဆန့်ကျင်ခဲ့သည့် ညီအစ်မများအား လုပ်ကြံသတ်ဖြတ်ခဲ့သော ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာ ၂၅ ရက်ကို သတ်မှတ်ထားခြင်းဖြစ်ကာ ၁၉၉၉ ခုနှစ်က ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အရ စတင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ **ကိုကိုထက်၊ ထွန်းထွန်းထွေး(ဘားအံ)**



## ယနေ့ခေတ်လူငယ်များ ဒီဇိုင်းနှင့် နှိုင်းယှဉ်ဝေဖန်သူများကို ပြန်လည်ပြောကြားလိုက်သည့်

# ဒီဇိုင်နာ ပြည်စိုးအောင်

မြန်မာပြည်၏ ထိပ်တန်းဒီဇိုင်နာ ပြည်စိုးအောင်၏ မြန်မာမှုပြုပြီး ဖန်တီးထားသော လက်ရာတွေနှင့် စိတ်ကူးစိတ်သန်းတွေ ပါဝင်နေသည့် "Nay Channel Taxtile Fashion Show" ပွဲကို ယခုလ ၁၈ ရက် ည ၇ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ ဟိုတယ်၌ ပြုလုပ်ခဲ့ပြီး အဆိုပါ ပြပွဲတွင် နိုင်ငံကျော်ဖက်ရှင်ဒီဇိုင်နာ ပြည်စိုးအောင်၊ ဖက်ရှင်ဒီဇိုင်နာ ခေတ်မင်း၊ ဖက်ရှင်ဒီဇိုင်နာ အာကာတို့၏ လက်ရာများကို ပြသခဲ့ သည်။

"ဒီပွဲကြီးမှာ ကျွန်တော် စိတ်ကြိုက်ရွေးချယ် ဖန်တီးချုပ်လုပ်ခဲ့တဲ့ ဒီဇိုင်းတွေကို Nay Channel ဆိုတဲ့ ပိုးထည်ဆိုင်ကနေ ထုတ်လုပ်ရောင်းချတဲ့ ဇာတွေ၊ ပိုးထည်တွေ ကို ပြသတဲ့ပွဲဆိုလည်း မမှားပါဘူး၊ ကျွန်တော့် စိတ်ကူးအတိုင်းအပေါ်ပိုင်းကို မြန်မာ ဆန်ဆန်လေးတွေနဲ့အတူ ဘိုဆန်ဆန်လေးတွေ လုပ်ထားတယ်၊ ကျွန်တော် တစ်ယောက်တည်းမဟုတ်ပါဘူး၊ တခြားဒီဇိုင်နာတွေနဲ့ ပူးပေါင်းပြီးတော့ သေချာ တိုင်ပင်ပြီး ဖန်တီးပြသခဲ့တာပါ၊ ကျွန်တော့်အနေနဲ့ရော ကျန်တဲ့သူတွေကပါ ကိုယ်ကြိုက်နှစ်သက်တဲ့ ပုံစံလေးတွေချုပြပြီး ဖန်တီးခဲ့တာပါ၊ ကျွန်တော်ကတော့ သူဒါလုပ်လို့ ကိုယ်ဒါလုပ်လိုက်မယ် ဆိုပြီး အတွေးတွေနဲ့ လုပ်ခဲ့တာမျိုးမဟုတ်ပါဘူး၊ ဒီပွဲမှာလည်း ကျွန်တော်တို့ စိတ်ကြိုက်လုပ်ခွင့်ရတဲ့ ပွဲတစ်ခုဆိုလည်း မှန်ပါတယ်၊ အခုခေတ်ကာလကလည်း နည်းနည်းပြောစရာလေးတွေ ရှိလာပါတယ်၊ ခေတ်နောက်ကို လိုက်ပြန်ရင်လည်း အဲ့ဒီခေတ်နောက်ပြန်ထဲမှာပဲ တဝဲလည်လည်နဲ့ ကျန်ခဲ့မယ်လို့ ထင်ပါတယ်၊ ကျွန်တော်ကတော့ ကိုယ့်စတိုင် ကိုယ့်နည်းလမ်းနဲ့ ကိုယ်သွားပါတယ်။ ကျွန်တော် လွန်ခဲ့တဲ့ ၁၅နှစ်လောက်က ချုပ်ခဲ့တဲ့ ဝတ်စုံကိုလည်း ယနေ့အထိ ထုတ်ဝတ်လို့ရတဲ့ ဒီဇိုင်းမျိုးကို ပိုကြိုက်ပါတယ်၊ ကျွန်တော့်အနေနဲ့ ပြောတာပါ၊ အဲ့လိုပဲ အခု လက်ရှိ ဘယ်ဟာတွေပေါက်တယ်၊ ဘာတွေ ခေတ်စားနေတယ်ဆိုပြီး ရှိလာတယ်၊ ဒါတွေဟာ တစ်နှစ်မှာ နောက်ဆုံးလှည့်မကြည့်ချင်တာ မျိုးတွေ ဖြစ်တတ်တယ်၊ ကျွန်တော်ကတော့ မကြိုက်ဘူး။ ကိုယ်ကိုယ်တိုင် ကလဲ ရိုးရှင်းတာလေးပဲ ကြိုက်တယ်၊ တစ်ခါ တလေ ဖေ့စ်ဘုတ်ခ်မှာ ကျွန်တော့်ကို ပြောကြတယ်၊ အသုံးမကျဘူး ပေ့ါနော်၊ ကလေးတွေ ဒီဇိုင်းလောက် တောင် မလှဘူးလို့ ပြောကြတယ်၊ ကျွန်တော့်အနေနဲ့ ကိုယ်မိတ်နဲ့ကို ကိုယ့်ရဲ့ စတိုင်နဲ့ကိုပါ ကျွန်တော့်အနေနဲ့လည်း သူတို့စတိုင်တွေ ကိုလိုက်ပြီး ဖန်တီးသလို၊ ကျွန်တော့်အကြိုက် ဖန်တီး ထားတာကိုလည်း သူတို့က ကြိုက်ကြတာပါပဲ၊ ပြောရရင် ကိုယ့်စတိုင်နဲ့ကိုပါပဲ၊ အခုနောက်ပိုင်းတော့ သိပ်ဝတ်ချင်ကြမယ်မထင်ပါဘူး၊ အပြင်မှာဝတ်လို့ အဆင်မပြေတဲ့ဟာမျိုးတွေလို့ ပြောလို့ရမယ့်ဒီဇိုင်းတွေ ကျွန်တော်ဒီပွဲမှာ ချုပ်ခဲ့ပြသခဲ့ ပါတယ်" ဟု ပြောသည်။

အဆိုပါ Show ပွဲကြီးကို အဓိကကူညီပံ့ပိုးသော NAY CHANNEL TEXTILE ကုမ္ပဏီမှဖြစ်ပြီး Media Sponsor အနေနှင့် MRTV4 က ရိုက်ကူးပြီး တစ်ပတ်အတွင်း ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း၊ MakeUp' KHIN SAN WIN၊ Choreographer Mogok PAUKPAUK၊ Florist KHIN MG WIN ၊ Photo & Video -AYE ZAW MOE (sett mhu)၊ Event Planner JOE DJ PAING PYAE တို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်မင်းသမီးများနှင့် စူပါမော်ဒယ်များစွာ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

**ကိုလင်း**

## ကိုယ်တိုင်ရေးသားခဲ့သည့် CRAZY သီချင်းကို ကမ္ဘာကျော် Wish F.M တွင် သီဆိုထုတ်လွှင့်ခဲ့သူ အဆိုတော် အိမ့်ချစ်

ကိုယ်တိုင်ရေးထားသည့် CRAZY အမည်ရ အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ကမ္ဘာကျော် FM တစ်ခုဖြစ်သည့် Wish 107.5 တွင် သီဆိုခွင့်ရခဲ့ကြောင်း အဆိုတော် အိမ့်ချစ်က ပြောသည်။

နိုဝင်ဘာ ၁၄ ရက်က ဖိလစ်ပိုင်နိုင်ငံရှိ Philippines Manila ၌ ပြုလုပ်ခဲ့သော Asean Music Festival 2017 ပွဲတွင် တေးသီချင်းသီဆိုဖျော်ဖြေရန်ရောက်ရှိနေခဲ့ပြီး ၎င်းဖျော်ဖြေပွဲတွင် သတ်မှတ်ထားသည့် လူဦးရေ ၃၀၀၀ နေရာတွင် လူ ၅၀၀၀၀ ကျော် တက်ရောက်လာသည့် အတွက်ကြောင့် ပွဲပျက်သွားသော်လည်း နိုင်ငံတကာမှ နာမည်ကြီး ရုပ်သံများဖြင့် အင်တာဗျူးခြင်းခံခဲ့ရကြောင်း သိရသည်။

"အိမ့်ချစ်တို့ အာဆီယံက အဆိုတော်တွေ အားလုံးဖျော်ဖြေဖို့ အသင့်ရောက်နေပေမယ့်ပွဲက လူဘယ်လိုမှ ထိန်းလို့ မရဘူးဖြစ်သွားတယ်၊ လူတွေကလည်း မူးလဲကြတယ်၊ ဆေးရုံကားတွေနဲ့လည်း ထုတ်သွားရတယ်၊ သူတို့ကလည်း အခြားနိုင်ငံက အဆိုတော်တွေ ရောက်နေတာဖြစ်လို့ လုံခြုံရေးအရ ဒီပွဲကို ဖျက်လိုက်ပါတယ်၊ အိမ့်ချစ်လည်း အဝတ်အစားတွေလဲပြီးခါမှ ဒီလိုဖြစ်သွားပါတယ်" ဟု အဆိုတော် အိမ့်ချစ်က ၎င်း၏ လူမှုကွန်ရက်မှ Live လွှင့်ကာပြောသည်။




အဆိုပါ ဖျော်ဖြေပွဲသည် သတ်မှတ်ထားသည့် လူဦးရေထက်များစွာ ရောက်ရှိလာခဲ့ခြင်းကြောင့် ပွဲကို ဖျက်သိမ်းလိုက်ရပြီး အိမ့်ချစ်အတွက် ကောင်းသော အကျိုးရလဒ်များ ရရှိခဲ့ကြောင်း သိရသည်။ နိုင်ငံတကာမှ နာမည်ကြီးရုပ်သံများဖြင့် အင်တာဗျူးခြင်းခံခဲ့ရကြောင်း အိမ့်ချစ်၏ ပထမဆုံး ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆို အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို နိုင်ငံတကာက သိရှိမည်ဖြစ်သည့်အတွက် ရင်ခုန်နေကြောင်း အိမ့်ချစ်က ပြောသည်။

"အိမ့်ချစ်အတွက် ကံကောင်းတာကတော့ ကိုယ်တိုင်ရေးထားတဲ့ အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို တစ်ကမ္ဘာလုံးကလူတွေ ကြည့်ရတော့မှာ ဖြစ်ပါတယ်။ နာမည်ကြီး FM တွေရော၊ Channel လိုင်းတွေက အိမ့်ချစ်ပထမဦးဆုံး ကိုယ်တိုင်ရေး ကိုယ်တိုင်ဆို အင်္ဂလိပ်သီချင်း တစ်ပုဒ်ဖြစ်တဲ့ Crazy သီချင်းကိုလည်း သူတို့ရဲ့ Youtube Channel မှာ ထုတ်လွှင့်မှာ ဖြစ်ပါတယ်၊ ဒီအတွက်ရင်တွေလည်း ခုန်ခဲ့ရပါတယ်၊ ဘာလို့လဲဆို ညီမအတွက် ရခဲလှတဲ့ အခွင့်အရေးတစ်ခုပါပဲ၊ နာမည်ကြီး FM တစ်ခုမှာInterview ခံရဖို့နဲ့ Live session ဆိုပြဖို့ဆိုတာ တကယ်ကို ကံကောင်းတာပါပဲ ပုံထဲမှာသာ ပြုံးနေတာ၊ လူကကြောက်တာ ဆိုတာလေ.. ဘုရား စာတွေ အမေရောသမီးပါ ရွတ်နေတာ၊ အင်္ဂလိပ်လိုလည်း ပြောရသေးတယ် Interview ကို၊ သီချင်းကလည်း Live ဆိုတာ wish 107.5 ဆိုပြီး သူတို့ရဲ့ Youtube Channel မှာတက်မှာဆိုတော့ တစ်ကမ္ဘာလုံးက လူတွေ ကြည့်တဲ့ Channel တစ်ခုမှာ မြန်မာမိန်းကလေး တစ်ယောက် ကိုယ်တိုင်ရေးဆိုတဲ့ Original English သီချင်းတစ်ပုဒ်ကို ဆိုနိုင်ရေးနိုင်တယ်ဆိုတာပြချင်စိတ်နဲ့ Crazy ဆိုတဲ့ သီချင်းလေးဆိုပြခဲ့ပါတယ်။ မကြာခင်လည်း Online မှာဖြန့်မယ့် အိမ့်ချစ်ရဲ့ပထမဆုံးရေးဆို English သီချင်းတစ်ပုဒ်ဆိုလည်း မမှားပါဘူး၊ အဲဒီပွဲကြီးကိုကြည့်ပြီး ပီတီဖြစ်မိတာတော့ အမှန်ပဲ၊ လမ်းဘေးက လူတွေကလည်းကြည့်နေ Live ကလည်းတက်၊Video တွေလည်းရိုက်နဲ့ ရင်တွေတုန်တာလေ ပြောမပြတတ်အောင်ပါပဲ၊ နောက်တစ်ပတ် Youtube မှာ တက်လာရင် Share ပေးပါ့မယ် အားလုံးနားထောင်ရအောင်ပါ၊ But I Did It..!!!!! A Myanmar Girl did it..!!!!ဟု ၎င်းက ထပ်မံပြောဆိုသည်။ ယင်းသီချင်းကို နောက်တစ်ပတ် Youtube တွင် တက်လာသည်နှင့် အိမ့်ချစ်၏ လူမှုကွန်ရက် စာမျက်နှာကနေ ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

**နာမည်ကြီး FM တွေရော၊ Channel လိုင်းတွေက အိမ့်ချစ်ပထမဦးဆုံး ကိုယ်တိုင်ရေး ကိုယ်တိုင်ဆို အင်္ဂလိပ်သီချင်း တစ်ပုဒ် ဖြစ်တဲ့ Crazy သီချင်းကိုလည်း သူတို့ရဲ့ Youtube Channel မှာ ထုတ်လွှင့်မှာ ဖြစ်ပါတယ်၊ ဒီအတွက်ရင်တွေလည်း ခုန်ခဲ့ရပါတယ်၊ ဘာလို့လဲဆို ညီမအတွက် ရခဲလှတဲ့ အခွင့်အရေး တစ်ခုပါပဲ၊ နာမည်ကြီး FM တစ်ခုမှာ Interview ခံရဖို့နဲ့ Live session ဆိုပြဖို့ဆိုတာ တကယ်ကို ကံကောင်းတာပါပဲ ပုံထဲမှာသာ ပြုံးနေတာ၊ လူကကြောက်တာ ဆိုတာလေ..**

## ၂၀၁၈ ဇန်နဝါရီလအတွင်း တစ်ကိုယ်တော်ခွေ ထွက်ဦးမည့်

# အဆိုတော် ရွှေထူး

ဂီတဘက်ကနေ သရုပ်ဆောင်ဘက်ကို မထင်မှတ်ဘဲ ရောက်ရှိလာခဲ့ပြီး သူ၏ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်သည့် "ပက်ပက်စက်စက်ညို့" ရုပ်ရှင်ဇာတ်ကားမှာလည်း အကောင်းဆုံးသရုပ်ဆောင်သွားနိုင်ကြောင်း သူ့ကိုချစ်သည့် ပရိသတ်က ပြောကြားလာသည်ကို ကြားသိခဲ့ရသည်။ ရွှေထူးအနေဖြင့် သရုပ်ဆောင်အလုပ်တွေကို ဆက်လက်လုပ်ကိုင်မှာဖြစ်ပြီး သီချင်းအသစ်တွေကိုလည်း ဖန်တီးနေကာ ပရိသတ်တွေကိုလည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ချပြသွားနိုင်ရန် စီစဉ်နေကြောင်း သိရသည်။





"ပက်ပက်စက်စက်ညို့"က ကျွန်တော့်ရဲ့ပထမဆုံး သရုပ်ဆောင်ထားတဲ့ ဇာတ်ကားကြီးပါ၊ လိုအပ်မှုတွေရှိခဲ့ရင်လည်းတောင်းပန်ပါတယ်၊ ရိုက်ကူးရေးလုပ်တုန်းကလည်း လိုအပ်တာတွေ ကိုနေတိုးနဲ့ကိုသားညီ တို့ကသေချာသင်ပြပေးတဲ့အတွက် အဆင်ပြေခဲ့တယ်၊ ဇာတ်ကားနဲ့ပတ်သက်ပြီး ပရိသတ်တွေရဲ့ ဝေဖန်အကြံပေးမှုတွေလည်း သိချင်တယ်၊ အကောင်းဆုံးတော့ကြိုးစားခဲ့တာပါပဲ၊ လိုအပ်မှုကတော့ အနည်းငယ်ရှိသေးတာ အမှန်ပါ၊ အဆိုပိုင်းကိုပဲ လုပ်ဖြစ်တာဆိုတော့ သရုပ်ဆောင်အပိုင်းမှာ လေ့လာဖို့အများကြီးလိုပါသေးတယ်၊ ကိုယ်ရဲ့လိုအပ်ချက်တွေကိုလေ့လာပြီး အကောင်းဆုံးပြင်ဆင်သွားမှာပါ" ဟု ပြောသည်။ သူ့အနေဖြင့် ဇာတ်ကားရိုက်ကူးမှုပိုင်းတွင် ကြုံတွေ့ခံစားခဲ့ရသော စိတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး "စိတ်လှုပ်ရှားတာတော့ အမှန်ပါပဲ၊ ကိုယ်မကျွမ်းကျင်တဲ့ အလုပ်တစ်ခုကို လုပ်ရမှာဆိုတော့ ရှူတင်မသွားခင် မနက်မိုးလင်းတာနဲ့ အမှားတွေ မဖြစ်အောင် ဘုရားကို အရင်ကထက်ပိုပြီး ရှိခိုးဖြစ်တယ်၊ မနက်မိုးလင်းတာနဲ့ စောစောထ ဘုရားရှိခိုး၊ စိတ်ငြိမ်အောင် ပုတီးစိပ်ခဲ့ရတာပါပဲ၊ နောက်တစ်ခုက ကျွန်တော်တို့ မိသားစုဝင်တွေကြိုက်တဲ့ မင်းသားနေတိုးနဲ့ သရုပ်ဆောင်ရမှာဆိုတော့ စိတ်လှုပ်ရှားပြီး ပျော်ခဲ့ရတာပေါ့၊ ကျွန်တော်အတွက်ကတော့ အိပ်မက်တောင် မမက်ခဲ့ရဖူးပါဘူး၊ နောက်တစ်ခု စိုးရိမ်စိတ်ဖြစ်ရတာက ကျွန်တော့်ကြောင့် တခြားသူတွေ စိတ်အနှောင့်အယှက်ဖြစ်မှာကိုပါပဲ" ဟု သူ၏ ခံစားချက်တွေကို ပြောခဲ့သည်။

အဆိုတော် ရွှေထူးအနေဖြင့် အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ကိုယ်တိုင်သီဆိုထားသော တေးသီချင်းများပါဝင်ခဲ့ပြီး မကြာမီထွက်ရှိတော့မည် သီချင်းခွေတွင်လည်း ရသတစ်မျိုးနှင့် ပုံစံသစ်တွေဖန်တီးထားသော သီချင်းများကို ပြုလုပ်ထားကြောင်း သိရသည်။

**ကိုလင်း**

# ငွေဘုံသာမုနိရွှေဂူဆရာတော်အန္တိမစျာပနအတွက် အကျိုးဆောင်ပေးခဲ့သည့်ဦးကျော်သူ

ငွေဘုံသာမုနိ ရွှေဂူဆရာတော်ဦးကောသလ္လ၏ အန္တိမစျာပနအခမ်းအနားအား သုံးရက်တိတိ အပူဇော်ခံထားရှိခဲ့ပြီး နိုဝင်ဘာ ၂၀ ရက်တွင် ပြည်မြို့အေးငြိမ်းရာသုသာန်သို့ ပင့်ဆောင်၍ အန္တိမစျာပန အခမ်းအနား လုပ်ဆောင်ကာ အရိုးပြာကောက်၍ ရေဝတီမြစ်ထဲသို့ အရိုးအိုးမျှောခြင်းတို့ကို တတ်အားသရွေ့လုပ်ဆောင်နိုင်ခဲ့သဖြင့် အားရကျေနပ်မိကြောင်း ဦးကျော်သူက ပြောသည်။

"ကျွန်တော့်ဘဝလမ်းတစ်လျှောက် နောက်ကွယ်ကနေ အစဉ်ထိန်းကျောင်းညွှန်ပြခဲ့တဲ့ ကျေးဇူးရှင် ဆရာတော်ဖြစ်ပါတယ်၊ ပြည်မြို့တစ်ဖက်ကမ်းရှိ ငွေဘုံသာမုနိ၊ ရွှေဂူဆရာတော်ကြီး ရှင်ကောသလ္လ သက်တော် (၈၃)နှစ် ဝါတော် (၃၂) ဝါ ဖြစ်ပါတယ်၊ လွမ်းဆွတ်ခြင်းအထိမ်းအမှတ် အရိုးအိုးမှတ်တိုင်ကိုလည်း ဆရာတော်ကြီးသီတင်းသုံးခဲ့ရာ ရွှေဂူအဝမှာထားဖို့ရှိတယ်"ဟု ဦးကျော်သူက ပြောသည်။

တရားဖြင့်ဘဝကိုအဆုံးသတ်ခဲ့သည့် သူတော်စင်တို့သွားရာ မြင့်မြတ်သည့်ဘုံဌာနသို့ ဆရာတော် ရောက်သွားပြီဖြစ်ပြီး ကျန်ရစ်ခဲ့သောခန္ဓာအရိုးပြာ တို့သည်လည်း အဖြူ၊ အမည်း သဲကွဲစွာ မရောထွေးဘဲ သီးခြားစီ ရရှိခဲ့ကြောင်း ဆရာတော်၏နောက်ဆုံးမှာကြားချက်အရ ဆန္ဒအတိုင်း ရေဝတီမြစ်လယ်သို့ စက်လှေဖြင့်သွားကာ ကိုယ်တိုင်မေတ္တာပို့၍အေးချမ်းလှသည့် မိခင်ရေဝတီမြစ်ထဲသို့ မျှောပေးခဲ့ကြောင်း။

အရိုးအိုးအချို့တစ်ဝက်ကို ကျွန်တော်၏ ပရဟိတတောင်တစ်နေရာ၌ ဆရာတော်၏ ဂုဏ်ကျေးဇူးကို အမှတ်ရရပူဇော်ခြင်းအားဖြင့် အရိုးအိုး လွမ်းစေတီငယ်လေးတည်ထားမည်ဖြစ်ကြောင်း ဦးကျော်သူထံမှ သိရသည်။ **ကိုလင်း**

# Iron Cross အဖွဲ့၏ "Rock with shell Advance"Show ဒီဇင်ဘာ ၁ ရက်တွင် ပြုလုပ်မည်




Iron Cross တေးဂီတအဖွဲ့နှင့် Shell Lubricants Myanmar တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် "Rock with Shell Advance" ရော့ခ်ဂီတ ဖျော်ဖြေပွဲများကို မြန်မာနိုင်ငံတစ်ဝန်း၌ ပြုလုပ်ကျင်းပခဲ့ပြီးဖြစ်ရာ မကြာမီမှာ ရန်ကုန်ပရိသတ်အတွက်လည်း ရန်ကုန်ဖျော်ဖြေပွဲကြီးကို စည်ကားစွာ ကျင်းပသွားတော့မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ "Rock with Shell Advance" ဖျော်ဖြေပွဲများကို စက်တင်ဘာလကစတင်ပြီး မြန်မာနိုင်ငံရှိ မြို့ကြီးအချို့တွင် ကျင်းပပေးလျက်ရှိရာ ကနဦး ဖျော်ဖြေပွဲအနေဖြင့် မန္တလေးမြို့တွင် စက်တင်ဘာ ၂၃ ရက်က Golden Hotel မြက်ခင်းပြင်တွင် လည်းကောင်း၊ ဒုတိယအကြိမ် ဖျော်ဖြေပွဲအနေဖြင့် အောက်တိုဘာ ၂၈ ရက်က ပြည်မြို့မူရာပင်ရပ် လေးထက်ပြင်ကွင်းတွင် လည်းကောင်း၊ နိုဝင်ဘာ ၃ ရက်က တောင်ကြီးတန်ဆောင်တိုင်ပွဲနှင့်အတူ IC တေးသွားများ နားဆင်နိုင်ရန် တောင်ကြီးမြို့အဝေရာ မီးပုံးပျံကွင်းတွင်လည်းကောင်း အသီးသီး ကျင်းပပေးခဲ့ရာ တစ်ပွဲလျှင်လူဦးရေ ၅၀၀၀ ခန့်အားပေးခဲ့ကြပြီး စုစုပေါင်းကြည့်ရှုသူဦးရေ ၁၅၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ ရန်ကုန်မြို့ရှိ IC ချစ်ပရိသတ်ကြီးအတွက် ဒီဇင်ဘာ ၁ ရက်တွင် အဆိုပါ "Rock with Shell Advance" ဂီတဖျော်ဖြေပွဲကို ကန်တော်ကြီးမျှော်စင်ကျွန်းတွင် ကျင်းပသွားမည် ဖြစ်သည်။

ယင်း IC ရှိုးပွဲကို အခမဲ့ကြည့်ရှုခွင့်ရရှိနိုင်ရန်အတွက် Shell Lubricants Myanmar မှ ရန်ကုန်ဈေးကွက်အတွက် ဖြန့်ချိသော ကားအင်ဂျင်ဝိုင် တစ်ဘူးဝယ်ယူသူတိုင်း QR code ပါ "Rock with Shell Advance" ရှိုးပွဲလက်မှတ်နှင့် လဲလှယ်နိုင်သော ကူပွန်တစ်စောင်၊ မော်တော်ဆိုင်ကယ်သုံး အင်ဂျင်ဝိုင် တစ်လီတာဘူး နှစ်ဘူးဝယ်ယူသူတိုင်း ကူပွန်တစ်စောင်နှင့် မော်တော်ဆိုင်ကယ်သုံး အင်ဂျင်ဝိုင် တစ်လီတာ လေးဘူးပါဝင်သော Limited Edition ဝယ်ယူသူများအတွက်မူ QR Code ပါ ရှိုးပွဲလက်မှတ်နှင့် လဲလှယ်နိုင်သော ကူပွန်နှစ်စောင်ရရှိနိုင်မည် ဖြစ်သည်။ ကူပွန်နှင့် ရှိုးပွဲလက်မှတ်များကို နိုဝင်ဘာ ၃၀ ရက်နောက်ဆုံးထားပြီး လဲလှယ်နိုင်မည် ဖြစ်သည်။

Iron Cross ဖျော်ဖြေပွဲကြည့်ရှု နိုင်မည့် လက်မှတ်လဲလှယ်ရန်နေရာများကို အချိန်နှင့်တစ်ပြေးညီ ကြေညာပေးသွား မည်ဖြစ်ပြီး အသေးစိတ် အစီအစဉ်များအတွက် Shell Lubricants Myanmar Facebook Page ကို Like လုပ်ထားပြီး စောင့်ကြည့်နိုင်မည် ဖြစ်သည်။ ပစ္စည်းရောင်းရငွေ၏ နှစ်ရာခိုင်နှုန်းကို Shell Lubricants မှ ပရဟိတလုပ်ငန်းများနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများသို့ ပြန်လည်လှူဒါန်းသွားမည်ဖြစ်ကြောင်းလည်း Shell LubricantsMyanmar ၏ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် TA Resource Myanmar ကုမ္ပဏီ၏ ပြောကြားချက်အရ သိရှိရသည်။ **ကိုလင်း**

# ဂျီတီအိုင် ၁၂ ကျောင်းမှ အငြိမ်းစား ဆရာ ဆရာမကြီးများအား ထောက်ပံ့မည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဂျီတီအိုင်ကျောင်း ၁၂ ကျောင်းမှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဂျီတီအိုင် ကျောင်းသားဟောင်းများအသင်းက ကြီးမှူး၍ ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း လှိုင်တက္ကသိုလ်နယ်မြေ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံရှိ ဂျီတီအိုင်ကျောင်းသားဟောင်းများ ရုံးခန်း၌ ပြုလုပ်သော အစည်းအဝေးမှ သိရသည်။



မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဂျီတီအိုင်ကျောင်း ၁၂ ကျောင်းရှိခဲ့ကြောင်း၊ ယင်းကျောင်းများကို နည်းပညာကောလိပ်နှင့် တက္ကသိုလ်များအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး ဂျီတီအိုင် နှစ်နှစ်သင်တန်း၊ နောက်နှစ်နှစ်ဆက်တက်လျှင် B. Tech၊ နောက်တစ်နှစ်ဆက်တက်လျှင် B. E ဘွဲ့ ပေးခဲ့ကြောင်း၊ ယင်းစနစ်မှာ မအောင်မြင်သည့်အတွက် မူလ ဂျီတီအိုင်သုံးနှစ်သင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ရကြောင်း၊ မြန်မာနိုင်ငံတွင် စက်မှုနှင့် ကုန်ထုတ်လုပ်ငန်းအများစုဖြစ်သော ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်မှုလက်မှု လုပ်ငန်းများ၌ ဂျီတီအိုင်ကျောင်းဆင်းအများစု လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **မြင့်မောင်စိုး**

"ကျွန်တော်တို့ ဂျီတီအိုင် ကျောင်းသားဟောင်းများအသင်းအနေနဲ့ ဂျီတီအိုင်ကျောင်းမှ အငြိမ်းစားယူသွားတဲ့ ဆရာ ဆရာမကြီးများအား အသက် ၇၀ ကျော်ရင် ကျပ် နှစ်သောင်း၊ ၇၅ နှစ်ကို ကျပ်နှစ်သောင်းခွဲနှင့် အသက် ၈၀ ကျော်ရင် ကျပ်သုံးသောင်း ထောက်ပံ့ပေးလျက်ရှိပါတယ်၊ ဒါ့အပြင် နာမကျန်းလို့ ဆေးရုံတက်ရတဲ့ အငြိမ်းစား ဆရာ ဆရာမကြီးများကိုလည်း ထောက်ပံ့ပေးလျက်ရှိပါတယ်၊ လာမယ့် ဒီဇင်ဘာ ၉ ရက်မှာတော့ ရန်ကုန်မြို့ MCC ခန်းမမှာ ဂျီတီအိုင်ကျောင်း ၁၂ ကျောင်းမှ အငြိမ်းစားယူသွားတဲ့ ဆရာ ဆရာမကြီး အားလုံးကို အနည်းဆုံး ကျပ်တစ်သိန်းခွဲ ထောက်ပံ့လှူဒါန်းသွားမှာဖြစ်ပါတယ်"ဟု ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက ပြောသည်။

နိုင်ငံတစ်ဝန်းရှိ ဂျီတီအိုင်ကျောင်း ၁၂ ကျောင်းမှ အငြိမ်းစားယူသွားသော ဆရာကြီး ဆရာမကြီး ၂၉၈ ဦးရှိပြီး ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပမည့် ဆရာ ဆရာမကြီးများအား လှူဒါန်းပွဲတွင် ၎င်းတို့အား အနည်းဆုံး ငွေကျပ်တစ်သိန်းခွဲစီ ထောက်ပံ့လှူဒါန်းမည့်အပြင် ပုဂ္ဂလိလှူဒါန်းမှုများ၊ ကုမ္ပဏီ၊အဖွဲ့အစည်းများမှ လှူဒါန်းမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

# ကံမမြို့နယ်တွင် ချက်ကြံသီးနှံ ကွင်းသရုပ်ပြပွဲကျင်းပ

**ကံမ နိုဝင်ဘာ ၂၁**



မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ဒေသခံတောင်သူများအား ချက်ကြံသီးနှံ စိုက်နည်းစနစ်နှင့် စမ်းသပ်ကွက်နှင့် စံပြကွက်များအား တောင်သူပညာပေး သရုပ်ပြပွဲကို ခြောက်ပင်ကျေးရွာအုပ်စု ခြောက်ပင်ကျေးရွာ တောင်သူ ဦးပြည်ကျော်၏ ချက်ကြံသီးနှံစံပြကွက်၌ နိုဝင်ဘာလ ဒုတိယပတ်က ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် ဦးဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်း၊ သရက်ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးမင်းဇော်အောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မင်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသခံတောင်သူများ ကြည့်ရှုလေ့လာကြကာ တောင်သူများ သိရှိလိုသည့် စိုက်ပျိုးရေး နည်းပညာဆိုင်ရာ မေးမြန်းချက်များကို ခရိုင်၊မြို့နယ် ဦးစီးမှူးများက ရှင်းလင်းပြောကြားပြီး စိုက်ခင်းအတွင်း လက်တွေ့ပညာပေး ပြသပေးခဲ့သည်။ ဒေသခံတောင်သူ ဦးကြည်ဦးက ပြောကြားရာတွင် "ကျွန်တော် ဒီပွဲလာတက်ရတဲ့ အကြောင်းက ပြီးခဲ့တဲ့ မိုးစပါးရာသီအစမှာ စိုက်ပျိုးရေးရုံးက စပါးမျိုးသန့်တွေ ထုတ်ပေးပြီး ကွင်းဆင်းပေးခဲ့လို့ ယခုစပါး စောစောပေါ်တယ်၊ တညီတညာတည်းလည်း ရိတ်ရတယ်၊ ဈေးကလည်း မစိုးတော့ ကျွန်တော်တို့ တောင်သူတွေ အားရကျေနပ်ကြပါတယ်၊ ယခု ဆောင်းရာသီမှာလည်း တောင်သူတွေ အစိုက်များတဲ့ မတ်ပဲဈေးနှုန်းကို စိတ်ပူနေရပြန်တယ်၊ စိုက်ပျိုးရေးက ပြသပွဲတွေလုပ်ပြီး အတက်အကျငြိမ်တဲ့ မြေပဲ၊ ပဲပုတ်၊ ဝါ၊ ကြံ စိုက်ပျိုးနည်းတွေကို စနစ်တကျ သင်ပေးတယ်၊ သီးနှံဈေးနှုန်းနဲ့ ဈေးကွက်အတွက် ရွေးချယ်စဉ်းစားဆုံးဖြတ် စိုက်ပျိုးနိုင်ဖို့ စဉ်းစားစရာ အချက်အလက်တွေ အများကြီးပေးတဲ့အတွက် တောင်သူတွေ လာတက်ရတာ အကျိုးအများကြီးရှိပါတယ်လို့" တောင်သူ ဦးကြည်ဦးမှ ပြောခဲ့သည်။

**မြင့်နိုင်**

# တာလမ်းဘေးမှ ပဲစိုက်ခင်းများကြောင့် သွားလာရေးခက်၍ ဖယ်ရှားပေးရန် အသိပေးထား

**ကျောက်တံခါး နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေကာတာ၏ လမ်းဘေးဝဲယာတွင် မတ်ပဲနှင့် ပဲတီရွှေဝါများကို ဒေသခံ တောင်သူအချို့က စည်းကမ်းမဲ့ လာရောက်စိုက်ပျိုးထားခြင်းကြောင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာနေပြည်သူများ သွားလာရေး ခက်ခဲပြီး ကျွဲနွားများထိန်းကျောင်းရာ၌လည်း အခက်အခဲများဖြစ်ပေါ်နေကြောင်းသိရသည်။

"ကျွန်တော်တို့တောင်သူတွေက စည်းကမ်းရှိတဲ့လူတွေရှိသလို တချို့က စည်းကမ်းမဲ့ လုပ်ဆောင်ကြပါတယ်၊ ဒီစစ်တောင်းတာဘေးမှာ ပဲမစိုက်ရမှန်းသိလျက်နဲ့စိုက်ကြပါတယ်၊ အခု ပဲပင်တွေက ကြီးထွားလာပြီး လမ်းဘေးကနေ လမ်းပေါ်အထိ ရောက်လာပါတယ်၊ ဒီတော့ သွားလာရမှာလည်း ခက်ခဲလာပါတယ်၊ နောက်ပြီး ကျွန်တော်တို့ ကျွဲ၊ နွားတွေကိုလည်း ဒီတာဘေးမှာပဲ ထိန်းကျောင်းရပါတယ်၊ အခုလို ပဲတွေစိုက်ထားတော့ ကျွဲ၊ နွားတွေအတွက် အစာအခက်အခဲ ဖြစ်လာပါတယ်၊ ဒီလို စည်းကမ်းမဲ့ ပဲစိုက်တောင်သူတွေကို သက်ဆိုင်ရာက ထိရောက်စွာ တားဆီးအရေးယူသင့်ပါတယ်"ဟု ကျောက်စရစ်ရွာနေ တောင်သူတစ်ဦးကပြောသည်။

ကျောက်တံခါးမြို့နယ် ဆည်မြောင်းဦးစီးမှူးဦးဝင်းညွှန့်ကလည်း "စစ်တောင်းမြစ်တာတမံ လမ်းဘေးဝဲယာမှာ တောင်သူတွေ စည်းကမ်းမဲ့ ပဲစိုက်ထားတဲ့ကိစ္စကို ကျွန်တော်တို့ ကွင်းဆင်းပြီး ပဲမစိုက်ဖို့၊ စိုက်ပြီးလျှင်လည်း ပြန်ဖျက်သိမ်းပေးဖို့ တောင်သူတွေနဲ့ ညှိနှိုင်းခဲ့ပါတယ်၊ တချို့တောင်သူတွေက လိုက်နာမှုရှိသလို တချို့တောင်သူတွေက မလိုက်နာဘဲ ဆက်လက်ပြီး ပဲတွေစိုက်ထားလို့ မကြာခင်ရက်ပိုင်းကပဲ ညောင်လေးပင်မြို့နယ် ဆည်မြောင်းဦးစီးဌာနရုံးက ဦးစီးအရာရှိကိုယ်တိုင် ပဲခင်းများဖျက်သိမ်းပေးရန်နဲ့ လိုက်နာမှုမရှိက ဥပဒေအရဆက်လက်အရေးယူဆောင်ရွက်သွားမယ့်အကြောင်း စာထွက်ထားပြီးပါပြီ"ဟု ပြောသည်။

စစ်တောင်းမြစ်ရေကာတာသည် ကျောက်တံခါးမြို့၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိပြီး နံ့ဇကျေးရွာအုပ်စု၊ လက်ခံကျေးရွာအုပ်စု၊ ကညင်ကျိုးကျေးရွာအုပ်စုများရှိ ကျေးရွာနေပြည်သူများ အားကိုးသွားလာရသော စစ်တောင်းတာလမ်းပိုင်းတစ်ခုဖြစ်ကာ ကျောက်တံခါးမြို့နယ်မှ ညောင်လေးပင်မြို့နယ်အထိ ဆက်သွယ်ထားသော ဂဝံလမ်းခင်း စစ်တောင်းတာတမံတစ်ခုဖြစ်၍ လက်ရှိအချိန်၌ စည်းကမ်းမဲ့စိုက်ပျိုးထားသော ပဲစိုက်ခင်းများကြောင့် တာလမ်းပေါ်တွင် သွားလာရေးခက်ခဲမှုများ ရှိနေသည်။ **ခင်ကို(ကျောက်တံခါး)**

# နယ်စပ်ရေးရာဝန်ကြီးဌာန သင်တန်းများဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဝန်ထမ်းများ၏ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၆၈)၊ အဆင့်မြင့်စက်ချုပ်နည်းပြ သင်တန်းအမှတ်စဉ်(၃၂)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၀၁)နှင့် နယ်စပ်ဒေသများမှ တိုင်းရင်းသူများ၏ ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းအမှတ်စဉ်(၁၈) သင်တန်းများဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၂၄၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများရှိ နည်းပြများ၏ သင်ကြားမှုအရည်အသွေးမြှင့်တင်ရန်နှင့် နယ်စပ်ဒေသမှ တိုင်းရင်းသူများအား ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းဆင်းပြီးပါက အလုပ်အကိုင်ရရှိစေရန်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အလုပ်သမား အသိအမှတ်ပြုလက်မှတ်များပေးအပ်ပြီး ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်ရရှိရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဗထူး**


ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကနဦးခွင့်ပြုချက်ရယူပြီး ... 
ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ
ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး
တစ်ပေပတ်လည်လျှင်
၉၀၀၀၀ိ /- နှုန်း
မှ စတင်၍..
ရောင်းချပေးနေပါပြီ
စွယ်တော်စီးတီး အိမ်ရာ
မင်္ဂလာဒုံမြို့နယ်
ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀) ပေါ်တွင်တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။
Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊Pile-Foundation၊ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10” Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ်အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့် အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။
ရေကူးကန်၊ စားသောက်ဆိုင်၊
Fitness Center,SPA,
Convenience Store,
လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။
(၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။
အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။
DEVELOPER-
GRAND STYLE CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း)၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
TEL : 09 799-332211, 09 797-221133
09 799-221133

# ကျေးဇူးတင်ဝမ်းမြောက် မှတ်တမ်းတင်အပ်ပါသည်

သန်လျင်မြို့ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ၁၃၇၉ ခုနှစ် တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် ရက်ပေါင်း (၆၃)ရက်တိုင်တိုင် အလှူခံ လုပ်အားကုသိုလ်ပြုခဲ့ကြပါသော အောက်ပါကုသိုလ်ပြုအသင်းအဖွဲ့များအား ကျေးဇူးတင်ဝမ်းမြောက် မှတ်တမ်းတင် သာဓုခေါ်ဆိုအပ်ပါသည်။

၁။ နေလဆရာတော်ဦးစီး၊ ဦးဆန်းဦး ခေါင်းဆောင်သည့် ကုသလဒူတကုသိုလ်တော်ပြုဝတ်အဖွဲ့
၂။ နေလဆရာတော်ဦးစီး၊ ဦးအောင်လေး ခေါင်းဆောင်သည့် ဘုရားကုန်းညီညွတ်လူငယ်အဖွဲ့
၃။ နေလဆရာတော်ဦးစီး၊ ဒေါ်ခင်မာအေး ခေါင်းဆောင်သည့် နံ့သာကပ်လှူကုသိုလ်ယူအဖွဲ့
၄။ ဒေါက်တာဦးဝင်း ခေါင်းဆောင်သည့် သန်လျင်မြို့နယ်လုံးဆိုင်ရာဓမ္မစကူးလ် ဖြစ်မြောက်ရေးအဖွဲ့
၅။ ဒေါ်ရွှေကျင်ခေါင်းဆောင်သည့် ဘုရားကြီးဈေးအကျိုးတော်ဆောင်အဖွဲ့
၆။ ဦးသူရနိုင် ခေါင်းဆောင်သည့် အားမာန်လူငယ်အဖွဲ့
၇။ ဒေါ်ယဉ်ယဉ်ခိုင် ခေါင်းဆောင်သည့် ဗုဒ္ဓဟူးဝေယျာဝစ္စအဖွဲ့
၈။ ဦးဇာနည်တင် ခေါင်းဆောင်သည့် အရိပ်စစ်ပရဟိတအဖွဲ့
၉။ ဦးအောင်သန်းဇော် ခေါင်းဆောင်သည့် မေတ္တာအလင်းနာရေးကူညီမှုအဖွဲ့၊ ဘုရားကုန်းကျေးရွာ

## သာဓုခေါ်ဆိုနိုင်ပါရန်

ကျွန်တော်များ သန်လျင်မြို့ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ် ၁၃၇၉ ခုနှစ် တန်ဆောင်တိုင်ပွဲတော်၊ စာရေးတံမဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲအား မြို့နယ်ရှိဘုန်းတော်ကြီးကျောင်း ၂၀၉ ကျောင်းမှ သံဃာ ၃၀၆ ပါး အချီးကျပင့်ဆောင်၍ တန်ဆာင်မုန်းလပြည့်နေ့ (၃-၁၁-၂၀၁၇) မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့နယ်မှ အစိုးရရုံးဌာနများ၊ စက်ရုံအလုပ်ရုံများ၊ တက္ကသိုလ်ကောလိပ် အခြေခံကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၊ ပုဂ္ဂလိကနှင့် ပြည်သူအများလှူဒါန်းမှု၊ စာရေးတံမဲပဒေသာပင် ငွေသားတန်ဖိုး ၆၄၄၀၃၇၀၀ိ/- နှင့် ပစ္စည်းတန်ဖိုး ၂၇၀၈၈၅၄၃ိ/- စုစုပေါင်း ၉၁၄၉၂၂၄၃ိ/-(ကိုးရာတစ်ဆယ်လေးသိန်းကိုးသောင်းနှစ်ထောင်နှစ်ရာလေးဆယ်သုံးကျပ်)တိတိနှင့် ဆွမ်းဆန်စိမ်းတန်ဖိုး သိန်း ၃၀၀ ကျော် လှူဒါန်းမှုပြုလုပ်နိုင်ခဲ့ပြီး အစုစုတို့အား ကြာကန်ဗိမာန်တော်၌ နိုင်ငံတော်သံဃမဟာနာယကအကျိုးတော်ဆောင် မင်းကျောင်းဆရာတော်နှင့် စေတီတော်ဩဝါဒါစရိယဆရာတော်များမှ ရေစက်သွန်းချအနုမောဒနာတရား နာကြားပြီးဖြစ်ပါသဖြင့် အလှူရှင်များနှင့် ပရိသတ်များမှ သာဓုခေါ်ဆိုနိုင်ပါရန် အသိပေးအပ်ပါသည်။

**တန်ဆောင်တိုင်ပွဲတော်ဖြစ်မြောက်ရေး စေတီတော်ဂေါပကအဖွဲ့**

---

အမှတ်(၂)ဒေသကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)

## လိမ္မော်ရောင်ကောလိပ် (ပထမအကြိမ်)

1976 1996

### အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲ (၁၉၇၆-၁၉၉၆)

ကျေးဇူးရှင်ဆရာ ဆရာမများကို တပည့်အပေါင်းတို့မှ ရှိသေစွာ ပူဇော်ကန်တော့ဖို့ ဖြူစင်ရိုးသားစွာ တက်ညီလက်ညီ ကြိုးစားအားထုတ်လာခဲ့၍ ယနေ့အချိန်မှာ ရည်ရွယ်ထားသမျှ လိုအပ်ချက်များ ပြည့်စုံကြပါပြီခင်ဗျား။ သို့ပါ၍ ကျွန်တော်တို့တပည့်အပေါင်းက ရပ်ဝေး/ရပ်နီးမှ ဆရာ/ ဆရာမများကို ပူဇော်ကန်တော့ပြီး တွေ့ဆုံလိုစိတ်များစွာဖြင့် အာစရိယပူဇော်ပွဲသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ပေးပါရန် လှိုက်လှဲရိုသေစွာ ဂါရဝရှေ့ထား ဖိတ်ကြားအပ်ပါသည်ခင်ဗျား။

ပညာသင်ကြားပေးခဲ့ပါသော အသက်(၆၀)နှစ်နှင့်အထက်၊ အမှတ်(၂)ဒေသကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တွင် လုပ်သက်တစ်နှစ်နှင့်အထက်ရှိ ဆရာ/ဆရာမများအား ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)၊ ရန်ကုန်တက္ကသိုလ်(လှိုင် နယ်မြေ)တွင် ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။

ရပ်နီးရပ်ဝေးရှိ ကန်တော့ခံ ဆရာ/ဆရာမများ မကျန်ခဲ့စေရေးအတွက် (၃၀-၁၁-၂၀၁၇) နေ့နောက်ဆုံးထားကာ ကျေးဇူးပြု၍ ဆက်သွယ်အကြောင်းကြားပေးကြပါရန် မေတ္တာရပ်ခံ နှိုးဆော်အပ်ပါသည်။

| | | | | |
|---|---|---|---|---|
| ကိုနွဲ့မြင့်သိန်း | ၀၉ ၉၆၄၀၁၃၀၆၉ | ကိုအေးဆွေ(ပထဝီ) | ကိုမောင်မောင်တိုး(သမိုင်း) | ကိုသူရဝင်း(ရူပဗေဒ) |
| ကိုနိုင်ဝင်းအောင် | ၀၉ ၅၀၉၀၃၀၀ | ၀၉ ၄၂၀၀၂၄၅၉၆ | ၀၉ ၂၅၄၀၀၇၅၈၂ | ၀၉ ၄၅၀၀၉၉၈၁၄ |
| မသူဇာကြွယ် | ၀၉ ၇၇၅၅၀၇၀၉၀ | ကိုစောမောင်မောင် | ကိုဇော်လင်းမြင့်(သတ္တဗေဒ) | ကိုအောင်မြင့်(ဓာတု) |
| ကိုစိုးမျိုး | ၀၉ ၇၇၅၃၀၅၀၇၀ | ဦး(ဥပဒေ) | ၀၉ ၅၁၀၆၁၅၅ | ၀၉ ၂၆၁၆၆၈၉၈၁ |
| မဖြိုးဖြိုးအေး | ၀၉ ၄၂၅၀၀၉၅၂၄ | ၀၉ ၄၂၀၁၀၀၀၅၅ | မခင်ပြုံးချို(ရုက္ခဗေဒ) | ကိုဟိန်းဇော်(ဘူမိဗေဒ) |
| မရတနာထွန်း | ၀၉ ၉၆၁၂၂၄၆၆၇ | | ၀၉ ၅၀၆၀၅၃၇ | ၀၉ ၇၃၁၇၄၀၉၇ |

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7718 Nissan Condor MK 25A, Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လင်း ၁၂/သကတ(နိုင်)၀၇၅၅၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/3336 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်မဒေါ်ခင်ခင်မြ ၁၂/ဒဂန(နိုင်)၀၁၅၁၆၁ ပိုင်ဆိုင်သော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးဘဟန်လမ်း၊ မုဒိတာအိမ်ရာ (၁)၊ တိုက်ခန်းအမှတ် (B.346, B.345, B.245, B.246, B.247) တိုက်ခန်းများ၏ (၁)စည်းကမ်းလိုက်နာရန် ဝန်ခံကတိစာချုပ်၊ (၂)တိုက်ခန်းလွှဲပြောင်းလက်ခံခြင်းစာရွက်၊ (၃) တိုက်ခန်းတွင်ပါဝင်သည့် ပစ္စည်းစာရင်းစာရွက်၊ (၄)စည်းကမ်းနှင့်တာဝန်ဝတ္တရားစာအုပ်များ ပျောက်ဆုံးသွားသောကြောင့် တော်ဝင်မိသားစုကုမ္ပဏီတွင် မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်း ခိုင်လုံစွာဖြင့် ယနေ့မှစ၍ နှစ်ပတ်အတွင်း ကျွန်ုပ်ထံသော်လည်းကောင်း၊ တော်ဝင်မိသားစုကုမ္ပဏီတွင်လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်ခင်မြ ၁၂/ဒဂန(နိုင်)၀၁၅၁၆၁**
**အမှတ် (၃၅)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/7685 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၈၆၁၀ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝေ ၅/မရန(နိုင်)၁၄၀၈၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

---

## ဦးလျှန်ဘုန်းနန်နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ ပလကရပ်ကွက် နေထိုင်သူ ဦးသီဟကျော် ၉/ပကခ(နိုင်)၀၁၁၇၄၉ ပိုင်ဆိုင်သော 6M/8602 Tractor Head (6x2)(R) ယာဉ်အား မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပိုးဇာခြံဝင်း ရပ်ကွက်ကြီး(၆)တွင်နေထိုင်သူ ဦးလျှန်ဘုန်းနန် (ဘ)ဦးထောင်ခန့်နန် ၉/ပဥလ(နိုင်)၀၁၃၄၄၃ အား (၁)လလျှင် ငွေ ၁၀ သိန်းကျပ်နှုန်းဖြင့် (၅-၆-၂၀၁၇) မှ (၅-၆-၂၀၁၈)ထိ (၁)နှစ် ငှားရမ်းခဲ့ပါသည်။ ယခုအခါ ဦးသီဟကျော်မှ ဦးလျှန်ဘုန်းနန်အား ဆက်လက်မငှားရမ်းလိုတော့ပါ။ ငှားရမ်းရန်ကျန်ရှိနေသည့် ခုနစ်လစာအတွက် သိန်း၇၀အား ပြန်လည်ပေး၍ ငှားရမ်းခြင်းကို ရပ်စဲလိုပါသည်။ သို့ပါ၍ 6M/8602 Tractor Head (6x2)(R)ယာဉ်အား ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟကျော်ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဤကြေညာစာပါသည့်ရက်မှ ၁၀ရက်အတွင်း ပြန်လည်ပေးအပ်ရန် ဦးလျှန်ဘုန်းနန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးသီဟကျော်**
**၉/ပကခ(နိုင်)၀၁၁၇၄၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စိုးလွင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၀၈၅၀)**
**ငယ်တိုးကျေးရွာအုပ်စု၊ ရွှေခဲရပ်၊**
**အမရပူရမြို့နယ်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၄၉၇/က)၊ မြေကွက်တည်နေရာအမှတ် (၄၉၇/က)၊ သခင်ဖိုးလှကြီးလမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ် (ဦးဖေကြည်)အမည်ပေါက် ပါမစ်မြေအား (က)ရောင်းသူ ဒေါ်ခင်ပြုံးကြည် ၁၂/ဒလန(နိုင်)၀၁၇၈၀၆၊ မအေးမိစိုး ၁၂/ဒလန(နိုင်)၀၀၀၉၀၉ နှင့် (ဝယ်သူ)ဒေါ်သန်းမြ ၁၂/ဒလန(နိုင်)၀၀၅၆၅၇ တို့ချုပ်ဆိုသော ၂၉-၆-၂၀၀၀ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ (ခ) (ရောင်းသူ)ဦးဖေကြည်(ကိုယ်စား) ဒေါ်ခင်ပြုံးကြည်(ဇနီး)နှင့် ဝယ်သူဒေါ်သန်းမြ ၁၂/ဒလန(နိုင်)၀၀၅၆၅၇ တို့ချုပ်ဆိုသော ၁၅-၈-၂၀၀၀ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ (ဂ) (ရောင်းသူ) ဒေါ်သန်းမြနှင့် (ဝယ်သူ)ဒေါ်ခင်သန်းအေး (DLA ၀၁၀၁၁၈)တို့ချုပ်ဆိုသော ၂၀-၁၂-၂၀၀၀ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ (ဃ) (ရောင်းသူ)ဒေါ်ခင်သန်းအေးနှင့် (ဝယ်သူ)ဦးမင်းမင်းလတ် ၁၂/မရက(နိုင်)၁၄၅၈၇၇ တို့ချုပ်ဆိုသော ၂၆-၁၂-၂၀၀၄ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ (င) ဦးဖေကြည်၏အိမ်ထောင်စုလူဦးရေစာရင်း (မိတ္တူ)၊ (စ)မြေကွက်ပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း ထောက်ခံပေးပါရန် ဦးမင်းမင်းလတ်၏လျှောက်ထားစာအပေါ် ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ၂၅-၁၀-၂၀၁၇ ရက်စွဲပါ ဆက်လက်တင်ပြစာ၊ (ဆ)ဦးဖေကြည် ၁၂/ဒလန(နိုင်)၀၁၇၈၀၅ အမည်ပေါက် မြေချပါမစ်မူရင်းတို့တင်ပြ၍ ဦးမင်းမင်းလတ် ၁၂/မရက(နိုင်)၁၄၅၈၇၇ မှ ဂရန်သစ်လျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် တစ်ထပ်သွပ်မိုးပျဉ်ကာအိမ်တွင် လျှောက်ထားသူကိုယ်တိုင် နေထိုင်ခြင်းမရှိဘဲ လျှောက်ထားသူကိုယ်တိုင် မြေကွက်တွင်စောင့်ဆိုင်း၍ သော့ဖွင့်ပြပါသည်။ သို့ပါ၍ ဦးမင်းမင်းလတ် ၁၂/မရက(နိုင်)၁၄၅၈၇၇ မှ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆ဘီ ၂)၊ မြေကွက်အမှတ်-၁၂၃၊ မြေကွက်တည်နေရာအမှတ်-၅၇၊ ရွှေလှိုင်လမ်း၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် ဦးဝင်းသန်း(ခ)ချန်ကောက်စင်(၁၂/ကမတ(နိုင်)၀၄၅၃၅၅)၊ ဒေါ်တင်မေ(၁၂/လသန(နိုင်)၀၁၄၀၉၄၊G/RGN-၀၀၀၇၇၉)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်များကိုယ်တိုင်မှနှစ်(၆၀)မြေငှားဂရန်(မူရင်း)၊ မြေခွန်ကြွေးကျန်ကင်းရှင်းကြောင်းထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၂၀၀၄ခုနှစ်ဘဏ်ငွေချေးရန်အတွက် မြေပုံမြေဇဝင်မူရင်းများပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်းနှင့် ၂၀၁၁-ခုနှစ်ဘဏ်ချေးမြေပုံ ထုတ်ယူခဲ့ခြင်းမရှိကြောင်းကျမ်းကျိန်လွှာတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)သက်တမ်းတိုးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၁၅)၊ (၁၁/ခ လွယ်ကန်မိန်းရပ်)၊ ဦးပိုင်အမှတ် (၁၇)၊ ဧရိယာ (၀ ဒသမ ၁၆၅) ဧကရှိ အမှုတွဲအမှတ် ၂၇၈-၅/၂၀၀၇-၂၀၀၈ (အေ)ဖြင့် ဒေါ်ရွှေညွန့်(ခ)မိုနာအမည်ပေါက်ပြီး ၄င်းပိုင်မြေဧရိယာအနက် (၀ ဒသမ ၀၈၃)ဧကအား ဒေါ်အေးဆိုင်သို့ (၂၁-၃-၂၀၁၇) ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ် (၁၆၆I/၂၀၁၇)ဖြင့် ရောင်းချထားပြီးဖြစ်၍ ဒေါ်ရွှေညွန့်(ခ)ဒေါ်မိုနာနှင့် ဒေါ်အေးဆိုင်တို့မှ ဦးပိုင်ခွဲစိတ်ခွင့်ပြုမိန့် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**




## မြတ်တံခွန်စာသင်တိုက်

### သိမ်၊ ကျောင်း၊ ဓမ္မာရုံ အလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုပင်မှတ်တိုင် လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားသော သံဃာတော်များ သီတင်းသုံးနေထိုင်ရန်၊ ယောဂီများ တရားအားထုတ်နိုင်ရန် (၈၀×၅၀)ပေရှိ သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီးဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| (၁) သိမ် | ၅၀၀ သိန်း |
| (၂) အာစီကြမ်းခင်း (၁)လွှာ | ၃၇၀ သိန်း |
| (၃) ၁၀-ပေ (၁)ခန်း | ၁၀ သိန်း |
| (၄) လှေကား (၁)စင်း | ၅ သိန်း |
| (၅) တိုင် (၁)လုံး | ၃ သိန်း |
| (၆) ပြတင်းတံခါး | ၃ သိန်း |
| (၇) ကျောက်ပြားအခင်း ၁ကျင်း | ၁ သိန်း ၅ သောင်း |

**ကျောင်းဖြစ်မြောက်ရေးအဖွဲ့**
**မြတ်တံခွန်စာသင်တိုက်**
**ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃**




**အရှင်ပညိန္ဒ၏**
**တတိယမြောက်စာအုပ်**
**"တို့နှစ်ဦးကြားက မရှိမလမ်းကျဉ်းလေး"**

ဤစာအုပ်မှာ ရန်ပဋိပက္ခအပေါ်ရှုထောင့်များ၊ အမြင်များ၊ ရန်ပဋိပက္ခ ပြေငြိမ်းရန် နည်းလမ်းများ၊ စနစ်များ၊ ဝါဒများ၊ သဘောတရားများကိုအပြုသဘောဆောင် တင်ပြထားပါသည်။
ရန်ကုန်-မန္တလေးစာအုပ်ဆိုင်ကြီးများ၌ ရရှိနိုင်ပါသည်။
ဖြန့်ချိရေး - ယဉ်မျိုးစာပေ ဖုန်း ၀၉ ၇၃၂၀၁၅၈၆

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၅၃ယ/၃၅၃၉၈ SEIN SABAI PHYU CO.,LTD က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (လှိုင်ကော်)**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနီနီမ ၁၃/တကန(နိုင်) ၂၉၉၆၁၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၄၁၀၂၃၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဟန်ဇော်ထွန်း ၁၃/ဖခန(နိုင်)၀၆၈၃၂၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## "အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း"

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့တွင် ၂၀၁၇-ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ (၂၃)ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် 13th IDBF World Nations Dragon Boat Racing Championships ပြိုင်ပွဲတွင် မြန်မာ့ရိုးရာ လှေလှော်အသင်းမှ ရွှေတံဆိပ် (၁)ခု၊ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၁)ခု တို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့်အောင်မြင်မှုအပေါ် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့်တကွ နည်းပြဆရာများ၊ အသင်းအဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်လှေလှော်အားကစားသမားများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

အထူးဂုဏ်ယူဝမ်းမြောက်လျက်
Jewellery Luck Group of Companies
Trusty Family Company Limited
Farmers Development Public Bank Limited
Top Ten Star Production Company Limited
Golden Land Reals Estate Company Limited (Golden City Project)
Prime Residence Company Limited (The Heritage Kempinski Hotel Yangon)

## "အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း"




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၃)ကြိမ်မြောက် ကမ္ဘာ့နဂါး လှေလှော်ပြိုင်ပွဲမှ နိုင်ငံတော်အတွက် (ရွှေ-၁)၊ (ငွေ-၁)၊ (ကြေး-၁) ဆုတံဆိပ်များ ရရှိခဲ့သော အောင်ပွဲရ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ - ဦးသောင်းထိုက်မင်း (ဒု-ဥက္ကဋ္ဌ၊ မေခဆောင်ဖောင်ဒေးရှင်း)အတွက် မေခဆောင်ဖောင်ဒေးရှင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

နောင်တွင်လည်း ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်များအတိုင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကို အားကစားနှင့်အတူ တိုးတက်အောင်မြင်စွာဖြင့် နိုင်ငံတော်အကျိုးဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မေခဆောင်ဖောင်ဒေးရှင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး
## ဒေါ်ခင်ယုဆွေ
### အသက်(၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်(၄)လမ်း၊ အမှတ် ၁၁နေ (ဦးယုစွမ်-ဒေါ်ကြင်မြိုင်)တို့၏သမီး၊ မဒေါက်မြို့နေ (ဦးဟုတ်ရှုံး-ဒေါ်စန်းစန်း)တို့၏သမီး ချွေးမ၊ (ဦးထိုက်စိန်)၏ဇနီး၊ (ဒေါ်ခင်ယုမေ)၏ညီမ၊ ဦးထိုက်ဟင်း-ဒေါ်အိအိခင်၊ ဦးဝင်းလွင်-ဒေါ်သီသီမြတ်၊ ဦးဇော်သက်-ဒေါ်ကျင်စန်း၊ ဦးအောင်ကျော်ထွန်း(ခေတ္တ၊ စင်ကာပူ)၊ ဦးချစ်လွင်-ဒေါ်သင်းသင်းနွယ်၊ ဦးစိန်မန်းမောင်လတ်-ဒေါ်တင်တင်နွယ်တို့၏ အစ်မ၊ ဦးကြည်စိန်(ညွှန်မှူး-ငြိမ်း၊ စီး/ကူး)-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်းထိုက်-ဒေါ်ဆွေဆွေသောင်း(USA)တို့၏ချစ်လှစွာသောမိခင်၊ ဂျော်နသန်ဆွေထိုက်၏ ဘွားဘွား၊ တူ၊ တူမ ၁၅ ယောက်တို့၏အဒေါ်သည် ၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ည ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းဒါယိကာမကြီး
## ဒေါ်ခင်ကြည်
### အသက်(၉၅)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မြစ်-ဒေါ်အုံးစိန်)တို့၏သမီး၊ ဘုရားကြီးမြို့၊ သမန်းကုန်းရွာနေ (ဦးမောင်ကြီး-ဒေါ်ဖွားသဲ)တို့၏ချွေးမ၊ ဒိုက်ဦးမြို့နေ (ဦးမောင်ကျော်-ဒေါ်တင်အေး)တို့၏အစ်မ၊ ဝေါမြို့နေ (ဦးတင်မြင့်-ဒေါ်ငွေသိန်း)၊ ဦးတင်ငွေ-ဒေါ်သန်းဌေး၊ ဦးမြင့်အောင်-ဒေါ်အေးစန်း၊ ပဲခူးမြို့နေ ဦးမြဝင်း-ဒေါ်ခင်မိမိ၊ ရန်ကုန်မြို့နေ ဦးဇော်မင်း(ဒု-ညွှန်မှူး၊ လေကြောင်းဦးစီး)-ဒေါ်မိုးမိုးခိုင်တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၁ယောက်၊ တီလေးယောက်တို့၏ ဘွားဘွားကြီး၊ ဝေါမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ ရတနာသိဒ္ဓိလမ်း၊ အမှတ်၁၄၀ နေ (ဦးရွှေကြီး)၏ ချစ်လှစွာသောဇနီးသည် ၁၉-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၇ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၇ရက် (စနေနေ့)တွင် အထက်ပါ ဝေါမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ ရတနာသိဒ္ဓိလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဟုန်လှိုင်
### အသက်(၇၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ဘရဏီ(၂)လမ်း၊အမှတ်(၈၀)နေ (ဦးကြင်မေး-ဒေါ်ကြင်ရွှေ)တို့၏သား၊ ညီအစ်ကိုမောင်နှမ ၁၄ ယောက်တို့၏ အစ်ကို/မောင်၊ ကိုဉာဏ်မင်းဦး-မသီတာ၊ ကိုကျော်နိုင်-မအိအိသူ၊ ကိုထွန်းမင်းအောင်-မပွင့်ရည်သူတို့၏ ဖခင်၊ ဒေါ်သန်းသန်းဝင်း၏ ခင်ပွန်း၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၀-၁၁-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၃း၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ရွှေဟင်္သာဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ
### သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ရှမ်းခေါင်မဲအုပ်စု၊ ဥသျှစ်ကုန်းကျေးရွာဇာတိ (ခမည်းတော်ဦးဖြူသီ-မယ်တော်ဒေါ်ရွှေမိ)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြကျွန်းသာကျောင်းဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ၏ ညီတော်၊ မာရ်အောင်ကျောင်းတိုက်၊ မြို့ဦးကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရ၏ နောင်တော်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ မာရ်အောင်ကျောင်းတိုက်၊ ရွှေဟင်္သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာဝံသသည် (၁၃၇၉ခုနှစ်၊ နတ်တော်လဆန်း ၃ရက်)၂၁-၁၁-၂၀၁၇ ရက်(အင်္ဂါနေ့) နံနက် ၄း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ဆေးတက္ကသိုလ်-၂သို့ လှူဒါန်းပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများနှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

တပည့်သံဃာ
ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး
## ဒေါ်ခင်ယုဆွေ
### အသက်(၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်(၄)လမ်း၊ အမှတ် ၁၁နေ (ဦးယု စွမ်-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ မဒေါက်မြို့နေ (ဦးဟုတ်ရှုံး-ဒေါ်စန်းစန်း)တို့၏သမီး ချွေးမ၊ (ဦးထိုက်စိန်)၏ဇနီး၊ (ဒေါ်ခင်ယုမေ)၏ညီမ၊ ဒေါ်ခင်ခင်မြ၊ ဒေါ်မြင့်မြင့်ဝေ၊ ဦးဝင်းမြင့်၊ ဒေါ်သင်းသင်းဝေ၊ ဒေါက်တာဒေါ်အေးအေးမွန်တို့၏အစ်မ၊ ဦးကြည်စိန်(ညွှန်မှူး-ငြိမ်း၊ စီးပွား-ကူးသန်း)-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်းထိုက်-ဒေါ်ဆွေဆွေသောင်း(USA)တို့၏ချစ်လှစွာသောမိခင်၊ ဂျော်နသန်ဆွေထိုက်၏ ဘွားဘွားသည် ၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ည ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးလေးလွင် (ငြိမ်း)(တေဇ-၇)
### အသက်(၅၉)နှစ်

မိုးကုတ်မြို့နေ (ဒေါ်သန်းသန်းဝင်း)၏ ခင်ပွန်းဖြစ်သူ အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇) (တေဇ-၇)မှ ကြည်း-၁၅၉၇၁ ဗိုလ်ကြီးလေးလွင်(ငြိမ်း)၊ မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)သည် ၂၀-၁၁-၂၀၁၇ ရက် နံနက် ၃ နာရီတွင် မိုးကုတ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းလေးလွင် ကောင်းရာသုဂတိလားပါစေ-

တေဇ(၇)မှ သူငယ်ချင်းများ

---

## ဦးနိုင်ဦး B.A(English)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မချွေလမ်း၊ အမှတ် ၄၆၈နေ (ဦးစံပိန်း-ဒေါ်ငယ်)တို့၏သား၊ (ဦးစန်းမြင့်-ဒေါ်ခင်နွဲ့)တို့၏သားသမက်၊ (ဦးစိုးပိုင်)-ဒေါ်မိုးမိုး၊ဗိုလ်မှူးအောင်ကျော်မိုး(ငြိမ်း၊ ကုန်သွယ်ရေးဦးစီးဌာန)-ဒေါ်ယဉ်မေထွေး၊ (ဦးတင်အောင်မိုး)တို့၏ အစ်ကို၊ ဒေါက်တာပိုင်စိုးစံ၊ မောင်ပိုင်ခန့်မင်း(3rd Year YTU)တို့၏ဖခင်၊ ဒေါ်မာလာမြင့်၏ ခင်ပွန်းသည် ၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးထင်ပေါ်
### B.Sc. Chemistry
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၉၄၀ နေ (ဦးဟိုစိန်)-ဒေါ်အေးစိန်တို့၏သား၊ ဦးမြင့်ခိုင်-ဒေါ်နီနီအေး၊ (ဦးချစ်လှိုင်)-ဒေါ်ကြူကြူ၊ ဦးအောင်ခိုင်-ဒေါ်အေးအေး၊ ဦးအောင်မင်း-ဒေါ်ရှုအင်(ကျောင်းအုပ်၊ ထ-၃၊ ကြည့်မြင်တိုင်)၊ ဦးသန်းရွှေ-ဒေါ်သင်းသင်းဆွေတို့၏ညီ/မောင်၊ ဦးအောင်မင်း-ဒေါ်နုနုလွင်၊ (ဦးတိုးအောင်)-ဒေါ်အေးအေးခိုင်၊ ဒေါ်ဇင်ဇင်လွင်(ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး)၊ ဒေါ်အေးအေးမြင့်(ထ/သုဝဏ္ဏ)တို့၏အစ်ကို၊ တူ၊ တူမ ၁၈ယောက်တို့၏ ဦးလေးသည် ၂၁-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ဝဝး၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၃-၁၁-၂၀၁၇ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး
## ဦးကျော်မင်း ဟိုတယ်/ခရီး(ငြိမ်း)
### အသက်(၇၀)

ရန်ကုန်မြို့နေ [ဦးအုံးခင်(အင်းစိန် GTI ကျောင်းအုပ်ကြီး-ဒေါ်စောလှ]တို့၏သား၊ ရန်ကုန်မြို့၊ သမိုင်းမြို့သစ်လမ်းသွယ်(၂)၊ အမှတ် ၈၁/B နေဒေါ်မြင့်မြင့်စိန်(ဟိုတယ်/ခရီး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇေယျပေါ်သူ-မအိသက်နွေး၊ ကိုကျော်ပြည့်ဝန်းသူ-မတင်တင်အိတို့၏ဖခင်၊ မောင်ဥက္ကာ၊ သဒ္ဒါဖြူစင်တို့၏ ဘိုးဘိုးကြီးသည် ၂၁-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ခတင်-၅၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်ဝင်းရီ(ခ)
### Daw Barbara D'Silva
### အင်းလျားကန်ဟိုတယ်(ငြိမ်း)
### ကန်တော်ကြီးသင်တန်းကျောင်း
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်ဟောင်း (၃)၊ အခန်း၂၁နေ (ဦးတော်မီ D'Silva -ဒေါ်စောလှ)တို့၏သမီး၊ (William D' Silva)၊ ဦးအောင်ဒင်-ဒေါ်ဒေါ်လီခင်၊ ဦးသန်းစိုး(JSM Shipping Co.Ltd)-ဒေါ်ခင်စန်းရီ(ရမ်းရီ)စက်မှု(၁)ငြိမ်း၊ ဦးကျော်တင့်-ဒေါ်ခင်ချို၊ ဒေါ်ခင်မြရင်(ရေနံ သယ်/ပို့ငြိမ်း)တို့၏အစ်မ၊ (ဦးကျော်ကိုကို)၊ ဦးဝင်းကျော်(Amigo's Co.Ltd)-ဒေါ်မေမွန်မွန်အောင်၊ ဂျူးဂျူး(Reason)၊ အမ်ကစ်တို့၏ကြီးတော်၊ မောင်ဝင်းခန့်သော် (Grade-6, အထက-၁၊ ဒဂုံ)၊ မယေ့နမ်တို့၏ အဘွားသည် ၂၁-၁၁-၂၀၁၇ရက် နံနက် ၄း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (တိုက်၃၊ အခန်း ၂၁၊ ဖဆပလ အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ နေအိမ်နှင့် ဇမာနွေလ ဘုရားကျောင်းတို့မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသူရိန်မြင့်
### (B.B.A,B.C.Sc)
### (လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ပရေးရာအဖွဲ့၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)
### အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ (၃၅-ဘီ)ကန်လမ်းနေ ဦးတင်မြင့် (ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်)-ဒေါ်မာလာစိန်(ကျောင်းဆရာမ-ငြိမ်း)တို့၏သား၊ ဦးဇော်မင်းမြင့်၏ညီ၊ ဒေါက်တာဒေါ်မြတ်သီတာမြင့်(Ph.D, Physics၊ အထက-၂၊ လှိုင်သာယာ)၏မောင်၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်၄/၉နေ (ဦးမြင့်)-ဒေါ်သင်းသင်းရီတို့၏ သားသမက်၊ ဦးသိန်းဇံချို-ဒေါ်အိအိခိုင်(အလုပ်ရုံမှူး၊ ဆေးဝါးစက်ရုံ၊ အင်ယောင်း)၊ ဒေါ်စန္ဒာခိုင်(ခ)ဒေါ်စုတို့၏တူ၊ မကေသွယ်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ဝဝး၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ကန်လမ်း၊ အမှတ် (၃၅-ဘီ)နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်နုနုရီ
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ ဇမ္ဗူသီရိလမ်း၊ အမှတ် ၈နေ (ဦးတင်အောင်-ဒေါ်မြရီ) တို့၏သမီး၊ ဦးထွန်းညွန့်(ခ)ဦးတင်မိုး၏ ချစ်လှစွာသောဇနီး၊ မဇာခြည်မိုး၊ မောင်ထူးကျော်တို့၏ ချစ်လှစွာသော မိခင်သည် ၂၀-၁၁-၂၀၁၇ရက် မွန်းလွဲ ၂း၅၃ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အုံးမြင့် အလယ်တန်းပြဆရာမ(ငြိမ်း) အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခလမ်း၊ တိုက်(၆)၊ အခန်း(၃၀၁)နေ (ဦးစံထွန်း-ဒေါ်သိန်းနု)တို့၏ သမီး၊ (ဦးစံ-ဒေါ်သန်းသန်း)တို့၏ သမီးချွေးမ၊ (ဒေါ်တင်ဝင်း)၏ ညီမ၊ (ဦးသိန်းလှထွန်း)-ဒေါ်အေးအေးသန်း(ခေတ္တ USA)၊ ဦးကျော်ဝင်း-ဒေါက်တာခင်အေးဝင်း(ခေတ္တ USA)တို့၏အစ်မ၊ (ဗိုလ်ကြီးမြင့်သိန်း)တပ်မတော်(လေ)၏ ချစ်လှစွာသောဇနီး၊ မောင်ဖြိုးဦး BE(Electronics) (ခေတ္တ Singapore)-မဆွေမာလှိုင်(လ/ထ ကထိက၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)(ငြိမ်း)၊ မောင်လင်းမြင့်သိန်း Nutra Power Co.,Ltd.တို့၏ ချစ်လှစွာသောမိခင်၊ သွန်းဆင့်ဆင့်သာ၏ အဘွားသည် ၂၀-၁၁-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၅း၃၂နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သုခလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးပြည့်စုံဝင်း(ခ)ယုဝင်းထိုက်
### စတသ(၄၅)
### အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ(ဦးသောင်းဝင်း-ဒေါ်တင်အေး)တို့၏သား၊ (ဦးစောကေးစုံ)-ဒေါ်ဒက်ဖနီဒွေးတို့၏ သားသမက်၊ (ဒေါ်သန်းသန်းဦး)၊ (ဦးခင်မောင်လှိုင်)၊ ဦးခင်မောင်ဇော်-ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်သီတာဝင်း(အထက-၆၊ နေပြည်တော်)-ဗိုလ်မှူးဇော်စိုး(ငြိမ်း)(စီးပွား/ကူးသန်း)၊ ဦးသောင်းထိုက်(နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်မြတ်သူဇာ(နယ်စပ်ရေးရာဝန်ကြီးဌာန)တို့၏ ညီ/မောင်၊ မဇင်ဆုဝေဝင့်၊ မမြတ်ဟေမာန်သောင်း၊ မမေမြတ်နိုးထိုက်တို့၏ လေးလေးငယ်၊ မရှင်မင်းပြည့်၏ ချစ်လှစွာသောဖခင်၊ ဒေါ်နော်အေးအေးသန်း(ခ)နော်လေး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၁၁-၂၀၁၇ရက် (စနေနေ့)တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားပါသဖြင့် ၂၁-၁၁-၂၀၁၇ ရက်(အင်္ဂါနေ့)တွင် စစ်တွေမြို့၊ အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်းနှင့် ၂၃-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံစစ်သင်္ချိုင်း၌ အရိုးပြာအိုးကို ဂူသွင်းမြှုပ်နှံမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၁-၂၀၁၇ ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် (၉၅-က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မောင်ဆွေမင်းဦး
### အသက်(၃၂)နှစ်

နောင်ချိုမြို့နယ်၊ ကုန်းစံအကျဉ်းစခန်းတာဝန်ခံ ဦးမင်းဝေ(ထောင်ပိုင်ကြီး)-ဒေါ်သန်းသန်းချိုတို့၏ သား၊ မောင်အောင်မင်းဦး၏ အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ (၇)လမ်းနေ ဗိုလ်ကြီးမောင်အေး(ငြိမ်း)-ဒေါ်စန်းစန်းဌေးတို့၏ သားသမက်၊ မအေးရည်မွန်၏ခင်ပွန်း၊ မောင်ထက်သီဟ၊ မယွန်းရတီနှင်းတို့၏ ဖခင်သည် ၂၁-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

(လှည်းကူးမြို့နယ် နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မောင်သီဟ(ခ)ရှမ်းဖိုးကြီး
### (ဘားအံ)
### အသက်(၂၁)နှစ်

ဘားအံမြို့၊ (၁)ရပ်ကွက်၊ မြိုင်သဇင်ကျောင်းလမ်းနေ ဦးမောင်ချိန်-ဒေါ်စိန်မြင့်(ခ)ဒေါ်ရွှေမိတို့၏သား၊ မငြိမ်းခိုင်၊ မနွယ်နီခိုင်၊ မောင်အောင်ထက်ခိုင်၊ မအေးကြည်ပြာခိုင်၊ မငုဝါခိုင်၊ မောင်စိုးထက်ခိုင်၊ မသက်မွန်ခိုင်တို့၏ ညီမောင်သည် ၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မောင်ကောင်းဆက်ဟိန်း(ခ)
## ရွှေဆက်
### ထားဝယ်မြို့
### အသက်(၂၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရှမ္ဗလည်ဆွဲရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်၂၄နေ ဦးလှရှိန်-ဒေါ်ခင်နှင်းဝေ(ရွှေမင်းသား အပ်ချုပ်ဆိုင်)တို့၏သား၊ ကိုအေးချမ်း-မခင်သီတာဝေ၊ ကိုလွင်ဇော်ထူး-မထက်ထက်တင်၊ မဆွေဆွေထက်တို့၏ မောင်/ညီ၊ မောင်စည်သူခန့်အောင်၊ မောင်ခန့်ညားထင်၊ မရတီစိုးခန့်၊မထက်ထက်မြတ်နိုး၊ မသီရိထင်ရှားမော်၊ မောင်ရန်နိုင်ကို၊ မခြူးခြူးကာရန်ဇော်တို့၏ ဦးလေးသည် ၁၉-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၇ရက်(တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

ဖခင်ကြီး ဦးသန်းအောင်(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)အသက်(၇၈)နှစ်သည် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းလွဲ ၁း၁၅နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်ချိန်တွင် မြင်းခြံခရိုင် ဆီမီးခုံကျေးရွာမှ ရန်ကုန်သို့ သယ်ဆောင်ရန်အတွက် ကူညီပေးခဲ့ကြသော မြင်းခြံနာရေးကူညီမှုအသင်းနှင့် ဝိုင်းဝန်းကူညီသူများ၊ ရန်ကုန်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်နိုင်ရန်အတွက် အစစအရာရာကူညီပေးခဲ့ကြသော ပုဂ္ဂိုလ်များ၊ ရက်လည်တွင် သံဃာတော်(၇၈)ပါးအား နေအိမ်၌ အရုဏ်ဆွမ်းဆပ်ကပ်လှူဒါန်းနိုင်ရန်အတွက် ပင့်ဖိတ်ကူညီပေးခဲ့ကြသော ပုဂ္ဂိုလ်များ၊ နာရေးအစမှ အဆုံးထိပြီးဆုံးအောင်ဆောင်ရွက်နိုင်ရန် ကူညီပေးခဲ့ကြသော ဖခင်ကြီး၏ သားတပည့်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးသားချင်းများ၊ eTradeMyanmar Co.,Ltd., TAS Co.,Ltd., Haing Kie Coffee (Myanmar) Co.,Ltd. နှင့် Smartas(GAC HINO)မှ ဝန်ထမ်းမိသားစုများ၊ လာရောက်အားပေးနှစ်သိမ့်မေးမြန်း ပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ တယ်လီဖုန်း၊ သတင်းစာ၊ email, message များဖြင့် အားပေးနှစ်သိမ့်ခဲ့သော မိတ်ဆွေများ၊ လှူဖွယ်ပစ္စည်းများ၊ အချိုပွဲများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများပေးပို့ခဲ့ကြသော မိတ်ဆွေများနှင့် အစစအရာရာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူအားလုံးကို ညိုးငယ်သောစိတ်ဖြင့် အထူးကျေးဇူးတင်ရှိပါသည်။

ဇနီးဒေါ်မြင့်မြင့်ကြည်နှင့် ကျန်ရစ်သူမိသားစု

# (၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပပြီးစီး




(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၁**

(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ ပတ္တမြားခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ဥရောပသမဂ္ဂ၏ အထူးကိုယ်စားလှယ် အက်စ်တိုးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Sven Mikser နှင့် (၁၄) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးလက်ခံကျင်းပမည့် စပိန်နိုင်ငံမှ Secretary of State H.E. Mr.Ildefonso Castro တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် သဘာပတိကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါထုတ်ပြန်ချက်အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ယနေ့ မြန်မာစံတော်ချိန် ၂၁း၃၀ နာရီ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ အသင်း ၁၂ သင်းဖြင့် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၁၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ၂၀၁၇ ရာသီအပြီးတွင် နုတ်ထွက်သည့်အသင်းများ၊ လစာပြဿနာများကြောင့် ဆက်လက်ရပ်တည်နိုင်ခြင်းမရှိတော့သည့်အသင်းများ အသင်းအပြောင်းအလဲများဖြစ်ပေါ်ခဲ့ပြီး နုတ်ထွက်သွားသည့် အသင်းများနေရာတွင် အခြားအသင်းများ အစားထိုးကာ ကျင်းပမည်ဖြစ်သည်။

လာမည့်ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအပါအဝင်

*စာမျက်နှာ ၁၃ ကော်လံ ၅* ❖

## မဲခေါင်တိုင်းရင်းဆေးများ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ပြပွဲ ဖွင့်လှစ်ပြသ

**ရန်ကုန် နိုဝင်ဘာ ၂၁**

(၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်း နိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အစည်းအဝေးနှင့်ဆက်စပ်၍ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများ ပြပွဲကြီးကို ယနေ့နံနက်ပိုင်းက တပ်မတော်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မဲခေါင်နိုင်ငံများမှ ကိုယ်စားလှယ်တို့က ပြပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

"ကျွန်မတို့ဒီပြပွဲကြီးကို (၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်း နိုင်ငံတွေရဲ့ အစည်းအဝေးကြီးနဲ့ ဆက်စပ်ပြသခဲ့တာ

*စာမျက်နှာ ၈ ကော်လံ ၄* ◆



'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
သည်ဘွဲ့သန်းနိုင် တည်ထောင်သည့်
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၁ မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
မင်္ဂလာ
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၂ အမှတ် (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈ ၈၉ ၂၀ - ၂၅
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ဧပြီ ၂၆)၊ ၈၊၇၊၆၊၅ တန်း (မေ ၃)၊ မူလတန်း(မေ ၂၉) စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် အတွက်
ကျောင်းအပ် လက်ခံပါပြီ
ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ
အဆင့်မြင့် ဘော်ဒါ
KG မှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၆ ကျောင်းသူ၊ ဧပြီ ၂၈ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း [ ဂုဏ်ထူးရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ဧပြီ ၂၆)၊ ၈ တန်း(ဧပြီ ၂၈) စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939

ဤအစည်းအဝေးမှ သိသာထင်ရှားသည့် တိုးတက်မှုများကို မိမိတို့ ရရှိခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့်နှစ် မွန်ဂိုလီးယားနိုင်ငံတွင်ကျင်းပသည့် (၁၁) ကြိမ်မြောက် အေဆမ်အစည်းအဝေးတွင် ချမှတ်ခဲ့သည့် မျက်မှောက်အေဆမ်ချိတ်ဆက်မှုကို မိမိတို့ ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

အေဆမ်၏ ရည်မှန်းချက်နှင့်အညီ အေဆမ်မိတ်ဖက်နိုင်ငံများက အေဆမ်နိုင်ငံများအတွင်း ချိတ်ဆက်မှုအဓိပ္ပာယ် သတ်မှတ်ရေးဆိုင်ရာ သဘောတူညီချက်၊ လုပ်ငန်းနယ်ပယ်၊ လုပ်ငန်းသတ်မှတ်ကာလနှင့် အေဆမ်ချိတ်ဆက်မှု လုပ်ငန်းများနှင့်ပတ်သက်၍ သဘောတူညီချက်ရရှိခဲ့ပါကြောင်း၊ အာရှနှင့်ဥရောပကြား ချိတ်ဆက်မှုမြှင့်တင်ပေးရန် ရည်ရွယ်ချက်အရ ချိတ်ဆက်မှု၏ အဓိပ္ပာယ်သတ်မှတ်ပေးရေးမှာ မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် ဆောင်ရွက်ကြပါစို့ဟူသည့် အစည်းအဝေး၏ ဆောင်ပုဒ်နှင့်အညီ ဆွေးနွေးမှုများကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်




(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှုတ်ခွန်းဆက်စကားပြောကြားစဉ် သတင်းစဉ်




(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ သတင်းစဉ်

# အခြားနိုင်ငံများနည်းတူ ဖင်လန်နိုင်ငံကလည်း မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ပါဝင်ကူညီလိုပါတယ်

## H.E.Mr. Timo Juhani Soini (ဖင်လန်နိုင်ငံခြားရေးဝန်ကြီး)

(၁၃) ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသော ဖင်လန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Timo Juhani Soini အား မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ မြန်မာနှင့်ဖင်လန်နိုင်ငံကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအပေါ် တွေ့ဆုံမေးမြန်းထားသည်-

**မေး ။ မြန်မာနဲ့ ဖင်လန်နိုင်ငံကြားဆက်ဆံရေးနဲ့ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးမှာ အဓိကဦးစားပေးမှုလုပ်ငန်းတွေက ဘာတွေဖြစ်မလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနဲ့ ပတ်သက်ပြီး အထူးကောင်းမွန်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ အဓိက ပူးပေါင်းဆောင်ရွက်လိုတဲ့ကဏ္ဍတွေထဲက အကြီးမားဆုံးကိစ္စတစ်ခုကတော့ ပညာရေးကဏ္ဍပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သစ်တောထွက်ပစ္စည်းတွေကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် ပဋိပက္ခကင်းစင်ပြီး အေးအေးချမ်းချမ်းရှိဖို့ ကျွန်တော်တို့ မြင်တွေ့ချင်ပါတယ်။ ဒါကြောင့်မို့ လုံခြုံရေးကိစ္စကို အလေးထားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဲဒီလုပ်ငန်းစဉ်မှာ ဖင်လန်နိုင်ငံအနေနဲ့လည်း နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေနဲ့ အခြားနိုင်ငံများနည်းတူ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ကူညီဆောင်ရွက်နိုင်ပါတယ်။

**မေး ။ ဖင်လန်နိုင်ငံအနေနဲ့ ဖင်လန်အရပ်ဘက်အဖွဲ့အစည်းနဲ့ အဆင့်မြင့်ပညာရေး အင်စတီကျူးရှင်းတွေကနေတစ်ဆင့် ၂၀၁၆ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ယူရို ၃၄ သန်း ပံ့ပိုးကူညီပေးမယ့် အစီအစဉ်ရှိတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံဟာ ဖင်လန်နိုင်ငံက ပေးအပ်တဲ့ ဖွံ့ဖြိုးရေး အကူအညီ ရရှိနေတဲ့ဦးစားပေးနိုင်ငံဖြစ်ပါတယ်။ အစိုးရဘက်က တာဝန်ရှိပုဂ္ဂိုလ်တွေ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေ၊ ကုမ္ပဏီများကို မြန်မာနိုင်ငံရှိကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်တို့ တိုက်တွန်းခဲ့ပါတယ်။ ဖင်လန်နိုင်ငံအနေနဲ့ မြန်မာအစိုးရရဲ့ဆောင်ရွက်မှုတွေ အထမြောက်အောင် ပံ့ပိုးကူညီပေးဖို့ ရည်မှန်းချက်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ သဘာဝအရင်းအမြစ်တွေ အလျှံအပယ်ရှိနေလို့ဖြစ်ပါတယ်။

### မေတ္တာစေတနာ

စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဖော်ဆောင်နိုင်တဲ့အခွင့်အလမ်းတွေရှိနေပါတယ်။ တစ်ချိန်တည်းမှာပဲပေးအပ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုအကူအညီတွေဟာ အမျိုးသမီးတွေဆီရောက်ရှိဖို့လည်း လိုအပ်ပါတယ်။ အမျိုးသမီးတွေဟာ လူ့အဖွဲ့အစည်းမှာ အပြည့်အဝပါဝင် သင့်တယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ မိသားစုတွေကို အကူအညီပေးမှုအပါအဝင်အမျိုးမျိုးသော ကြိုတင်ပြင်ဆင်မှုတွေက အမျိုးသမီးတွေအတွက် အလွန်အရေးကြီးပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအကူအညီပေးခြင်းဟာ မြန်မာနိုင်ငံအပေါ် ဖင်လန်ပြည်သူတွေရဲ့ မေတ္တာစေတနာ ဖြစ်ပါတယ်။

**မေး ။ မြန်မာနိုင်ငံက လက်ရှိအချိန်မှာ စီးပွားရေးပတ်ဝန်းကျင်ကောင်းတွေ ဖော်ဆောင်ဖို့ကြိုးပမ်းနေပြီး ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာရေးကိုလည်း လုပ်ဆောင်နေပါတယ်။ ဒါပေမယ့် ဖင်လန်နဲ့မြန်မာနိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုက နည်းပါးနေဆဲဖြစ်ပါတယ်။ ဖင်လန်နိုင်ငံကပေးအပ်တဲ့ ပုဂ္ဂလိကကဏ္ဍငွေကြေးပံ့ပိုးကူညီမှုကို မြန်မာနိုင်ငံက ဘယ်လိုအသုံးပြုရမလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ဖင်လန်နိုင်ငံက ပုဂ္ဂလိကကုမ္ပဏီတွေ စနစ်ကျတဲ့အတွက် တရားဥပဒေစိုးမိုးမှုရှိပြီး ဘေးကင်းလုံခြုံတဲ့အပြင် ရေရှည်ရင်းနှီးမြှုပ်နှံနိုင်တဲ့နိုင်ငံတွေမှသာလာရောက် ရင်းနှီးမြှုပ်နှံလိုပါတယ်။ ဖင်လန်နိုင်ငံမှာ သစ်လုပ်ငန်းက တွင်တွင်ကျယ်ကျယ်ရှိနေသလို မြန်မာနိုင်ငံမှာလည်း ရှိနေပါတယ်။ မြန်မာနိုင်ငံမှာ စွမ်းအင်၊ အင်ဂျင်နီယာ၊ နည်းပညာကွန်ရက်စတာတွေ အပါအဝင် မိုဘိုင်းလ်ဖုန်းကဏ္ဍမှာလည်း အလျင်အမြန်ကို တိုးတက်နေပါတယ်။ အဓိကလိုအပ်ချက်ကတော့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် စီးပွားရေးပတ်ဝန်းကျင် ကောင်းနဲ့ ခိုင်မာတဲ့ တရားဥပဒေစိုးမိုးမှုရှိရမှာ ဖြစ်ပါတယ်။ အဲဒီအခြေအနေရောက်သွားရင် မြန်မာနိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုနှုန်းက တစ်ဟုန်ထိုး တိုးတက်လာမှာဖြစ်ပါတယ်။



ဖင်လန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Timo Juhani Soini အား မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ မြန်မာနှင့်ဖင်လန်နိုင်ငံတို့ကြား စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် တွေ့ဆုံမေးမြန်းစဉ်

**မေး ။ ဖင်လန်နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုအားလုံးရဲ့အခြေခံဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အလေးထားပြီး ၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံနဲ့ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု စတင်လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အမြင်နဲ့ တိုင်းရင်းသားအရေးကိစ္စတွေနဲ့ပတ်သက်ပြီး ဖင်လန်နိုင်ငံကပေးအပ်မယ့် အကူအညီနဲ့ ပူးပေါင်းဆောင်ရွက်မှုကို သိလိုပါတယ်။**

ဖြေ ။ အခုမနက် ကျွန်တော်ကြားသိရတာက မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစု ၁၃၀ ကျော်ရှိပြီး လက်ရှိ ပဋိပက္ခအခြေအနေဟာ နှစ် ၆၀ ကျော်ရှိခဲ့ပြီလို့ သိရပါတယ်။ မြန်မာနိုင်ငံမှာ အကြမ်းဖက်သမားတွေရဲ့တိုက်ခိုက်မှုတွေနဲ့အတူ မတည်ငြိမ်မှုလည်း ရှိနေတယ်လို့သိရပါတယ်။ တိုင်းရင်းသားတွေနဲ့ပတ်သက်တဲ့ ပဋိပက္ခအခြေအနေဟာ တကယ့်ကို စိန်ခေါ်မှုကြီးဖြစ်နေပါတယ်။ အခြားနိုင်ငံတွေနည်းတူ ဖင်လန်နိုင်ငံကလည်း မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ပါဝင်ကူညီလိုတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒီပဋိပက္ခတွေဟာ နှစ်ရှည်လများ အမြစ်တွယ်ခဲ့ပြီလို့ ကျွန်တော်သိရပါတယ်။ ဒီလိုနားလည်ထားတာနဲ့အညီ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ် အဆင့်ဆင့်မှာ ဖင်လန်နိုင်ငံအနေနဲ့ ပါဝင်ကူညီပံ့ပိုးမှာဖြစ်ပါတယ်။

### ထဲထဲဝင်ဝင် ပြန်လည်ရောက်ရှိ

ထို့အတူ ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ကိုလည်း ဒီလုပ်ငန်းစဉ်မှာ ဆက်လက်ပါဝင်လုပ်ဆောင်ဖို့ တိုက်တွန်းချင်ပါတယ်။ ဒီမနက် ကျင်းပတဲ့အစည်းအဝေးမှာ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂေလ်ဘရီရယ်လ် ပြောခဲ့သလို မြန်မာနိုင်ငံဟာ ပြီးခဲ့တဲ့ ရာစုနှစ်ကာလက ဥရောပတိုက်မှာသတင်းဆိုးနဲ့ကျော်ကြားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်လို့ သိရပါတယ်။ အခုတော့ ဒီလို အသံတွေ လုံးဝမကြားရတော့ပါဘူး။ မြန်မာနိုင်ငံဟာ နိုင်ငံတကာ အသိုင်းအဝိုင်းထဲကို ထဲထဲဝင်ဝင် ပြန်လည်ရောက်ရှိလာပါပြီ။ ကျွန်တော်တို့အနေနဲ့ ကောင်းမွန်တဲ့အနာဂတ်ကို ဆက်ပြီးဖော်ဆောင်ချင်ရင်ဖြစ်ပြီးခဲ့တဲ့ အဆိုးတရားတွေကို ခွင့်လွှတ်နိုင်ဖို့ လိုအပ်ပါတယ်။

**မေး ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်အပေါ် ဝန်ကြီးရဲ့အမြင်နဲ့သုံးသပ်ချက်ကို သိလိုပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံက မှန်ကန်တဲ့လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ ကျွန်တော်သိရှိတွေ့ကြုံခဲ့ဖူးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့တော့ အလွန် ကွဲပြားနေပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကတော့ တစ်နှစ်ခွဲအတွင်း ရလာလိမ့်မယ်လို့ မျှော်လင့်လို့ မရပါဘူး။ ဇွဲရှိရှိနဲ့ ဆက်လက်လျှောက်လှမ်းနေရမှာပဲ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ဖင်လန်နိုင်ငံဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့တဲ့အချိန်ကတည်းက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စတင်ခဲ့တာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီးမှာ ဖင်လန်နိုင်ငံဟာ အင်မတန်ဆင်းရဲတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ သို့သော်လည်း မရှိမဖြစ် လိုအပ်တဲ့လုပ်ငန်းတွေကို ဦးစားပေးဖော်ဆောင်ခဲ့ပါတယ်။ ကလေးတိုင်းကျောင်းတက်နိုင်ရေး၊ ပြည်သူတွေ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနဲ့ အမျိုးသမီးနဲ့ ကလေးတွေ တန်းတူအခွင့်အရေးရရှိရေးဟာ အထူးလိုအပ်ပါတယ်။ တစ်ဆင့် ချင်းချဉ်းကပ်မှုနည်းလမ်း၊ ယုံကြည်မှု တည်ဆောက်မှု၊ ဒီမိုကရေစီကို လေ့လာသင်ကြားမှုနဲ့ တာဝန်ယူမှုကို သိရှိနားလည်အောင် လုပ်ဆောင်မှု စတဲ့အချက်တွေနဲ့ စိတ်ရှည်လက်ရှည် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

### များစွာ အကျိုးဖြစ်ထွန်း

ဒီနေ့အချိန်မှာ ဆိုရှယ်မီဒီယာတွေ လွှမ်းမိုးတဲ့ကာလဖြစ်ပါတယ်။ ပြည်သူတွေဟာ ကိုယ်သိချင်တာကို လွယ်လင့်တကူ ရှာဖွေနိုင်ကြပါတယ်။ ဒါကြောင့်မို့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ဆက်စပ်နေတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုမြန်မာနိုင်ငံမှာ ကျင်းပနေတဲ့ အေဆမ်ကဲ့သို့သော အစည်းအဝေးမျိုးတွေက မြန်မာနိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

နောက်ထပ်ပြောချင်တာက ရောမမြို့ကို တစ်ရက်တည်းနဲ့ တည်ဆောက်လို့မရနိုင်သလို ခက်ခဲတဲ့ဖြစ် စဉ်တွေဟာလည်း တစ်ရက်တည်းနဲ့ အကောင်အထည်ဖော်လို့ မရနိုင်ပါဘူး။ ဒါကြောင့်မို့ ဖြည်းဖြည်းမှန်မှန်နဲ့ စိတ်ရှည်ရှည်လုပ်ဆောင်သွားဖို့ အရေးကြီးပါတယ်။

**မေး ။ ဖင်လန်ပြည်ပကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဟာ အခုနှစ် ဖေဖော်ဝါရီလမှာ ပို့ကုန်နဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့ ဖင်လန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ အခြားကဏ္ဍတွေမှာ ပံ့ပိုးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ထပ်မံတိုးမြှင့်ဖို့ ရှိပါသလားဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ဖင်လန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအကြောင်း ပိုပြီး သိအောင်နဲ့ မြန်မာတို့နဲ့ ထဲထဲဝင်ဝင်ရှိအောင် ကြိုးပမ်းနေပါတယ်။ မြန်မာနိုင်ငံဟာ စီးပွားရေးနဲ့ပတ်သက် တဲ့အခွင့်အလမ်းတွေ များစွာ ရှိနေတယ်ဆိုတာ ကျွန်တော်တို့ သိရှိထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်တဲ့အချိန်မှာ ကျွန်တော်တို့ ကုမ္ပဏီတွေကို မြှင့်တင်ဖို့လိုအပ်သလို မြန်မာနိုင်ငံမှာ အခြေတကျဖြစ်အောင် လုပ်ဆောင်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံဟာ လုံခြုံစိတ်ချရတဲ့အခြေအနေရှိပြီဆိုရင် လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ သူတို့ကို တိုက်တွန်းထားပါတယ်။ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့သီတင်းပတ်အနည်းငယ်အတွင်းကပဲ ကျွန်တော်တို့သံရုံးကို ဖွင့်လှစ်ခဲ့ပါတယ်။ မနက်ဖြန် ရန်ကုန်မှာ သံရုံးဖွင့်ပွဲကျင်း ပမှာဖြစ်ပါတယ်။ ဒီသံရုံးဖွင့်လှစ်လိုက်ခြင်းဟာ ဖင်လန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ကူညီပံ့ပိုးမယ်ဆိုတဲ့ ကတိကဝတ်ကိုပြသလိုက်ခြင်းပဲ ဖြစ်ပါတယ်။

**မေး ။ ဝန်ကြီးအနေနဲ့ မြန်မာအစိုးရနဲ့ မြန်မာပြည်သူတွေအပေါ် ဘယ်လိုသတင်း စကားများပါးချင်ပါသလဲ။**

ဖြေ ။ ကျွန်တော်ပြောကြားချင်တဲ့ သတင်းစကားကတော့ မြန်မာအစိုးရနဲ့ပြည်သူတွေ ရှေ့ဆက်လှမ်းရမယ့် ခရီးစဉ်အတွက် စိတ်ဓာတ်မကျပါနဲ့။ ဇွဲလုံ့လဝီရိယရှိပါ၊ အပြုသဘောစိတ်ထားကိုဆောင်ပါ။ ငြိမ်းချမ်းရေးဟာ မြန်မာ နိုင်ငံသားတွေရရှိနိုင်တဲ့၊ အလွန်တန်ဖိုးကြီးတဲ့အရာဖြစ်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်အပေါ် မေတ္တာထားမှုနဲ့ ပျော်ရွှင်မှုတွေ ပိုမိုရလာမှာဖြစ်ပါတယ်။

ဘာသာပြန်-ကျော်သဲအိမ်၊ ကျော်ထိုက်စိုး

## ဒီအစည်းအဝေးဟာ တကယ့်ကိုပဲ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်။

## အစည်းအဝေးကြီး အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ခြင်းအတွက် အလွန်ကို ဂုဏ်ယူမိပါတယ်။

**(၁၃)ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**H.E. Saleumxay Kommasith**
**နိုင်ငံခြားရေးဝန်ကြီး**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**



(၁၃) ကြိမ်မြောက်အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဟာ တကယ့်ကိုပဲ အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံက တာဝန်ယူခေါင်းဆောင်ပြီး ကျင်းပနိုင်ခဲ့ခြင်းကိုလည်း ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ခေါင်းဆောင်နိုင်မှုကို ကျေးဇူးတင်ပါတယ်။ ဒီအစည်းအဝေးဟာ တကယ့်ကိုပဲ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေ လုပ်ဆောင်နိုင်ခဲ့ပြီး အောင်အောင်မြင်မြင်နဲ့ပြီးဆုံးခဲ့ပါတယ်။

ဒီအစည်းအဝေးရဲ့ရလဒ်အပေါ်တကယ်ကိုပဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ မြန်မာလူမျိုးတွေဟာလည်း တကယ့်ကိုပဲ ချစ်စရာကောင်းကြပါတယ်။ အလွန်ကိုပဲ ကြင်နာတတ်ပြီးတော့ အလွန်ကို ကူညီတတ်တဲ့လူတွေပဲ ဖြစ်ပါတယ်။ မမေ့နိုင်တဲ့ အပြုအမူလေးတွေနဲ့လည်း ကူညီကြပါတယ်။ မြန်မာလူမျိုးတွေဟာ ကျွန်တော်တို့နိုင်ငံက လူမျိုးတွေလိုပဲ အလွန်ကိုခင်မင်စရာကောင်းပါတယ်။

**Mr.A H Mahmood Ali**
**နိုင်ငံခြားရေးဝန်ကြီး**
**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန**




(၁၃) ကြိမ်မြောက် အေဆမ်အစည်းအဝေးဟာ တကယ်ကို ပြည့်စုံ ကောင်းမွန်တဲ့ အစည်းအဝေးတစ်ခု ဖြစ်ပါတယ်။ တကယ်တမ်းပြောရမယ်ဆိုရင် အချိန်အကြာကြီးနေပြီးမှ ကျင်းပနိုင်ခဲ့သော်လည်း အောင်အောင်မြင်မြင်နဲ့ကျင်းပနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

ဒီမနက်လေးတင်ကမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ကို အစည်းအဝေး အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုချီးကျူး စကားပြောကြားခဲ့ပါသေးတယ်။

ကျွန်တော့်အနေနဲ့ အလွန်ကိုပဲကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ အခင်းအကျင်းနဲ့ စီစဉ်ပေးမှုများဟာ လည်း တကယ့်ကို ပြည့်စုံကောင်းမွန်လှပါတယ်။ နေပြည်တော်ကြီးဟာလည်း တကယ် သာယာလှပါတယ်။

**တွေ့ဆုံမေးမြန်း - တင်လင်းအောင်၊ ဇင်ဦး၊ ခင်စုစုလှိုင်၊ ကိုမင်း ဓာတ်ပုံ - ဇင်ဦး(မြန်မာ့အလင်း)**

# (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ မီဒီယာအချို့၏ စကားသံများ

*(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၂၀ မှ ၂၁ ရက်အထိ မြန်မာနိုင်ငံက အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ တက်ရောက်သတင်းရယူကြသည့် သတင်းစာဆရာအချို့ကို မြန်မာနိုင်ငံနှင့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပေါ် သဘောထားအမြင်များအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ထုတ်နုတ်ဖော်ပြလိုက်ရပါသည်။*



Ms. Samreen Khan Ghauri



Mr. Alberto Masegosa



Mr.Bent Skjaerstad



Ms.Sharada Balasubramanian

**Ms. Samreen Khan Ghauri**
**MultiMedia Journalist**
**ပါကစ္စတန်နိုင်ငံ**

ဒီခရီးစဉ်ကတော့ ပထမဆုံးခရီးစဉ်ဖြစ်ပါတယ်၊ တည်းတဲ့ ဟိုတယ်၊ အစည်းအဝေးကျင်းပတဲ့ နေရာတွေလောက်ပဲ ရောက်ဖြစ်တာ များပါတယ်၊ အခြားနေရာတွေကို လေ့လာဖို့ အချိန်ပိုကလည်း နည်းပါတယ်၊ ဒါပေမယ့် အမျိုးသားပြတိုက်နဲ့ အခြားနေရာအချို့ကို လေ့လာခွင့်ရခဲ့ပါတယ်၊ ကျွန်မလေ့လာရသလောက် First impression ကတော့ မြန်မာနိုင်ငံက လှတယ်၊ လူမျိုးတွေကလည်း ချစ်စရာကောင်းတယ်၊ ဒီ (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ဂျာနယ်လစ်တွေကို ဒီထက်ပိုပြီး အခွင့်အရေးပေးသင့်တယ်လို့ မြင်တယ်၊ ကျွန်မတို့ ဂျာနယ်လစ်တွေ တကယ်သိချင်နေတာက မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ပကတိအခြေအနေတွေပါ၊ အဲဒါတွေနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ ရချင်နေတာပါ၊ တစ်ကမ္ဘာလုံးကလည်း အဲဒီအဖြေကို ရှာဖွေနေကြတာပါ၊ ဒါပေမယ့် ဒီအစည်းအဝေးမှာ အဲဒါနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်ရတာ နည်းပါတယ်၊ ဒီနေ့ မီဒီယာတွေ့ဆုံပွဲမှာလည်း မေးခွန်းတွေ မေးဖို့ပေးတဲ့ အချိန်ကနည်းတယ်၊ ကျွန်မမှာ မေးခွန်းတွေရှိနေပေမယ့် မေးဖို့အခွင့်အရေးလည်း မရခဲ့ပါဘူး။

**Ms.Sharada Balasubramanian**
**Independent Journalist (အိန္ဒိယနိုင်ငံ)**

မြန်မာနိုင်ငံကို ပထမဆုံးလာရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံက လှပတယ်၊ လူမျိုးတွေကလည်း ဖော်ရွေပါတယ်၊ (၁၁) ကြိမ်မြောက် အာရှ - ဥရောပဂျာနယ်လစ် Seminor ကိုလည်း တက်ရောက်ဖို့ ရောက်ရှိခဲ့တာ ဖြစ်ပါတယ်၊ အလုပ်ရုံဆွေးနွေးပွဲတွေလည်း တက်ရောက်ခွင့်ရခဲ့သလို မတူညီတဲ့ ကမ္ဘာ့နေရာတွေက ဂျာနယ်လစ်တွေ အများအပြားနဲ့လည်း တွေ့ဆုံ ခင်မင်ခွင့်ရခဲ့ပါတယ်၊ ကျွန်မအတွက် အခက်အခဲကို ပြောမယ်ဆိုရင်တော့ အင်္ဂလိပ်စကားမပြောတတ်တဲ့ အချို့လူတွေနဲ့ ဆက်ဆံရတာ အခက်အခဲရှိပါတယ်၊ ဒါက အဆင်မပြေပါဘူး။

**Mr. Alberto Masegosa**
**Spain's International News Agency**

ကျွန်တော့်အတွက်တော့ ဒါက မြန်မာနိုင်ငံကို ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပါတယ်၊ မြန်မာလူမျိုးတွေက ရိုးသားပြီး ခင်မင်နှစ်လိုဖွယ်ကောင်းကြတယ်၊ အခု အစည်းအဝေးနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် ဒီလို အစည်းအဝေးတစ်ခုကို ကျင်းပရတာ တကယ်တော့ မလွယ်ပါဘူး၊ တကယ်အားထုတ်ထားတာလည်း တွေ့ရပါတယ်၊ ဒီလို မလာခင်က ဗီဇာရဖို့ အခက်အခဲ အနည်းငယ်ရှိတာလွဲလို့ ကျန်တာ ကျွန်တော့်အတွက် အခက်အခဲမရှိပါဘူး။

**Mr.Bent Skjaerstad**
**Foreign Affairs Correspondent**
**(နော်ဝေနိုင်ငံ)**

ကျွန်တော့်အတွက်တော့ မြန်မာနိုင်ငံကိုရောက်တာအကြိမ်ပေါင်း မနည်းတော့ပါဘူး၊ ဒီတစ်ခါနဲ့ဆိုရင်ဆယ်ကြိမ်ထက် မနည်းတော့ဘူး၊ လာရောက်တဲ့အချိန်တိုင်းမှာ မြန်မာနိုင်ငံက အပြုသဘောဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို တစ်ကြိမ်ထက်တစ်ကြိမ် ပိုပိုပြီး တွေ့မြင်လာရပါတယ်၊ ဒါဟာ ကောင်းပါတယ်၊ ဒီလို (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်တာ ဂုဏ်ယူစရာကောင်းပါတယ်။

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့**



(၁၃)ကြိမ်မြောက် အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရာ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) တွင် ပြည်တွင်း၊ ပြည်ပ မီဒီယာသမားများ ဤသို့ သတင်းရယူနေကြစဉ်။

# (၁၃)ကြိမ်မြောက် အာဆမ်အစည်းအဝေးသို့ တက်ရောက်သည့် အာရှ-ဥရောပမှ ကိုယ်စားလှယ်များ



Name - Mr. Imtiaz Ahmad
Position - Additional Secretary (ASIA PACIFIC)
Organization - Ministry of Foreign Affairs, Islamabad, Pakistan
Country - Pakistan



Name - Mr. Jonas Bering Liisberg
Position - State Secretary for Foreign Policy
Organization - Ministry of Foreign Affairs
Country - Denmark



Name - H.E. Igor V. Morgulov
Position - Deputy Foreign Minister
Organization - Ministry of Foreign Affairs
Country - Russian Federation



Name - Mr. Darius Skusevicius
Position - Vice - Minister
Organization - Ministry of Foreign Affairs
Country - Lithuania



Name - Dato Sri Reezal Merican Naina Merican
Position - Deputy Minister of Foreign Affairs, Malaysia
Organization - Ministry of Foreign Affairs,Malaysia
Country - Malaysia



Name - Mr. Vaclav Kolaja
Position - Deputy Minister of Foreign Affairs of the Czech Republic
Organization - Ministry of Foreign Affairs of the Czech Republic
Country - Czech Republic



Name - H.E. Lim Sungnam
Position - Vice Minister of Foreign Affairs
Organization - Ministry of Foreign Affairs of the Republic of Korea
Country - Republic of Korea



Name - Mrs. Federica Mogherini
Position - HR / VP
Organization - European Union
Country - European Union



Name - Mr. Loannis Amanatidis
Position - Deputy Minister for Foreign Affairs
Organization - Ministry of Foreign Affairs of the Hellenic Republic
Country - Greece



Name - Mr. Vice Skracic
Position - Assistant Minister
Organization - Ministry of Foreign and European Affairs
Country - Croatia



Name - Mr. Benedetto Della Vedova
Position - Undersecretary of State for Foreign Affairs and International Cooperation
Organization - Ministry of Foreign Affairs and International Cooperation
Country - Italy



Name - H.E. Jose Luis G. Montales
Position - Undersecretary
Organization - Ministry of Foreign Affairs
Country - Philippines



Name - Mr. Peter Christiaan Potman
Position - Director Asia and Oceania Department
Organization - Ministry of Foreign Affairs of the Netherlands
Country - Netherlands



Name - Mr. Marek Magierowski
Position - Undersecretary of State
Organization - Ministry of Foreign Affairs
Country - Poland



Name - H.E. Raushan Yesbulatova
Position - Ambassador Extraordinary and Plenipotentiary
Organization - Embassy of the Republic of Kazakhstan to the Kingdom of Thailand
Country - Kazakhstan



Name - Mr. Marios Kountourides
Position - Ambassador, Head of Asia and Oceania Department
Organization - Ministry of Foreign Affairs
Country - Cyprus



Name - H.E. Andrew Patrick
Position - Ambassador
Organization - The British Embassy, Yangon
Country - UK

(၁၃)ကြိမ်မြောက် အာဆမ်အစည်းအဝေး အချပ်ပိုစာမျက်နှာများကို ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါသည်။

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့



ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)




# ရန်ကုန်မြို့ပြတစ်ခွင်
# လူကူးမျဉ်းကျားမှ ဖြတ်ကူးရင်ဖြင့်....

**ဝေယံဦး**

ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ လူကူးမျဉ်းကျားထိပ်ပလက်ဖောင်းပေါ်တွင် ကျွန်တော်ရပ်နေသည်မှာ အတန်ကြာပြီ။ ကျွန်တော့်အနီးတွင် လမ်းတစ်ဖက်သို့ ဖြတ်ကူးရန် ပြင်ဆင်နေသော လူ ငါးဦးခန့်ရှိနေသည်။ တစ်ဦး၊ နှစ်ဦးက ပလက်ဖောင်းပေါ်မှ ကားလမ်းမပေါ်ဆင်းပြီး ကားများအခြေအနေကို ကြည့်နေသည်။ အရှိန်ပြင်းပြင်း မောင်းနှင်လာသော ကားများက တစ်စီးမျှ အရှိန် လျှော့လာခြင်းမရှိ။ လမ်းဖြတ်ကူးရန် လူက တဖြည်းဖြည်း ၁၀ ဦး ခန့်ရှိလာသည်။ လမ်းဖြတ်ကူးရန် လက်ဖြင့် အချက်ပြသော်လည်း မရပ်ပေးကြ။ လူကူးမျဉ်းကျားရေးဆွဲထားသည်ကို မသိ၍ မမြင်၍ များလား အတွေးပွားမိပြန်သည်။ မီးပွိုင့်တွင် မီးနီ၍ ကားတန်းကြီးရပ်မှပင် လူကူးမျဉ်းကျားပေါ်မှ ခပ်သုတ်သုတ် ဖြတ်ကူးကြရသည်။ ထိုသို့ လမ်းမဖြတ်ကူး၍လည်း မရ။ လူကူးမျဉ်းကျားပေါ်မှ ဖြတ်ကူးနေသော်လည်း မီးစိမ်းလျှင် အတင်းမောင်းထွက်ကြမည့်ကားများကြောင့် ယာဉ်မတော်တဆမှုဖြစ်သွားနိုင်သည် မဟုတ်ပါလော။

လူနေထိုင်မှုများပြီး ကားအစီးရေတိုးပွားနေကာ ရန်ကုန်မြို့တွင် ပြည်သူများ ကားလမ်းဖြတ်ကူးရသည်မှ မိမိအသက်နှင့် လောင်းကြေးထပ်ရသလိုမျိုးဖြစ်နေသည်။ လွန်ခဲ့သည့်လက ရန်ကုန်-အင်းစိန်လမ်းပေါ်တွင် လူကူးမျဉ်းကျားပေါ်မှ ကျွန်တော် ကားလမ်းဖြတ်ကူးစဉ် လမ်းဖြတ်ကူးနေကြောင်း လက်နှင့်လည်း အချက်ပြထားသော်လည်း အနီးရောက်သည်အထိ အရှိန်မလျှော့ဘဲ မောင်းနှင်လာသော ကားတစ်စီးက မိမိအနီးရောက်မှ ဘရိတ်ကို စောင့်နင်းလိုက်ရာ ကားဘရိတ်နင်းသံကျယ်လောင်စွာ ထွက်ပေါ်သွားရာ မိမိလည်း မျက်လုံးများပြာဝေသွားသည်အထိ ထိတ်လန့်သွားခဲ့ရဖူးသည်ကို ယခုအထိမမေ့နိုင်။

ရန်ကုန်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန်တော့ လိုအပ်မှု ရှိနေဆဲပင်ဖြစ်သည်။ အထူးသဖြင့် ရန်ကုန်မြို့ပြကားလမ်းများပေါ်ဝယ် ယာဉ်များ စည်းကမ်းတကျမောင်းနှင်၊ ရပ်နားရန် သိသာထင်ရှားသောအချက်ပြမျဉ်းများ၊ လမ်းညွှန် ဆိုင်းဘုတ်များ ရေးဆွဲရန် လိုအပ်နေပြီဖြစ်သည်။ သို့မှသာ ယာဉ်များ စနစ်တကျ ရပ်နား၊ အရှိန်လျှော့မောင်းနှင်မှုကို စည်းကမ်းတကျ ကိုင်တွယ်နိုင်မည် ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ၃၃ မြို့နယ်တွင် လမ်းများ၌ လမ်းညွှန်ဆိုင်းဘုတ်နှင့် အချက်ပြစနစ်များ၊ လူကူးမျဉ်းကျားအသစ်များ ရေးဆွဲခြင်းလုပ်ငန်းများကို အပိုင်းလိုက်ခွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-အင်းစိန်လမ်းမပေါ်တွင် လူကူးမျဉ်းကျားများ၊ ဘတ်စ်ကားမှတ်တိုင်တွင်လည်း မျဉ်းဝါများ အသစ်ရေးဆွဲလျက်ရှိကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားသည်။

"ယာဉ်မောင်းများအနေနဲ့ လူကူးမျဉ်းကျားများတွင် အရှိန်လျှော့မောင်းနှင်ရန် ရပ်တန့်စေရန် အရေးယူဆောင်ရွက်နေသော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း" မြို့တော်ဝန် က ဆက်လက်ပြောကြားထားသည်။ ယာဉ်မောင်းများလိုက်နာမှု အားနည်းခြင်းမှာ လူကူးမျဉ်းကျားနှင့်မျဉ်းဝါအမှတ်အသားများ အားနည်းမှုကြောင့် ဖြစ်နိုင်သည်ဟုသော သုံးသပ်ချက်ဖြင့် လူကူးမျဉ်းကျားများကို အသစ်ရေးဆွဲရန် စီစဉ်အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး ပညာပေးလုပ်ငန်းများ ထိရောက်စွာ ပြုလုပ်နေသော်လည်း စည်းကမ်းချိုးဖောက်မှုများ ရှိနေဆဲပင်ဖြစ်သည်။ အရေးယူမှုများ ထိထိရောက်ရောက်ဆောင်ရွက်နေသော်လည်း စည်းကမ်းမဲ့ယာဉ်မောင်းများက လိုက်နာကျင့်သုံးမှု အားနည်းနေဆဲပင်ဖြစ်သည်။

ရန်ကုန်မြို့ ကားလမ်းမများပေါ်တွင်ရှိသော လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးသူပေါင်း ထောင်သောင်းချီကာရှိနေသည်။ လူများအနေဖြင့်လည်း ကြုံသည့်နေရာမှ ကားလမ်းဖြတ်ကူးနေသည့် အကျင့်စရိုက်များဖျောက်ပြီး စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လမ်းဖြတ်ကူးရန် လိုအပ်ပေသည်။ လူကူးမျဉ်းကျားများ ရေးဆွဲထားသော်လည်း နီးစပ်သည့်နေရာမှ လမ်းဖြတ်ကူးသူက များနေသည်။ တစ်ဦးချင်းစီက လိုက်နာစောင့်ထိန်းမှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ လူက လူစည်းကမ်း၊ ယာဉ်က လမ်းစည်းကမ်းအတိုင်း လိုက်နာရန်တော့ လိုအပ်နေသည်။

**အချပ်ပို (ဃ) သို့**

## ရန်ကုန်မြစ် တစ်ဖက်ခြားစီမှ ခရီးသွားများ



အချပ်ပို (ခ)

## သတ်မှတ်ဈေးသည်နှင့် စည်းကမ်းမဲ့ ဈေးသည် ဘယ်သူပြိုင်လို့ ရောင်းပါတော့နိုင်



အချပ်ပို (ဂ)

## ကားပိုင်ဆိုင်ဖို့ အလှမ်းဝေးနေဆဲ ရန်ကုန်ကားဈေးကွက်



အချပ်ပို (ဃ)

# ရန်ကုန်မြစ် တစ်ဖက်ခြားစီမှ ခရီးသွားများ

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ရန်ကုန်မြစ်(ခေါ်) လှိုင်မြစ်**

ရန်ကုန်မြို့၏ အလယ်ကျောရိုးသဖွယ်ဖြစ်ပြီး တောင်နှင့်မြောက် ရှည်လျားစွာ စီးဆင်းနေသော မြစ်ကြီးတစ်စင်းဖြစ်သည်။

မြစ်၏အနောက်ဘက်အရပ်မှ ပြည်သူများက မြစ်၏အရှေ့ဘက်အရပ်များဆီသို့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စတို့အတွက် လာရောက်နေကြသကဲ့သို့ မြစ်၏အရှေ့ဘက်အရပ်မှ ပြည်သူများကလည်း မြစ်၏အနောက်ဘက်အရပ်များဆီသို့ ကိစ္စအဖြာဖြာဖြင့် ကူးသန်းသွားလာလျက်ရှိနေသည်။

ရန်ကုန်မြစ်တစ်ဖက်မှ တစ်ဖက်ဆီသို့ အဓိက ပို့ဆောင်ပေးနေသည်မှာ ရေကြောင်းပို့ဆောင်ရေး ဦးစီးဌာနအောက်ရှိ ပန်းဆိုးတန်းဆိပ်နှင့် ဒလဆိပ်တို့ဖြစ်သည်။


ပန်းဆိုးတန်းဆိပ်ကမ်း

မြန်မာ့သူရဲကောင်းတို့၏ အမည်နာမများဖြင့် ဂုဏ်ပြုပေးထားသည့် တပင်ရွှေထီး၊ ကျန်စစ်သား၊ ထီးလှိုင်ရှင်၊ အနော်ရထာသင်္ဘောကြီးလေးစင်းတို့မှာ ဤမြစ်ပြင်ဝယ် အခေါက်ခေါက်အခါခါ ကူးချည်သန်းချည်ဖြင့် ခရီးသွားပြည်သူတို့ အပေါ်ဝယ် တာဝန်ကျေခဲ့ပြီဖြစ်သည်။ ယခုအခါ ဇရာထောင်း၍ အနားပေးခံခဲ့ကြရပြီဖြစ်သည်။

ဇရာအိုခဲ့ပြီဖြစ်သော သင်္ဘောကြီးများက ၎င်းတို့နေရာသို့ အစားထိုးဝင်ရောက်လာခဲ့သော ပွင့်သစ်စ ချယ်ရီ ၁၊ ၂၊ ၃ သင်္ဘောသုံးစင်းကို ကမ်းခြေမှ ငေးမျှော်ကြည့်နေသည်ဟု ထင်မိသည်။ မိမိကဲ့သို့ပင် ခရီးသွားပြည်သူများအပေါ် မငြီးမငြင် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းနေသယောင် မြင်ကွင်းကိုလည်း ကြည့်တတ်သူအဖို့ မြင်ခဲ့ရသည်။

ဒလဆိပ်ကမ်းမှသည် မြစ်တစ်ဖက်ကမ်း ပန်းဆိုးတန်းဆိပ်ဆီသို့ နေ့စဉ် ခရီးသွားဦးရေ ၂၅၀၀၀ ကျော်ကို ဂျပန် ပြည်သူတို့၏လက်ဆောင် ချယ်ရီနှစ်စင်းက နေ့စဉ် နံနက် ၅ နာရီမှ ည ၉ နာရီခွဲအထိ လူးလာတုံ့ပြန် ခေါက်ရေ ၄၆ ခေါက်တိုင်တိုင် မပင်မပန်း သယ်ယူပို့ဆောင်ပေးလျက်ရှိနေသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှစတင်ကာ ဤ ရန်ကုန်မြစ်ပြင်ဝယ် စတင်ပြေးဆွဲလျက်ရှိနေသော ချယ်ရီပျိုတို့ဖြစ်သည်။

မန်နေဂျာ ဦးဆန်းထွန်းက "သင်္ဘောစီးခရီးသည်တွေ အန္တရာယ် ကင်းကင်း စိတ်ချမ်းသာသာနဲ့ စီးနင်းနိုင်ဖို့၊ ဆိပ်ခံဖောတံတားပေါ်မှ ဈေးသည်တွေကအစ ရှင်းလင်းဖို့ သန့်ရှင်းမှုတွေ ပြုလုပ်ထားပါတယ်၊ နောက်မြစ်အတွင်း စည်းကမ်းမဲ့အမှိုက်မပစ်ဖို့ ပညာပေးဆောင်ရွက်မှုတွေကိုလည်း အစဉ်အမြဲ လုပ်ဆောင်နေပါတယ်။ အဓိကသတ်မှတ်ချိန်မှန် သင်္ဘောများ ဆိုက်ကပ်၊ ထွက်ခွာနိုင်ရေးစတဲ့ ဆောင်ရွက်မှုတွေကို လက်ထောက်အထွေထွေမန်နေဂျာရဲ့စီမံမှုနဲ့အတူ ဆောင်ရွက်နေပါတယ်" ဟု ရှင်းပြပေးခဲ့သည်။

တာဝန်ရှိသူများအနေဖြင့် ခရီးသွားပြည်သူများအတွက် အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်နေချိန်ဝယ် ခရီးသွားပြည်သူများအနေဖြင့် သတ်မှတ်စည်းကမ်းများကို အလေးအနက်ထားဖို့ လိုအပ်ပေသေည်။ သင်္ဘောစထွက်ချိန် မမီမကမ်း လှမ်းခုန်တက်ခြင်း၊ သင်္ဘောကမ်းသို့ လုံးဝချိတ်သည်အထိ မကပ်မီ အကာအရံများကို ကျော်၍ ခုန်ချခြင်းများကို အလျင်းမပြုလုပ်သင့်ပေ။

ဤသို့ သင်္ဘောစီး၍ ရန်ကုန်မြစ်ကူး ခရီးသွားများရှိသကဲ့သို့ စက်တပ်သမ္ဗန်ငယ်များဖြင့် မြစ်ပြင်ကိုဖြတ်သန်း၍ လိုရာခရီးအရောက်လှမ်းနေသူ ခရီးသွားများလည်း မြောက်မြားစွာ ရှိနေသည်။

ဒလမြို့နယ် ကမာအောင် ကူးတို့ဆိပ်ကြီးကြပ်ရေးအဖွဲ့သို့ ရောက်ခဲ့ရာ အဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးက "ဒလဘက်မှာ သမ္ဗန်ဆိပ် ၁၀ ဆိပ်ရှိပါတယ်။ ဒလသမ္ဗန်ဆိပ်ကနေ ဗိုလ်တထောင်ဆိပ်၊ ဒလ ကမာအောင်၊ သန်လျင်ဆိပ်ကနေ ပန်းဆိုးတန်းဆိပ်၊ ဒလရေကန်ဆိပ်၊ ကမာကသွယ်ဆိပ်၊ စက်မြေဆိပ်၊ ကမာကဆစ်ဆိပ်ကနေ စဉ့်အိုးတန်းဆိပ်၊ မှော်စက်ဆိပ်နဲ့ ဝန်ထမ်းဆိပ်ကနေ မော်တင်ဆိပ်၊ ဒလကျောင်းထုဆိပ်ကနေ ဝါးတန်းဆိပ်ကို နေ့စဉ် သမ္ဗန်အစင်း ၅၀၀ ကျော် ပြေးဆွဲပေးနေပါတယ်"ဟု ရှင်းပြခဲ့သည်။

နေ့စဉ် ခရီးသွားဦးရေ ၃၀၀၀၀ ခန့်ရှိပြီး သမ္ဗန်စီးခမှာ တစ်ဦးလျှင် ငွေကျပ် ၁၀၀ မျှသာဖြစ်သည်။ သမ္ဗန်မောင်းနှင်ခွင့်ကို သင်တန်းတက်ရောက်ပြီး ရေကြောင်းဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပေးသော မောင်းနှင်ခွင့်ကတ်ပြားများရပြီးမှသာ သမ္ဗန်မောင်းနှင်ခွင့် ပြုထားကြောင်း သိရသည်။

ထို့အပြင် ခရီးသွားပြည်သူများအတွက် သက်ဆိုင်ရာသို့ အသက်အာမခံကြေး ပေးသွင်းထားပြီး အခြားသော ဝန်ဆောင်မှုများအတွက် ပြည့်စုံစွာ ပေးသွင်းဆောင်ရွက်လျက်ရှိနေသည်ဟု ဆိုသည်။

ထို့အတွက် ဥက္ကဋ္ဌ ဦးတင်ဦးက "ဒီခေတ်မှာ ငွေကျပ် ၁၀၀ က ဘာမှ မဟုတ်တော့ပါဘူး၊ အခြား အခြားသော ကုန်စည်တွေဈေးတက်တယ်၊ ကျွန်တော်တို့ဆိပ်မှာ လူတစ်ဦး ငွေကျပ် ၁၀၀ ထက် ပိုပြီးကောက်လို့ မရသေးဘူး၊ တကယ်လို့ ဒီထက်ပိုကောက်ခံလာနိုင်မယ်၊ ခွင့်ပြုမယ်ဆိုရင် စက်တပ်သမ္ဗန်လုပ်သားတွေရဲ့ စားဝတ်နေရေးဘဝက ဒီထက်ပိုအဆင်ပြေလာနိုင်မယ်" ဟု သုံးသပ် ပြောကြားခဲ့သည်။

ထို့အတူ ကြည့်မြင်တိုင်မြို့နယ်အတွင်း ရန်ကုန်မြစ်တစ်ဖက်ကမ်းမှသည် တစ်ဖက်ကမ်းဆီသို့ နေ့စဉ်နှင့်အမျှ ကူးသန်းသွားလာနေမှုများ နေ့စဉ်ခရီးသည် ၂၀၀၀၀ ခန့် ရှိသည်ဟု သိရသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း ဖြတ်သန်းသွားသော ရန်ကုန်မြစ်(ခေါ်)လှိုင်မြစ် အနောက်ဘက်ခြမ်းတွင် ဆိပ်ကြီး၊ ဦးမြ၊ ငါးစင် ကျေးရွာသုံးရွာပေါင်း၍ တစ်ရပ်ကွက်၊ စက်ဆန်းအောက်ရုံ၊ အလတ်ချောင်း ကျေးရွာသုံးရွာပေါင်း၍ တစ်ရပ်ကွက်၊ အေးရွာ၊ ဘလုတ်ညွှန့်၊ စက်ကလေးကျေးရွာသုံးရွာပေါင်း၍ တစ်ရပ်ကွက်၊ ဝါးရုံဆိပ်၊ အေးရွာ(အနောက်)ကျေးရွာနှစ်ရွာပေါင်း၍ တစ်ရပ်ကွက်ဟူ၍ ရပ်ကွက်ကြီး လေးရပ်ကွက်ရှိသည်။ ထိုရပ်ကွက် လေးရပ်ကွက်စလုံးမှ ကျောင်းသားအရွယ်ကလေးမှ စီးပွားရေးလုပ်ကိုင်သူ၊ ဈေးသည်၊ ဝန်ထမ်းမှအထိ သည်ဘက်ကမ်းဆီသို့သာ အားထားကြရသည်သာ ဖြစ်သည်။

ကြည့်မြင်တိုင် ကမ်းနားဈေး ကျောက်တံတားဆိပ်သို့ အေးရွာ(အရှေ့)၊ ဘလုတ်ညွှန့်၊ စက်ကလေး၊ စက်ဆန်းအောက်ရုံတို့မှ သမ္ဗန်များ ဆိုက်ကပ်သကဲ့သို့ ဗားကရာဆိပ် ငှက်ပျောသီးတန်းသို့ အလတ်ချောင်း၊ ဆိပ်ကြီး၊ ဦးမြ၊ ငါးစင် မှ သမ္ဗန်များ ဆိုက်ကပ်ကြသည်။


ကြည့်မြင်တိုင် ကျောက်တံတားဆိပ်

အသက်အရွယ်အားဖြင့် ၇၀ ကျော် ဂိတ်မှူးသက်တမ်း ၂၁ နှစ်ကျော်ရှိပြီဖြစ်သည့် ဂိတ်မှူး ဦးကုလားက "စက်ဆန်းဂိတ်မှာ သမ္ဗန်အစင်း ၁၁၈ စင်း၊ အောက်ရုံးနဲ့ စက်ကလေးမှာ အစင်း ၆၀၊ ဘလုတ်ညွှန့်မှာက ၇၄ စင်း၊ အေးရွာ (အရှေ့)မှာက ၅၄ စင်း၊ အေးရွာ(အနောက်)မှာ အစင်း ၄၀ ရှိတယ်၊ နေ့စဉ် အားလုံးတော့ မထွက်နိုင်ဘူးပေါ့။ အစင်း ၃၀၀ ကျော်ကတော့ ပုံမှန်ထွက်တယ်"ဟု စာရင်းဇယားမကြည့်ဘဲ အလွတ်ပြောသွားသည်။

၎င်း၏ပြောပြချက်အရ မြစ်ပြင်၌ အချိန်မရွေး အသက်အန္တရာယ် ဖြစ်ပေါ်နိုင်မှုကြောင့် သမ္ဗန်တိုင်းကို အသက်ကယ်အင်္ကျီများပေးထားသော်လည်း ခရီးသည်များက ဝတ်ဆင်ရန်ငြင်းဆန်မှုကြောင့် အခက်အခဲ ရှိနေကြောင်း ပြောကြားခဲ့သည်။

နေ့စဉ်နှင့်အမျှ ခရီးသည်ပို့ဆောင်ရေးဝင်ငွေဖြင့် စားဝတ်နေရေး ဘဝရပ်တည်နေကြသော သမ္ဗန်လုပ်သားများအဖို့ စိုးရိမ်စိတ်တစ်ခုက နေ့စဉ်နှင့်အမျှ ဖိစီးနေသည်။ မြို့သစ်စီမံကိန်းကြီးပေါ်ပေါက်လာပါက မြို့သစ်နှင့်အတူ မြစ်ကူးတံတားကြီးသည်လည်း ငွားငွားစွင့်စွင့် ပေါ်ပေါက်လာတော့မည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ၍ ဝမ်းသာမိသော်လည်း ၎င်းတို့၏ စားဝတ်နေရေးအတွက် ထိုအချိန်တွင် မည်သို့ပြောင်းလဲသွားမည်ကို မှန်းဆမရနိုင် ဖြစ်နေကြသည်။

# ရန်ကုန် ဈေးဝယ်လမ်းညွှန်

— — — မောင်မောင်ထွေး




နေ့ထိုင်မှုစရိတ် မြင့်မားသည့် ကမ္ဘာ့မြို့ပြများစာရင်းတွင် မပါဝင်သေးသော်ငြား ရန်ကုန်မြို့၏ နေထိုင်စားသောက်မှုစရိတ်က တစ်စတစ်စမြင့်တက်လာပါသည်။ ချက်ရေးပြုတ်ရေး၊ စားရေးသောက်ရေးကိစ္စကို နိစ္စဓူဝဆောင်ရွက်နေရသည့် အိမ်ရှင်မများအဖို့ ပို၍ခေါင်းခဲချင်စရာပင်။

ထိုနည်းတူ မိသားစုထမင်းဝိုင်းတွင် အိမ်ရှင်မထံမှ နေ့နေ့ညည ကြားကြားနေရသည့် ပူညံပူညံ သတင်းစကားသံများကလည်း ကျွန်တော့်အဖို့ ထမင်းမမြိန်နိုင်ဖြစ်ရသည်မှာ ကြာခဲ့လေပြီ။

"ကြက်သွန်ချဉ်လေး လုပ်ပေးပါလား"

"ကြက်သွန်တစ်ပိဿာ ဘယ်လောက်လဲ၊ သုံးထောင်တော့၊ သုံးထောင်"

လခစား ဝန်ထမ်းတစ်ဦးအနေဖြင့် ကျွန်တော် အတွန့်မတက်ရဲတော့ပါ၊ မီးဖိုချောင်ကို အိမ်ရှင်မက ပိုင်သကိုး။ တစ်ဆက်တည်းမှာပင် သူက ကောက်ပင်ရိတ်လှီး စကားကို ဆိုပါသေးသည်။

"ရှင်အခု စားနေတဲ့ဆန်က တစ်ပြည်ကို နှစ်ထောင် မရတော့ဘူး၊ နှစ်ထောင်ကျော်သွားပြီ"

တစ်ရက်၊ ရုံးက အိမ်အပြန်တွင် ၃၈ လမ်းဈေးသို့ လမ်းကြုံဝင်ရင်း ဟင်းလျာပါ တစ်ပါတည်း ဝယ်ခြမ်းဖြစ်သည်။

"ရှင်ဝယ်လာတဲ့ ဝက်နံရိုးက ဘယ်လောက်ဖိုးလဲ"

"သုံးထောင်ဖိုးလေကွာ"

"အရိုးအရင့်တွေချည်းပဲ၊ နည်းကလည်း နည်းသေး။ မိသားစု သုံးယောက် ည မနက် နမ်းပြီးစားရမယ်"

ကျွန်တော်ဘာမျှ တုံ့ပြန် မပြောချင်တော့ပါ။ သူ့ခေတ် သူ့အခါ သူ့ဈေးနှင့်သူ တန်သလောက်သာ ရပါလိမ့်မည်။

× × ×

ဒီကနေ့မနက် ကျွန်တော် အိပ်ရာက စောစောနိုးသည်၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ထုံးစံအတိုင်း မင်္ဂလာရှိစေလိုခြင်းအလို့ငှာ မဟာဗောဓိရုပ်သံလိုင်းမှ ပရိတ်တရားတော်များကို ဖွင့်လှစ်နာယူနေမိသည်။

မကြာမီ အိမ်ရှင်မက ရပ်ကွက်ဈေးမှပြန်ရောက်လာသည်။ ဈေးဆွဲခြင်းကိုပင် မချသေးဘဲ ကျွန်တော့်အား နှုတ်ဆက်စကားဆိုပါသည်။

**"နေထိုင်မှုစရိတ် မြင့်မားသည့် ကမ္ဘာ့မြို့ပြများစာရင်းတွင် မပါဝင်သေးသော်ငြား ရန်ကုန်မြို့၏ နေထိုင်စားသောက်မှုစရိတ်က တစ်စတစ်စမြင့်တက်လာပါသည်၊ ချက်ရေးပြုတ်ရေး၊ စားရေးသောက်ရေးကိစ္စကို နိစ္စဓူဝဆောင်ရွက်နေရသည့် အိမ်ရှင်မများအဖို့ ပို၍ခေါင်းခဲချင်"**

"ယူသွားတဲ့ တစ်သောင်းက နှစ်ရက်စာ ကွက်တိပဲ၊ ကုန်ပြီ"

ဩော်- ကျွန်တော် ဘာများ တတ်နိုင်ဦးမှာလဲ။

သို့နှင့် ဆူပါဆန်းဒေးအားလပ်ရက်တစ်ရက်တွင် ရပ်ကွက်ဈေးသို့ ကျွန်တော်ကိုယ်တိုင်သွားဖြစ်သည်။ ရည်ရွယ်ချက်က ဈေးဖိုးနည်းနည်းဖြင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်စားသောက်နိုင်ရေးဖြစ်သည်။ သို့သော် ရပ်ကွက်ဈေး တစ်ပတ်ပင်လည်ခဲ့ပြီ။ ယနေ့ဟင်းလျာအတွက် ဘာမျှမဝယ်ရသေး။ သားဈေး ငါးဈေးများကို တစ်ဆိုင်ပြီးတစ်ဆိုင် မေးနေရ၍ဖြစ်သည်။ ဘယ်ဆိုင်သွားမေးမေး၊ ဈေးနှုန်းက မကွာလှ။

မွေးမြူရေးကြက် တစ်ပိဿာ ခြောက်ထောင်ဝန်းကျင်၊ ဗမာကြက်က တစ်ပိဿာတစ်သောင်း၊ ဝက်သား(သုံးထပ်သား) တစ်ပိဿာ ရှစ်ထောင်ဈေး၊ ဝက်သား(ပေါင်သား)က တစ်ပိဿာ တစ်သောင်း၊ ဆိတ်သားက တစ်ပိဿာ တစ်သောင်းခြောက်ထောင်၊ ငါးကြင်းကလည်း တစ်ပိဿာ တစ်သောင်းဝန်းကျင်၊ ငါးမြစ်ချင်းက ခြောက်ထောင်၊ ငါးသလောက်အသေးက တစ်ကောင်ကို တစ်ထောင်ဝန်းကျင်၊ ငါးသလောက်(အကောင်ကြီး)က တစ်ပိဿာ ငွေကျပ် တစ်သောင်းရှစ်ထောင်၊ ငါးကျည်း၊ ငါးခူက ငွေကျပ် တစ်သောင်းဝန်းကျင်၊ ဆန်ချောက တစ်ပြည်ကို ငွေကျပ် တစ်ထောင့်ရှစ်ရာမှ နှစ်ထောင်ကျော်၊ စားအုန်းဆီက တစ်ပိဿာ နှစ်ထောင့်နှစ်ရာ၊ ပဲဆီ တစ်ပိဿာက ငွေကျပ် ခြောက်ထောင်ဝန်းကျင်၊ ဟင်းသီးဟင်းရွက်ဆီက တစ်ပိဿာ သုံးထောင့်ငါးရာ၊ ဟင်းသီးဟင်းရွက် ဈေးများကလည်း မသေးလှ။

တရုတ်ကန်စွန်းရွက် တစ်စည်း သုံးရာဖြစ်နေချေပြီ။

သို့နှင့် နောက်ဆုံး ဈေးကွဲချိန်ကာနီးမှ ဘဲဥ အကြီးတစ်လုံးကို နှစ်ရာနှုန်းဖြင့် တစ်ထောင်ဖိုး ငါးလုံးဝယ်ယူဖြစ်တော့သည်။

× × ×

စာဖတ်သူမိတ်ဆွေ သင်မယုံလျှင် ရပ်ကွက်ဈေးသို့ ရက်သတ္တပတ်ခန့် ကိုယ်တိုင်ကွင်းဆင်း ဝယ်ကြည့်ပါလေ။

ကနဦး သင်စဉ်းစားရမည့်ကိစ္စက ယနေ့ ချက်ပြုတ်ရမည့် Menu ခေါ် စားသောက်ဖွယ်စာရင်းဖြစ်သည်။ လေး၊ ငါး၊ ခြောက်ရက်ခန့်ကြာလျှင် ဈေးအစ ဈေးအဆုံးကို ဘာမျှမဝယ်ရသေးဘဲ သင်တစ်ပတ်ပတ်မိပါလိမ့်မည်။

ဒုတိယသင်စဉ်းစားရမည့်ကိစ္စက သင့်မိသားစုစားချင်သည့်ဟင်းလျာနှင့် သင့်အိတ်ကပ်ထဲက ဈေးဖိုးငွေလောက်ငမှုရှိ၊ မရှိ ပေသီးခေါက်တွက်ချက်ရခြင်း ဖြစ်ပါလိမ့်မည်။

ဤသည်ကား ယနေ့ရန်ကုန်ဈေးဝယ်လမ်းညွှန်သာဖြစ်ပါတော့သည်။ ။

# သတ်မှတ်ဈေးသည်နှင့် စည်းကမ်းမဲ့ ဈေးသည်

## ဘယ်သူပြိုင်လို့ ရောင်းပါတော့နိုင်



သန်းထိုက်(လှိုင်သာယာ)
ဓာတ်ပုံ - သန်းစိုး

**လှိုင်**သာယာ အမှတ်(၂၀)ရပ်ကွက် အနော်ရထာကားလမ်းမကြီးပေါ်ရှိ (၈၆)ဂိတ်ဟောင်းအနီး ရွှေမင်းဝံပျံကျဈေးသည်များအား ဌာနဆိုင်ရာအဖွဲ့ပေါင်းစုံမှ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်သော်လည်း အနော်ရထာကားလမ်းပေါ်တွင်ဈေးသည်များပြန်လည်ရောင်းချစည်ကားနေသည့်တွက် ယာဉ်အန္တရာယ်စိုးရိမ်နေကြရသည့်အပြင်(၂၀)ဈေးအတွင်း ဈေးသည်များလမ်းပေါ်ပြန်လည်ရောင်းချကြသည့်အတွက် စည်းကမ်းလိုက်နာသောဈေးအတွင်းမှ ဈေးသည်များ အရောင်းအဝယ်ပါးညည်းတွားနေသည်မှာ သုံးလကျော်ပြီဖြစ်ကြောင်း သိရသည်။

"(၂၀)ဈေးရုံမှာ ဈေးရုံ ခြောက်ရုံရှိတယ်။ အနော်ရထာကားလမ်းပေါ်က ဈေးသည်တွေကို နေရာပေးမဲ့နိုက်ပြီး ရောင်းချခွင့်ပေးခဲ့လို့ဈေးရုံမှာ အရောင်းအဝယ်ကောင်းခဲ့တယ်၊ အခုလမ်းပေါ်ဈေးသည်တွေ ပြန်ထွက်နေတာ သုံးလကျော်ပြီ၊ ဈေးထဲက ဈေးသည်တွေလည်း လမ်းပေါ်မှာလည်း ရောင်းတယ်၊ ဈေးထဲက ဈေးဆိုင်မှာလည်း ရောင်းတယ်၊ စည်းကမ်းလိုက်နာပြီး အပြင်မရောင်းတဲ့ဈေးသည်တွေ အရင်းပြုတ်သူပြုတ်ဖြစ်နေကြပြီ၊ စည်းကမ်းဖောက် ဈေးသည်တွေများလာတော့ ဈေးရုံက ပျက်သလိုဖြစ်နေပြီ"ဟု ကုန်စိမ်းသည်တစ်ဦးက ရင်ဖွင့်ပြောကြားသည်။



ဈေးရုံအတွင်းရှိ ဆိုင်ခန်းနှင့် ပျံကျနေရာပေးထားသောအထည်၊ ကုန်စိမ်း၊ ကုန်ခြောက်၊ သား၊ ငါးဈေးသည်များ သတ်မှတ် နေရာပေးထားသော အမှတ်(၂၀)ဈေးအတွင်း ရောင်းချမှုမရှိဘဲ ဈေးအပြင် ယခင် ကားလမ်းမ လမ်းပေါ်တွင် ပြန်လည်ရောင်းချနေခြင်း၊ ဈေးအတွင်း ရောင်းချသူအချို့ကလည်း မိမိသတ်မှတ်ဈေးဆိုင်နေရာတွင် ရောင်းချခြင်းမရှိဘဲ ဈေးအဝင်လမ်း ကွန်ကရစ် လူသွားလမ်းပေါ်တွင် ထွက်၍ရောင်းချကြသောကြောင့် ဈေးဝယ်များ ဈေရုံအတွင်း ဝင်ရောက်မှုမရှိကြတော့ဘဲ ဈေးအတွင်း လူသွားလမ်းပေါ် ရောင်းချသည့် ဈေးသည်များထံမှ ဝယ်ယူနေကျ၍ ဈေးရုံအတွင်း ရောင်းချသောဈေးသည်များ အခက်အခဲရင်ဆိုင်နေရသည်မှာ သုံးလကျော်ပြီဖြစ်ကြောင်း သိရသည်။

"ဘယ်လိုပြန်ဖြစ်နေလဲဆိုတော့ ကားလမ်းပေါ်မှာ ဈေးပွဲတော်လို ပြန်ပြီးစည်နေတယ်၊ စည်းကမ်းမဲ့ဈေးသည်ကို အရေးယူဆောင်ရွက်မှု အားနည်းတယ်၊ ချဉ်ပေါင်ရွက်သိမ်း၊ ကန်စွန်းရွက် သိမ်းတာလောက်ကို လမ်းပေါ် ဈေးသည်က မမှုဘူး၊ ရဲစခန်းကို ဖမ်းခေါ်ရမှာ၊ နေ့ပိုင်းတင် မဟုတ်ဘူး၊ ညဈေးကြီးပါ ပြန်ထွက်နေတော့ ဘယ်သူများ ကားတိုက်ခံရတယ် ကြားရမလဲဆိုပြီး နေ့စဉ် ရင်တမမ ဖြစ်နေရတယ်၊ ကားဘရိတ်ပေါက်ပြီး ဈေးသည်တန်းကို ဝင်တိုက်သွားမလားဆိုပြီး ရင်လေးနေရတယ်၊ လမ်းပေါ်ဈေးသည်တွေကြောင့် ဆိုင်ကယ်နဲ့ကား ငြိပြီး ရိုက်နှက်မှုတွေလည်း ပြန်ဖြစ်လာတယ်၊ ကားလမ်းတစ်ဝက်ပိတ်ပြီး ဈေးရောင်းနေတဲ့ ဈေးသည်တွေကို (၂၀)ဈေးဆောက်ပြီး နေရာပေးထားပေမယ့် လမ်းပေါ်ပြန်ရောင်းတာကို ထိရောက်တဲ့အရေးယူမှု မရှိသရွေ့ ရပ်ကွက်အေးချမ်းရေးကို ထိခိုက်နေမှာပဲ"ဟု အမှတ် (၂၀) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြီးရွှေက ပြောသည်။

အဆိုပါ အနော်ရထာလမ်းမကြီးပေါ်မှ ဈေးသည်များကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ရှင်းလင်းဆောင်ရွက်၍ အမှတ်(၂၀) ဈေးရုံကြီးကို တည်ဆောက်ကာ ဆိုင်ခန်းနှင့် ပျံကျဆိုင်များ တိုးချဲ့ချထားပေးပြီး ဖြစ်သော်လည်း ဈေးအပြင်ထွက်၍ ကားလမ်းပေါ်တွင် ဈေးသည်အချို့ ပြန်လည်ရောင်းချမှု ယခုထက်များလာပါက ဈေးအတွင်း စည်းကမ်းလိုက်နာ ရောင်းချလျက်ရှိသည့် ဈေးသည်တို့၏ မိသားစု လူမှုစီးပွားရေး ပို၍ ထိခိုက်လာနိုင်ကြောင်း ထိုဈေးအတွင်းရှိ ဈေးသည်များထံမှ သိရသည်။

သို့ပါ၍ ဈေးသည်များအနေဖြင့် သတ်မှတ်နေရာပေးထားပါက စည်းကမ်းတကျ ရောင်းစေချင်သလို တာဝန်ရှိသူများကလည်း စည်းကမ်းမဲ့ ရောင်းချမှုများကို ထိန်းသိမ်းပေးနိုင်ပါက သူပြိုင်ကိုယ်ပြိုင် ရောင်းစရာမလိုတော့ဟု ထင်မြင်မိပါကြောင်း... ။ ။

## တစ်ပတ်အတွင်း ကားဈေးကွက်



### တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|
| Alphard | ၂၀၀၂ | ရန်ကုန် | 3000 cc | ၃၉၀ |
| Fit Shuttle | ၂၀၁၃ | မန္တလေး | 1300 cc | ၂၇၀ |
| Crown | ၂၀၀၄ | ရန်ကုန် | 3000 cc | ၃၆၅ |
| Kluger | ၂၀၀၃ | ရန်ကုန် | 2400 cc | ၃၄၀ |
| Honda Inside | ၂၀၀၉ | ရန်ကုန် | 1300 cc | ၂၁၀ |
| CRV | ၂၀၁၂ | ရန်ကုန်(စတိ) | 2000 cc | ၃၈၀ |
| AD Van | ၂၀၀၉ | ရန်ကုန် | 1500 cc | ၁၄၀ |
| Noah | ၂၀၀၈ | ရန်ကုန် | 2000 cc | ၃၄၁ |
| Swift | ၂၀၁၂ | မန္တလေး | 1300 cc | ၁၈၀ |
| Harrier | ၂၀၀၃ | ရန်ကုန် | 3000 cc | ၄၇၅ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

# ကားပိုင်ဆိုင်ဖို့ အလှမ်းဝေးနေဆဲ ရန်ကုန်ကားဈေးကွက်

● မင်းသော်

**တစ်ပတ်အတွင်း** ရန်ကုန် ကားဈေးကွက်အတွင်း အရောင်းအဝယ် အေးနေဆဲဖြစ်ပြီး ဈေးနှုန်းများမှာမူ မြင့်တက်နေကြောင်း ကားလောကအသိုင်းအဝိုင်းမှ သိရှိရသည်။

ကားဝယ်ရောင်းသမားများမှလွဲ၍ ကားပိုင်ရှင်အများစုမှာ ဈေးနှုန်း ငြိမ်သက်နေခြင်းကြောင့် အရောင်းအဝယ် ပြုလုပ်ရန် စိတ်မဝင်စားကြဟု ဈေးကွက်အတွင်းမှ သိရသည်။

သို့သော် လက်ရှိ ထွက်ပေါ်နေသည့် သတင်းများအရ ၂၀၁၈ ခုနှစ် နောက်ပိုင်းမှစ၍ စလစ်ကပ်တင်သွင်းသည့် စနစ်မှအပြီးတိုင် ရပ်ဆိုင်းသွားဖွယ်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်မှ စတင်၍ ရောက်ရှိ မော်ဒယ် သုံးနှစ်အတွင်း မော်တော်ယာဉ်များကိုသာ တင်သွင်းခွင့်ရမည်ဖြစ်ကြောင်း သိရှိရသဖြင့် မော်တော်ယာဉ်ရောင်းချသူအများစုက လက်ရှိအချိန်သည် မော်တော်ယာဉ် အရောင်းအဝယ်လုပ်ငန်းထက် မော်တော် ယာဉ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သင့်သည့်အချိန်ပင်ဖြစ်ကြောင်း သုံးသပ်ကြသည်။

လက်ရှိတွင် ငွေကျပ် သိန်း၁၂၀ မှ ၁၈၀ ကြား တန်ဖိုးရှိ အင်ဂျင်ပါဝါနိမ့် ကားများ အရောင်းအဝယ် အနည်းငယ်ရှိသော်လည်း

> **လက်ရှိ ထွက်ပေါ်နေသည့် သတင်းများအရ ၂၀၁၈ ခုနှစ် နောက်ပိုင်းမှစ၍ စလစ်ကပ်တင်သွင်းသည့် စနစ်မှ အပြီးတိုင် ရပ်ဆိုင်းသွားဖွယ်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်မှ စတင်၍ ရောက်ရှိ မော်ဒယ် သုံးနှစ်အတွင်း မော်တော်ယာဉ်များကိုသာ တင်သွင်းခွင့်ရမည်ဖြစ်ကြောင်း သိရှိရ**

ကြိုက်ရောင်း၊ ကြိုက်ဝယ်သာ ဖြစ်နေကြောင်း၊ တက်ဈေးတွင် ဈေးနှုန်းငြိမ်သက်နေသည့်အတွက် အရောင်းအဝယ် မရှိသလောက် နည်းပါးနေရကြောင်း သိရသည်။

ထို့ပြင် စလစ်ဖြင့် ပါမစ်လျှောက်ကြသူများတွင် အမှန်တကယ် လျှောက်ထားသူမှာ ၅၀၀ ကျော်သာရှိပြီး ဝယ်ယူခွင့် ပါမစ်လျှောက်ရန်ရှိသည့် မော်တော်ကားအစီးရေမှာ ၁၂၀၀ နီးပါးရှိကြောင်း၊ မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ သိရှိရသည်။

ယခုရက်ပိုင်းအတွင်း စလစ်ကပ် ကားဟောင်းများ အတွင်းမှ Land Crusier၊ Mark II ၊ Crown စသည့် အင်ဂျင်ပါဝါမြင့် ကားအမျိုးအစားများလည်း အမေးရှိကြောင်း၊ သို့သော် နယ်လိုင်စင် မော်တော်ကားများမှာ အရောင်းအဝယ် မရှိသလောက်ဖြစ်ကြောင်း၊ အင်ဂျင်ပါဝါနိမ့် အိမ်သုံးကားများ ဖြစ်သည့် ၆၆၀ စီစီ မော်တော်ကားများမှာမူ အခြားကားများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်မှု မြန်ဆန်နေပြီး အရောင်းအဝယ် ပုံမှန်သာ ရှိနေသည်။

ယခုတစ်ပတ်အတွင်း စလစ် ဈေးနှုန်းများမှာ အထက်ဈေးဖြင့် ဆက်လက်၍ အရောင်းအဝယ် ငြိမ်သက်လျက်ရှိသည်။ သက်တမ်း နှစ် ၂၀ စလစ်အပ် ကားများမှာ ငွေကျပ် ၁၃၅ သိန်းဝန်းကျင်တွင် ရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ် ဖြစ်မှုမှာ ပြီးခဲ့သည့် တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့်ကျဆင်းကြောင်း သိရသည်။



အချုပ်ပို (က) မှ

ပြီးခဲ့သည့် အောက်တိုဘာ၃ ရက်က ကျင်းပခဲ့သော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် သဃ်န်းကျွန်း လွှတ်တော်ကိုယ်စားလှယ် ဦးနေအုန်းလတ်က "အချို့လမ်းများတွင် လမ်းဖြတ်ကူးသူများ အန္တရာယ်ကင်းရှင်းစွာ လမ်းဖြတ်ကူးနိုင်ရေး၊ အချက်ပြမီးပွိုင့်များပါဝင်သော လူကူးမျဉ်းကျားများ ထားရှိပြီး ယာဉ်မောင်းသူများကလည်း မျဉ်းကျား၌ ရပ်ပေးရန်၊ မလိုက်နာသော ယာဉ်မောင်းများအား အရေးယူမှု ပြုလုပ်ရန် အစီစဉ်ရှိ/မရှိ" မေးမြန်းခဲ့ဖူးသည်။

ရန်ကုန်မြို့ပြတွင် အချို့လမ်းများသည် ကျယ်ဝန်းသည့် လမ်းမများဖြစ်ရာ လူကူးခုံးကျော်တံတားများ တည်ဆောက်ကာ ယာဉ်အန္တရာယ်မှ ကင်းဝေးရန် ဆောင်ရွက်ပေးထားသည်။ သို့သော် လူအချို့က တံတားပေါ်မှ မဖြတ်ဘဲ တံတားအောက် ကားလမ်းပေါ်မှ စည်းကမ်းမဲ့ဖြတ်သန်းနေရာ စည်းကမ်းတကျ လိုက်နာရန် လိုအပ်နေပြန်သည်။ ရန်ကုန်မြို့ပြ၏ အချို့လမ်းမများတွင် ခုံးကျော်တံတား လိုအပ်သလို အချို့လမ်းများတွင် လူကူးမျဉ်းကျား လိုအပ်သည်က အမှန်ပင်ဖြစ်သည်။

ထင်ရှားပီပြင်ပြီး ယာဉ်မောင်းသူများ အဝေးကပင် လှမ်းမြင်နိုင်သော လူကူးမျဉ်းကျားများနှင့် မျဉ်းဝါများ၊ အဖြူ၊ အနီ၊ အမှတ်အသားများ ဖြစ်ရန်လည်း လိုအပ်ပေသည်။ ယာဉ်မောင်းသူများ နေ့ညအချိန်မရွေး မြင်တွေ့ သတိပြုမိရန် မျဉ်းကျားများ ရေးဆွဲကာ ယာဉ်မောင်းများ လိုက်နာရန် ဆောင်ရွက်ရမည်ဖြစ်သည်။

ယာဉ်မောင်းသူများ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း လိုက်နာနိုင်ရန်အတွက် လိုင်စင်ဖြေဆိုရာတွင် လူကူးမျဉ်းကျားတွင် မရပ်ပေးသည့် ယာဉ်မောင်းများကို လိုင်စင်ရယူအောင်မြင်မှုမပေးရန် ကြပ်မတ်သင့်သည်။ နိုင်ငံတကာတွင် ယာဉ်မောင်းများ အနေဖြင့် လူကူးမျဉ်းကျားတွင် မဖြစ်မနေ အရှိန်လျှော့မောင်းခြင်း၊ လူဖြတ်ကူးနေပါက လုံးဝကားရပ်ပေးထားခြင်းများကို စာနှင့်တကျ လိုက်နာနေကြသည်မှာ အတုယူဖွယ်ဖြစ်သည်။

ယာဉ်မောင်းသူများအနေဖြင့် တစ်ဦးချင်းစီတွင် ကိုယ်ချင်းစာနာစိတ်၊ စည်းကမ်းလိုက်နာစိတ်များ ကိန်းအောင်းကာ စည်းကမ်းတကျမောင်းနှင်ရန်လိုအပ်နေပြီဖြစ်သည်။ မြို့ပြရန်ကုန်တစ်ခွင်တွင် နေ့စဉ် လူရောကားပါ အစီးရေပေါင်းများစွာ၊ လူဦးရေပေါင်းများစွာ သွားလာလှုပ်ရှားနေကြသည်ဖြစ်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာခြင်းဖြင့် ရန်ကုန်မြို့ပြအလှကို ထပ်ဆင့်ပုံဖော်နိုင်လျှင် ကောင်းမည်ဖြစ်ပါသည်။ ။

> **"ရန်ကုန်မြို့ပြတွင် အချို့လမ်းများသည် ကျယ်ဝန်းသည့် လမ်းမများဖြစ်ရာ လူကူးခုံးကျော်တံတားများ တည်ဆောက်ကာ ယာဉ်အန္တရာယ်မှ ကင်းဝေးရန် ဆောင်ရွက်ပေးထားသည်။ သို့သော် လူအချို့က တံတားပေါ်မှ မဖြတ်ဘဲ တံတားအောက် ကားလမ်းပေါ်မှ စည်းကမ်းမဲ့ ဖြတ်သန်းနေရာ စည်းကမ်းတကျ လိုက်နာရန် လိုအပ်နေ"**